# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကောင်းမှုပြုလျှင် မြတ်၏**

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)


၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၉၁)


# စာကြည့်တိုက်ယဉ်ကျေးမှုနှင့် စာကြည့်တိုက်သို့သွားသည့် အလေ့အထထူထောင်ရမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အတွင်း ခင်းကျင်းထားသော စာအုပ်စာတမ်းများအား ကြည့်ရှုစဉ် (သတင်းစဉ်)

**ရန်ကုန် ဇူလိုင် ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ ရန်ကုန် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ဒုတိယပါမောက္ခချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များနှင့် တွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

**“သမိုင်းကိုလေ့လာခြင်းသည် နိုင်ငံရေးကိုလေ့လာခြင်းဖြစ်ပြီး မိမိတို့၏ လူမှုအသိုက်အဝန်း၊ ကမ္ဘာနှင့် လူသားများအကြောင်းကို လေ့လာခြင်း ဖြစ်၍ သမိုင်း၏အနှစ်သာရကို နားလည်ရန်လို”**

**ပန်းတောင်းမြို့နယ်အတွင်း မြစ်ရေဝင်မှုကြောင့် စာသင်ကျောင်း ၁၀ ကျောင်း ပိတ်ထားရ** စာ »၉

**အိုင်အက်စ်ချေမှုန်းသည့် စစ်ဆင်ရေးများတွင် ရက်ကွာမြို့၏ နယ်မြေ အများအပြားကို ဆီးရီးယားတပ်ဖွဲ့များ ပြန်လည်သိမ်းပိုက်နိုင်ခဲ့** စာ »၁၀




# မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

မွေးမြူရေးလုပ်ငန်းသည် ပြည်သူတို့၏ နေ့စဉ်အာဟာရလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်သာမက မွေးမြူရေးလုပ်ငန်းတို့ ကျယ်ပြန့်အားကောင်းသည်နှင့်အမျှ သား၊ ငါးတို့၏ ဈေးနှုန်းကို ကျဆင်းစေပြီး လူထု၏ လူနေမှုကုန်ကျစရိတ်ကို လျော့ကျသက်သာစေမည်ဖြစ်ပါသည်။ ဤသို့သော ရလဒ်ကောင်းများနှင့်အတူ မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပေးမည်ဖြစ်ပါသည်။ နိုင်ငံတော်ကထုတ်ပြန်သော စာရင်းဇယားတို့ကိုကြည့်ပါက တိုင်းပြည်၏ မွေးမြူရေးလုပ်ငန်းတို့သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်၏ မွေးမြူရေးလုပ်ငန်းများ ယခုထက် ပိုမိုအရှိန်အဟုန်မြှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ပံ့ပိုးထောက်ပံ့မှုများစွာကို ပြုလုပ်ပေးရမည်ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်နှင့် လူထုအတွက် အကျိုးကျေးဇူးများစွာ ဖန်တီးပေးသော်လည်း မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာနေရာဝန်းကျင်ရှိ ပြည်သူတို့အတွက်မူ အနံ့အသက်နှင့်တကွ မနှစ်မြို့ဖွယ်ရာကိစ္စများကို ဖြစ်စေပါသည်။ သို့ဖြစ်၍ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် သီးခြားမြေနေရာသည် မွေးမြူရေးလုပ်ငန်းရှင်တို့အတွက် အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်က မွေးမြူရေးလုပ်ငန်းရှင်တို့အတွက် အဆိုပါ အဓိကလိုအပ်ချက်ဖြစ်သည့် သီးသန့်မြေနေရာ စီစဉ်ပေးမည် ဟူသော ကိစ္စရပ်သည် ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည့် ကိစ္စရပ်ဖြစ်ပါသည်။ ထိုမျှသာမက နိုင်ငံတော်က မွေးမြူရေးလုပ်ငန်းရှင်တို့၏ အခြားသော အဓိကလိုအပ်ချက်များဖြစ်သည့် ချေးငွေနှင့် နည်းပညာ တို့ကိုပါ ပံ့ပိုးကူညီပေးရန် စီစဉ်နေခြင်းသည် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းကောင်းတစ်ရပ်ဖြစ်ပါသည်။

နိုင်ငံတော်က ချမှတ်ထားသော မူဝါဒတို့နှင့်အညီ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က တိုင်းဒေသကြီးမွေးမြူရေးအဖွဲ့ချုပ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးအလိုက် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးမိုဒယ်များ ရေးဆွဲတင်ပြရန် ညွှန်ကြားထားခြင်းသည်။ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နေသည်ကို ညွှန်ပြနေပါသည်။ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ အသားစားနွား၊ နို့စားနွား၊ သိုး၊ ဆိတ်နှင့်ဝက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရေးကို ဆောင်ရွက်မည်ဟူသော ဦးတည်ချက်သည် တိုင်းပြည်၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်နေသည်ဟု ယူဆပါသည်။ အဆိုပါမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရေးကို ဆောင်ရွက်ရာ၌ နိုင်ငံတော်ကလိုအပ်ချက်များကို ပံ့ပိုးကူညီရမည်သာမက လုပ်ငန်းတိုးချဲ့ရေးကို ဟန့်တားပျက်စီးစေသည့် တရားမဝင်လုပ်ရပ်တို့ကို တားဆီးနှိမ်နင်းပေးရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်တင်ပို့ခြင်း၊ တင်သွင်းခြင်းတို့ကို ပြင်းပြင်းထန်ထန်အရေးယူမည်ဟူသော နိုင်ငံတော်၏ကတိကဝတ်သည် အလေးအနက်ထားကြိုဆိုရမည့်ကိစ္စ ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းတို့၏ သဘောသဘာဝသည် ပိုးမွှားရောဂါတို့ကြောင့် လုပ်ငန်းတစ်ခုလုံးပြိုလဲသွားနိုင်ပါသည်။ တစ်နည်းဆိုရသော် မွေးမြူရေးလုပ်ငန်းသည် စွန့်စားမှုကြီးမားသောလုပ်ငန်းမျိုးဖြစ်ပါသည်။ ဤကဲ့သို့သော စွန့်စားမှုကြီးမားသောလုပ်ငန်းမျိုး၌ အာမခံလုပ်ငန်းသည် အသက်သွေးကြော လိုအပ်ချက်ဖြစ်ပါသည်။ သို့ဖြစ်၍ မွေးမြူရေးအာမခံလုပ်ငန်းများ ဖန်တီးပေးမည်ဟူသော နိုင်ငံတော်၏မူဝါဒသည် တိုင်းပြည်၏ လိုအပ်ချက်ကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရှိထားပြီးသော နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ပူးပေါင်းဆောင်ရွက်မှုကို အသေးစိတ်မူဝါဒများ ချမှတ်ရာ၌ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြပါရန် တိုက်တွန်းတင်ပြအပ်ပါသည်။ ။

## သံအမတ်ကြီး ဦးစံလွင်အား ဗာတီကန်မြို့ပြနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သြစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံလွင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဗာတီကန်မြို့ပြနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမောင်ဝေ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၁**

ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်ဝေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် သင်ဖူးမြို့၌ ဘူတန်နိုင်ငံ ဘုရင်မင်းမြတ် ဂျင်မီ ခေဆာ နမ်းဂျဲလ် ဝမ်ချွတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၁၇ ခုနှစ် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ သြဂုတ် ၂ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပြည်တွင်းပြည်ပ သတင်းမီဒီယာများအနေဖြင့် သြဂုတ် ၂ ရက်မှ ၅ ရက်အထိ အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး သြဂုတ် ၁၁ ရက်၌ ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့်ပတ်သက်၍ ညနေပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ဇူလိုင် ၂၇ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံ ဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၂၆ တို့သို့လည်းကောင်း၊ ၂၀၁၇ ခုနှစ် (၅၄) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲစီမံရေးရာ လုပ်ငန်းကော်မတီ ဖုန်း-၀၆၇- ၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကမ္ဘာလုံးဆိုင်ရာ စက်ရုပ်အိုလံပစ်ပြိုင်ပွဲ၌ မြန်မာလူငယ်အဖွဲ့အဆင့် (၆)နေရာရရှိ

**ရန်ကုန် ဇူလိုင် ၂၀**

First Global မှ ကြီးမှူးကျင်းပသော International Robotics Challenge 2017 ကို အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အတွင်း




ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ အသက် ၁၈နှစ်အောက် ကျောင်းသားများ ယှဉ်ပြိုင်ခဲ့ရာ မြန်မာလူငယ်တို့က အဆင့် (၆) နေရာရရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က ရေရှားပါးတဲ့အခါ လိုအပ်မယ့် အသုံးဝင်စက်ရုပ်လေးတစ်ရုပ်ကို ဖန်တီးခဲ့ကြတာပါ။ ကျွန်တော်တို့ အခုလို ယှဉ်ပြိုင်ခွင့်ရတဲ့ အတွေ့အကြုံတွေကိုလည်း ပြန်ရောက်တာနဲ့ သူငယ်ချင်းတွေအားလုံးကို မျှဝေပေးချင်ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့တဲ့အတွက်လည်း အလွန်ပျော်တယ်" ဟု အဖွဲ့ဝင် မောင်ဝေယျာအောင်က ပြောပြသည်။

အဆိုပါ စက်ရုပ်အိုလံပစ်ပြိုင်ပွဲကို ကမ္ဘာအရပ်ရပ်မှ လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အဆိုပါစက်ရုပ်ပြိုင်ပွဲကို USAID ၏ Private Sector Development Activity မှ ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဥရောပသမဂ္ဂမှ ပထမဆွတ်ခူးနိုင်ခဲ့ပြီး ရမှတ်ပွိုင့် ၇၁၆ မှတ်ဖြင့် ဦးဆောင်ခဲ့ကာ ဒုတိယ ပိုလန်၊ တတိယ အမေရိကန်ပြည်ထောင်စု၊ စတုတ္ထ အစ္စရေး၊ ပဉ္စမ ဂျာမနီနှင့် ဆဋ္ဌမအနေဖြင့် မြန်မာအဖွဲ့တို့က အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ခင်ရတနာ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၀-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ .၀ |
| ဥရောပ | တစ်ယူရို | ၁၅၇၄ .၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ .၃၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ .၆၄၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ .၂၅ |
| တရုတ် | တစ်ယွမ် | ၂၀၂ .၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ .၆၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာကြည့်တိုက်အတွင်းထားရှိသည့် ဆရာဇော်ဂျီရုပ်တုအား ကြည့်ရှုစဉ်

✱ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ဖွဲ့စည်းပုံနှင့် စာအုပ်စာတမ်းများ စုဆောင်းထားရှိမှု၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် က ဘာသာရပ်အတွက် စာဖတ်ခြင်းနှင့် စာဖတ်ခြင်း၏ အရသာကို ကြိုက်နှစ်သက်၍ ဖတ်ခြင်းဟူ၍ စာဖတ်ခြင်း နှစ်မျိုးရှိပါကြောင်း၊ စာဖတ်ဝါသနာမပါလျှင် ကမ္ဘာကျဉ်းမြောင်းမည်ဖြစ်ပြီး ဘဝနာသည်ဟု ပြောလိုပါကြောင်း၊ ထို့ကြောင့် ကလေးများ စာဖတ်ဝါသနာပါရန် လိုကြောင်း၊ စာကြည့်တိုက်ယဉ်ကျေးမှုနှင့် စာကြည့်တိုက်သို့သွားသည့် အလေ့အထထူထောင်ရမည်ဖြစ်ပါကြောင်း၊ စာကြည့်တိုက်ယဉ်ကျေးမှုအတွက် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ စာကြည့်တိုက်မှူးများသည် သိက္ခာရှိပြီး လေးစားဖွယ်ကောင်းပါကြောင်း၊ စာကြည့်တိုက်မှူးများအနေဖြင့် စာဖတ်ချင်လာအောင် ဆွဲဆောင်နိုင်ရမည်ဖြစ်ပါကြောင်း၊ စာဖတ်သည့်အလေ့အထနည်းလာပါကြောင်း၊ အကြောင်းအရာတစ်ခုကို အင်တာနက်ဖြင့် Google တွင်ရှာ၍ ဖတ်ခြင်းသည် Google ပြုစုသူ၏အမြင်သာဖြစ်၍ ပြည့်စုံခြင်းမရှိနိုင်ကြောင်း၊ မိမိအနေဖြင့် ကလေးများ အမြင်ကျဉ်းမည်ကို စိတ်ပူမိပါကြောင်း၊ စာအုပ်စာတမ်းကို ချစ်မြတ်နိုးတန်ဖိုးထားစေလိုပါကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းကို ကြည့်မည်ဆိုပါက သမိုင်းဂုဏ်ထူးရသူ နည်းနေသည်ကို တွေ့ရပါကြောင်း၊ သမိုင်းကိုလေ့လာခြင်းသည် နိုင်ငံရေးကိုလေ့လာခြင်းဖြစ်ပြီး မိမိတို့၏လူမှုအသိုက်အဝန်း၊ ကမ္ဘာနှင့် လူသားများအကြောင်းကို လေ့လာခြင်းဖြစ်၍ သမိုင်း၏အနှစ်သာရကို နားလည်ရန်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ပညာရှင် ဒေါက်တာစည်သူ ဦးသော်ကောင်းက အခြေခံပညာကျောင်းများမှစ၍ စာဖတ်သည့်အလေ့အထ မွေးမြူပေးသင့်ပါကြောင်း၊ အဓိကအားနည်းချက်သည် အင်္ဂလိပ်စာဖြစ်၍ စာကြည့်တိုက်မှူးများကလည်း အင်္ဂလိပ်စာကျွမ်းကျင်ရန်လိုအပ်သကဲ့သို့ ကလေးများကိုလည်း အင်္ဂလိပ်စာ ကျွမ်းကျင်ပိုင်နိုင်အောင် ဆောင်ရွက်ပေးရန်လိုပါကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တို့မှ စာကြည့်တိုက်မှူးများက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စာကြည့်တိုက်အတွင်းထားရှိသည့် ဆရာဇော်ဂျီ ရုပ်တုနှင့် ခင်းကျင်းထားသော စာအုပ်စာတမ်းများ၊ e-Library တို့ကို လှည့်လည်ကြည့်ရှုပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကို ဘုရင်ခံ Sir Harcourt Butler က ၁၉၂၇ ခုနှစ်တွင် အုတ်မြစ်ချခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ဟု အမည်ပြောင်းလဲခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ဟူ၍ စာကြည့်တိုက်နှစ်ခု ပြောင်းလဲဖွင့်လှစ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် ဘွဲ့ကြိုဘွဲ့လွန်ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ သုတေသနပြုသူ ပညာရှင်များ၊ ဗဟုသုတရှာဖွေစုဆောင်းလိုသူများအတွက် ဝန်ဆောင်မှုပေးနိုင်ရန် မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ်၊ ကျမ်းစာအုပ်၊ မြန်မာလက်ရေးမူ၊ စာနယ်ဇင်းအမျိုးအစား (ခေါင်းစဉ်)၊ ပေစာ၊ ဘာသာရပ်မျိုးစုံ စာအုပ်စာတမ်းများကို စုဆောင်းထားရှိသည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် မြန်မာ၊ အင်္ဂလိပ်စာအုပ်များ၊ မြန်မာလက်ရေးမူ၊ စာနယ်ဇင်းအမျိုးအစား (ခေါင်းစဉ်)၊ Microfilm၊ ပန်းချီကားချပ်စုံ ပုရပိုက်၊ ကျမ်းစာအုပ်များစသဖြင့် ရှေးဟောင်းစာပေ၊ ပေ၊ ပေပုရပိုက်များနှင့် သမိုင်းအထောက်အထားများ စုဆောင်းထိန်းသိမ်းထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# စစ်မှုထမ်းဟောင်းများစွာအတွက် ပြန်လည်နေရာချထားရေးကို စဉ်းစားလုပ်ဆောင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၀**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်ပျိုး/ မွေးမြူရေး အမှတ်(၁)ရပ်ကွက် စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)အား အထပ်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာများ ဆောက်လုပ်ရန် ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စိုက်ပျိုး/မွေးမြူရေး အမှတ်(၁) ရပ်ကွက် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရသည့် စစ်မှုထမ်းများ အပါအဝင် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသူများ၊ တပ်မတော်အတွင်း စစ်မှုထမ်းသက်ပြည့်အောင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားရယူခဲ့သူများစသည်ဖြင့် စစ်မှုထမ်းဟောင်းများစွာအတွက် ပြန်လည်နေရာချထားရေးကို စဉ်းစားလုပ်ဆောင်ခဲ့ကြောင်း၊ လက်ရှိတွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးစသည့် မြို့ကြီးများတွင် စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်ပြီး နေရာချထားပေးနိုင်ခဲ့ကြောင်း၊ ထို့အတူ တောင်ငူ၊ ပြင်ဦးလွင်၊ လားရှိုး၊ မြစ်ကြီးနား၊ ပုသိမ်၊ မြိတ်၊ ခိုလမ်၊ ဟိုပုံး၊ ကျိုက်ထို၊ မုံရွာ၊ ကျောက်ဖြူ၊ ဘူးသီးတောင်၊ အမ်း၊ ဖာပွန်၊ ထားဝယ် စသည့် မြို့များတွင်လည်း စစ်မှုထမ်းဟောင်း အိမ်ရာစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလေးထောင့်ကန်စစ်မှုထမ်းဟောင်း အိမ်ရာတွင်လည်း အထပ်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ပတ်ဝန်းကျင်နယ်မြေဒေသအတွင်း ဥပဒေနှင့်အညီ နေထိုင် လုပ်ကိုင်ကြစေရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းကူညီလုပ်ဆောင်သွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လျှပ်စစ်သုံးဘီးလှည်းနှင့် ပြင်ဆင်စရိတ်များအား ပေးအပ်သည်။ ယင်းနောက် စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ်တို့က ပုဆိုးများနှင့် စားသောက်ဖွယ်ရာများအား အသီးသီး ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လျှပ်စစ်သုံးဘီးလှည်းနှင့် ပြင်ဆင်စရိတ်များအား ပေးအပ်စဉ်



# မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၀**

မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တို့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီက ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ် စိုးနိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် မီဒီယာများအကြား နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းထုတ်ပြန်မှု လျင်မြန်ချောမွေ့ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအပါအဝင် သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ အထင်ကရနေရာများအားလေ့လာ

**နယူးယောက် ဇူလိုင် ၂၀**

အမေရိကန်နိုင်ငံ၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း၊ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် နယူးယောက်မြို့ရှိ သမိုင်းဝင်အထင်ကရနေရာများ ဖြစ်သော လစ်ဘာတီရုပ်တုနှင့် အဲလစ်ကျွန်းတို့သို့ သွားရောက်လေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဘေးအန္တရာယ်လျှော့ချရေးနှင့် ရေသယံဇာတဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Han Seung-Sooအား ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် နယူးယောက်မြို့ရှိ မြန်မာအဖွဲ့ရုံး၌ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် ဇူလိုင် ၂၀ရက်တွင် ကျင်းပမည့် ရေသယံဇာတနှင့် ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂ အထူးအစည်းအဝေး အစီအစဉ်များ၊ အနာဂတ်တွင် ရေနှင့်ဆက်စပ်သော အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ တက်ကြွစွာ ပါဝင်တက်ရောက်ရေး၊ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ယခုနှစ် ဒီဇင်ဘာ လတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ အမြဲတမ်းကိုယ်စားလှယ်၏ နေအိမ်၌ မြန်မာအဖွဲ့ရုံးဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားပြီးနောက် မြန်မာအဖွဲ့ရုံးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များ နယူးယောက်မြို့ရှိ သမိုင်းဝင် အထင်ကရနေရာများဖြစ်သော လစ်ဘာတီရုပ်တုရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်
(သတင်းစဉ်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဘေးအန္တရာယ်လျှော့ချရေးနှင့် ရေသယံဇာတဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Han Seung-Soo နှင့် တွေ့ဆုံဆွေးနွေးစဉ်
(သတင်းစဉ်)

## မိုးစပါးသီးနှံစိုက်ပျိုးခင်းများသို့ နေပြည်တော်ကောင်စီဝင် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု မိုးစပါး (SRI) ၁၀ ကေစံပြကွက်၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းအုပ်စု ကောက်စိုက်စက်ဖြင့် စိုက်ကေ ၂၀ စံပြကွက်၊ ကေ ၃၀၀၀ ရှိ နယူးရောကုမ္ပဏီနှင့် တောင်သူအကျိုးတူမျိုးစေ့ထုတ်၊ လယ်ဝေးမြို့နယ် ရေအိုးစင်အုပ်စု SRI ငါးကေစိုက်ခင်း၊ RS to CS မျိုးစေ့ထုတ်ကေ ၅၀ စိုက်ခင်းတို့သို့ ဇူလိုင် ၂၀ ရက်က နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းကဏ္ဍတာဝန်ခံ)နှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင်က တောင်သူများနှင့် တွေ့ဆုံရာတွင် ရာသီဥတုပြောင်းလဲမှုနှင့်အတူ ဈေးကွက်ရှိသော သီးနှံများစိုက်ပျိုးရန်၊ မျိုးစေ့ထုတ်စိုက်ကွင်းများ ဖော်ဆောင်ရန်၊ သတင်းအချက်အလက်များ မပြတ်နားစွင့်ရန်လိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ဆည်မြောင်းဦးစီးဌာနအောက်ရှိ ဆင်အုံကန်သို့သွားရောက်၍ ကန်ရေထိန်းသိမ်းမှုနှင့် ပြုပြင်မွမ်းမံရန် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**





## ကော်မရှင်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်း

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ်ဖြစ်သူ မစ္စ ယန်ဟီလီနှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ်ကလည်း ၎င်း၏ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❄ *ကျော့ဖုံးမှ*

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံ မြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခန့်နှင့် သာပေါင်းမြို့၌ ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့၌ ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်၍ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(သတင်းစဉ်)**

## ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)က ကြီးမှူး၍ ပန်းသေပန်းညှိုးရောဂါအကြောင်း သိကောင်းစရာ "Erectile Dysfunction" ခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက်တွင် အမှတ် ၂၉၄ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ယင်းဟောပြောပွဲတွင် ပါမောက္ခဘုန်းမြင့်၊ ပါမောက္ခ/ဌာနမှူး၊ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်မှုပညာဌာန ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ဗထူး**

# သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော် စက်ရေတွင်းအလှူ လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံ ကြီး၊ စက်ရေတွင်းအလှူ လွှဲပြောင်း လက်ခံခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဥတ္တရသီရိ မြို့နယ်ရှိ အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက စက်ရေတွင်း လှူဒါန်းရခြင်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် ကျန်းမာရေးနှင့် ပညာ ရေးကဏ္ဍကို ပိုမိုတိုးတက်ကောင်းမွန်စေ ရန် အထူးအလေးထား ဆောင်ရွက်လျက် ရှိရာ လွှတ်တော်များမှလည်း တစ်ဖက် တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် လာရောက်ကုသမှု ခံယူနေကြသူအများ စုမှာ အခြေခံလူတန်းစား ပြည်သူများ ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်သူ့ဆေးရုံ များတွင် ဆေးနှင့်ဆေးပစ္စည်းများ ပြည့်စုံ ပြီး လူနာများအား ဆက်ဆံရေးကောင်း မွန်စွာဖြင့် ထိရောက်သော ကုသမှုများ ရှိလာသောကြောင့် ပြည်သူလူထုက ပိုမိုအားကိုးလာကြခြင်းလည်း ဖြစ်ပါ ကြောင်း၊ ဤဆေးရုံ၏ လိုအပ်ချက်ဖြစ် သော ရေအခက်အခဲကို ဖြည့်ဆည်းပေး ခွင့်ရသည့်အတွက် ဆေးရုံလုပ်ငန်းများ လုပ်ဆောင်ရာတွင်လည်းကောင်း၊ ဆေးရုံ တက်လူနာများ ရေသုံးစွဲမှုအတွက် လည်း ကောင်း အဆင်ပြေချောမွေ့သွားမည် ဖြစ်၍ ဝမ်းမြောက်မိပါကြောင်း ပြောကြား သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးတို့သည် စက်ရေတွင်းလွှဲပြောင်း လက်ခံခြင်းမှတ်တမ်းကို လက်မှတ်ရေး ထိုးကြပြီး ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်သည်။

ဆက်လက်ပြီး စက်ရေတွင်းလှူဒါန်း သော အလှူရှင်များနှင့် ပါဝင်ကူညီသူ များကို ဗဟိုအဆင့် ဆေးရုံကြီးများ ကြီးကြပ်ကွပ်ကဲရေးမှူး ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါက်တာ ယဉ်သန္တာလွင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာခင်ပြုံးကြည် တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ စက်ရေတွင်းနှင့် ရေကန်ကို ကြည့်ရှုစဉ်

ကြပြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင် စကားပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် စက်ရေတွင်း၊ ရေကန်နှင့် ရေတင်စက်ရုံ တို့ကို ကြည့်ရှုကြသည်။

သားဖွားမီးယပ် ရောဂါအထူးကု ဆေးရုံကြီးအတွက် အမျိုးသားလွှတ်တော် ရုံးမှ စက်ရေတွင်းအားလည်းကောင်း၊ စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုးတင့် မိသားစုမှ အုတ်ရေကန်၊ ရေတင်စက်ရုံနှင့် လေမှုတ်စက်တို့အား လည်းကောင်း လှူဒါန်းခဲ့ပြီး လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန (ရေအရင်း အမြစ်)မှ စက်ရေတွင်းတူးရာတွင် စက်ယန္တရားနှင့် ကျွမ်းကျင်မှုအကူအညီ တို့ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

✻ *ကျောဖုံးမှ*

ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှု ဆောင် အဖွဲ့ဝင်များ၊ ညီနောင်အသင်း အဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် စီးပွားရေးလုပ်ငန်းရှင်များ လစဉ်တွေ့ဆုံခြင်းမှာ အဋ္ဌမအကြိမ်ဖြစ်ပါ ကြောင်း၊ ယခင် (၇)ကြိမ် တွေ့ဆုံခဲ့သည့် အစည်းအဝေးများတွင် စီးပွားရေး လုပ်ငန်းရှင်များမှ အကြံပြုတင်ပြချက် ၁၀၂ ချက်ကို တင်ပြခဲ့ရာ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ စုစည်း၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်ခံ ဝန်ကြီးဌာန စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါ ကြောင်း၊ ပေးပို့လာသည့် အကြံပြုချက် များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များနှင့် လုပ်ငန်းကော်မတီများသို့ ထပ်မံ ပေးပို့ခဲ့ပြီး အဆိုပါအကြံပြုချက် ၁၀၂ ချက်အပေါ်တွင် ပြန်ကြားချက် ၁၀၁ ချက်အား ပြန်ကြားဆောင်ရွက်ပေးခဲ့ပါ ကြောင်း၊ အချို့အချက်များမှာ ပထမ အဆင့် ဖြေကြားချက်ရရှိပြီးသော်လည်း ဒုတိယဆက်နွယ်နေသည့် အချက်များ ရှိနေ၍ ဆက်လက်ဆောင်ရွက်သွားရန် ရှိနေပါကြောင်း၊ ထို့ကြောင့် ထပ်မံရရှိပါ က ဆက်လက်ပြန်ကြားပေးသွားမည် ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစည်းအဝေးကို နှစ်လ တစ်ကြိမ်နှင့် မဏ္ဍိုင်(၅)ရပ်ကို တာဝန်ယူ ထားကြသည့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများ၏ အစည်းအဝေးကို တစ်လ တစ်ကြိမ် ကျင်းပလျက်ရှိပါ ကြောင်း၊ ယခုဆိုလျှင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်း အဝေး လေးကြိမ်နှင့် လုပ်ငန်းကော်မတီ အစည်းအဝေး(၃၃)ကြိမ် ကျင်းပပြီး ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် လည်း ပုဂ္ဂလိကကဏ္ဍ၏ တင်ပြချက်များ အပေါ် လိုအပ်သလို ဆက်လက်ဆောင် ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ တက်ရောက် လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ရရှိသည့် အကြံပြုချက်များကို



ဦးကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ ဆွေးနွေးညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ အချို့အချက် များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် Doing Business အစီရင် ခံစာအရ လုပ်ငန်းကဏ္ဍ(၁၀)ရပ်၏ ညွှန်းကိန်းရမှတ်များအပေါ် နိုင်ငံအလိုက် အဆင့်သတ်မှတ်ရာတွင် အဆင့်ကောင်း မွန်စေရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့ အစည်းများ ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ အဆင့် ကောင်းမှသာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းရှင်များ အနေဖြင့် ပြည်တွင်းရော ပြည်ပမှာပါ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်အောင် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု၊ ပြည်ပရင်းနှီး မြှုပ်နှံမှုနှင့် အသေးစားအလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အနေဖြင့် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ ဆွေးနွေးပွဲသည် ပွင့်လင်း မြင်သာမှုရှိသော ဆွေးနွေးပွဲဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်ရှိတွေ့ကြုံနေသော အခြေအနေအခက်အခဲများ အပေါ် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေး သွားစေလိုပါကြောင်း၊ ကော်မတီအနေ ဖြင့်လည်း အကြံပြုတင်ပြချက်များအပေါ် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းတိုင်း အခက်အခဲရှိမည်ဖြစ်သော် လည်း ကျော်လွှားနိုင်ရန် လိုအပ်ပါ ကြောင်း၊ ပြဿနာတိုင်းတွင် အဖြေရှိပြီး ဖြစ်သော်လည်း အချို့ပြဿနာများမှာ တစ်ကြိမ်တည်းဖြင့် ဆောင်ရွက်၍ မရဘဲ စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းပြီးမှ



ဦးဇော်မင်းဝင်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်း ရှင်များ အသင်းချုပ်)

အဖြေရှာဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်ပါကြောင်း၊ နိုင်ငံတကာဈေးကွက်၊ ပြည်တွင်းဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း ရှိအောင် စဉ်းစားဆောင်ရွက်ရမည်ဖြစ် ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာအောင်သူနှင့် ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တို့က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး အတွက် ကဏ္ဍအလိုက် လုပ်ငန်းဆောင် ရွက်နေမှုအခြေအနေများကို ရှင်းလင်း ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကြံပြုဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာ နိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင် များ အသင်း၊ မြန်မာနိုင်ငံ ပလတ်စတစ် လုပ်ငန်းရှင်များအသင်း၊ ပဲခူးတိုင်းဒေသ ကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

---

# သဘာဝသယံဇာတထုတ်ယူသုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌတို့သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့် အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီ အား ယနေ့တွင် သီးခြားစီလက်ခံတွေ့ဆုံကြသည်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မွန်းလွဲ ၁ နာရီတွင် လည်းကောင်း (ဓာတ်ပုံ)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် လည်း ကောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသည် ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင် ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီအား သီးခြားစီ လက်ခံတွေ့ဆုံကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော် ရာတွင် နိုင်ငံတကာ၌ သတ်မှတ်ထားသည့် သဘာဝပတ်ဝန်းကျင် အပေါ် သက်ရောက်မှု စိစစ်အကဲဖြတ်ခြင်း၊ လူမှုပတ်ဝန်းကျင် အပေါ်သက်ရောက်မှု စိစစ်အကဲဖြတ်ခြင်း သတ်မှတ်ချက်များနှင့် အညီ စီစဉ်ဆောင်ရွက်ထားမှုနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် လူ့အခွင့်အရေးနှင့် လူသားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တွေ့ဆုံစဉ် သဘာဝသယံဇာတ ထုတ်ယူသုံးစွဲရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရေး၊ စီမံကိန်းများကြောင့် ဒေသခံပြည်သူလူထု၏ အသက် မွေးဝမ်းကျောင်းမှု ထိခိုက်ခြင်းမရှိစေရေး ဆောင်ရွက်နေသည့် အစီအမံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တွေ့ဆုံစဉ် မြန်မာ့ကျန်းမာရေးကဏ္ဍ အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း ရေးဆွဲအကောင် အထည်ဖော်မှုနှင့် အလေအလွင့်နည်းသော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# စောင့်လေအာဇာနည်မျိုးနွယ်

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)

မိဘတွေ ကွယ်လွန်ကြတဲ့အခါ ကျန်ရစ်သူ သားသမီးတို့က ရက်ပတ်လည်၊ လပတ်လည်၊ နှစ်ပတ်လည်လို့ သတ်မှတ်ပြီး ဆွမ်းသွတ်အမျှဝေရတာကို တချို့က “မကျွတ်မလွတ်သေးရင် ကျွတ်လွတ်ဖို့”လို့ ထင်နေတတ်ကြတယ်။

မြတ်စွာဘုရားရှင်က အင်္ဂုတ္တိုရ်၊ တိကနိပါတ်၊ နိဝေသကသုတ်မှာ သရဏဂုံ ခိုင်မြဲသူတိုင်းဟာ မကျွတ်မလွတ်တာတို့ ၊ အပါယ်ကျတာတို့ လုံးဝမရှိနိုင်ဘူး (နေတံ ဌာနံ ဝိဇ္ဇတိ)လို့ဆိုပါတယ်။

ဒါဖြင့် ဘာကြောင့် ကုသိုလ်ပြုအမျှဝေရသလဲဆိုတော့ သား သမီးကောင်း ကျင့်ဝတ်ငါးပါးမှာ မိဘများအသက်ရှင်စဉ် ပြုရမှာက “ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ”ဆိုပြီး သုံးခုရှိတယ်။ မိဘများကွယ်လွန်သွားကြတဲ့အခါကျတော့ “လှူမှုဝေ၍၊ စောင့်လေမျိုးနွယ်”ဆိုတဲ့ “ဘဝခြားတာဝန် နှစ်ခု”ကို ဆက်လက်ဆောင်ရွက်နေရပါမယ်ဆိုတဲ့အတိုင်း အခုကုသိုလ်ပြု အမျှအတန်း ပေးဝေကြရတာပါ။ ဒါဟာသားသမီးကောင်းတို့ရဲ့“ဘဝခြားတာဝန်”ကျေဖို့ပါ။

“လှူမှုဝေ၍” ပြီးနောက်ထပ် သားသမီးတို့ရဲ့ “ဘဝခြားတာဝန်”က “စောင့်လေမျိုးနွယ်”တဲ့။ “လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း”နဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတို့ဟာ အမည်သညာကကို “အာဇာနည်”လို့ ထင်ရှားပြီးသား၊ မြန်မာစကားမှာ “စောင့်လေမျိုးနွယ်”နဲ့ဆက်စပ်တဲ့ ဆိုရိုးစကားတစ်ခု ရှိတယ်၊ “ချောင်းရိုး၊မြောင်းရိုးသာ တိမ်ချင် တိမ်ကောစေ လူမျိုး၊ လူရိုးမတိမ်ကောစေနဲ့”တဲ့။

အဲဒီတော့ အာဇာနည်တို့ရဲ့ သားသမီးမှန်ရင် အာဇာနည်လုပ်ရိုးလုပ်စဉ်ကို စဉ်ဆက်မပြတ်အောင်လုပ်ကို လုပ်နေရမှာ၊ မနှစ်ကလည်းနည်းနည်းပြောခဲ့ပါတယ်။ အာဇာနည်ဆိုတာ “မျိုး”ဖြစ်ရုံနဲ့မပြီးသေးဘူး၊ “မျိုးရိုး”ဖြစ်ရမယ်၊ “ရိုး” ဆိုတာ “ချောင်းရိုး၊ မြောင်းရိုး”ဆိုတဲ့ “ရိုး”လို “စဉ်ဆက်မပြတ်” စီးဆင်းနေရမှာပါ။ “အာဇာနည် မျိုးရိုးပီသချင်ရင် အာဇာနည် အလုပ်ကိုတာဝန်အရ စဉ်ဆက်မပြတ် လုပ်ဆောင်နေရမှာ”လို့ ဆိုလိုတာပါပဲ။

ဒီနေရာမှာ “အာဇာနည်တို့ရဲ့မျိုးရိုး”ဆိုတာက အားလုံးသိကြတဲ့အတိုင်း တပ်မတော်ကလည်း ဗိုလ်ချုပ်အောင်ဆန်းကို “တပ်မတော်ရဲ့ဖခင်ကြီး”လို့ သတ်မှတ်ထားကြတာပဲ။ ပြည်သူအားလုံးကလည်း အာဇာနည်ပုဂ္ဂိုလ်အားလုံးကို “နိုင်ငံ့ ဖခင်ကြီးများ”လို့ သတ်မှတ်ထားကြတာပဲဆိုတော့ “စောင့်လေ မျိုးနွယ်” ဆိုတဲ့ တာဝန်ဟာ“အရပ်ဘက်ရော၊ တပ်ဘက်ရော ပြည်ထောင်စုသား ရဟန်းရှင်လူ အားလုံးရဲ့တာဝန်ဖြစ်တယ်”ဆိုတာကိုလည်း ခံယူကြဖို့လိုပါတယ်။ ဆောင်ရွက်ရာမှာတော့ ဝိနည်းစည်း၊ ဥပဒေစည်းများနဲ့အညီပေါ့။

အာဇာနည်မျိုးရိုးနဲ့ဆက်စပ်ပြီး “အာဇာနည်နဲ့ အာဇာနည်တို့ရဲ့တာဝန်” ကိုလည်း နည်းနည်းပြောချင်ပါတယ်။

အာဇာနည်ဆိုတာ “အများရဲ့ဒုက္ခလွတ်မြောက်ရေးကို ကြောင်းကျိုးဆင်ခြင် အထူးသိမြင်တတ်သူ၊ အများကလည်း အထူးသိမှတ်လေးစားထိုက်သူ”လို့ အဓိပ္ပာယ်ရပါတယ်။

ဘုရားအလောင်းကို “အာဇာနည်”လို့ခေါ်ဆိုကြတာဟာ ဒီပင်္ကရာမြတ်စွာဘုရားနဲ့ စတွေ့စဉ် သုမေဓာဘဝက ကိုယ်ကျိုးအတွက်ဆိုရင် ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို ချက်ချင်းရနိုင်တဲ့ အခွင့်အရေးကို စွန့်လွှတ်ပြီး အများဒုက္ခကယ်တင်ရေးလမ်းကို ရွေးခဲ့လို့ပါပဲ။

လူအများအပေါ် အထူးသိတတ်သူများပီပီ လူအများရဲ့ ဆင်းရဲဒုက္ခတွေကိုလည်း ကရုဏာ၊ ဥပါယကောသလ္လ ဉာဏေန- ကရုဏာအပြည့်နည်း၊ ပရိယာယ်ကြွယ်ဝတဲ့ ဉာဏ်ပညာအပြည့်နဲ့ ဖြေရှင်းကူညီပေးတတ်သူတွေဖြစ်ပါတယ်။

အာဇာနည်တို့ရဲ့တာဝန်ဆိုတာ အဲဒီလိုဆင်းရဲဒုက္ခတွေကို ဖြေရှင်းကူညီပေးရေးပဲဖြစ်ပါတယ်။ ကူညီဖြေရှင်းပေးရတဲ့ ဒုက္ခအမျိုးအစားလိုက်ပြီး အာဇာနည်ပုဂ္ဂိုလ်နှစ်မျိုး ကွဲပြားပါတယ်။

လူအများ ကြုံတွေ့နေရတဲ့ ဆင်းရဲဒုက္ခက အခြေခံအားဖြင့် နှစ်မျိုးရှိပါတယ်-

(၁) သံသရာတစ်လျှောက် ကြုံတွေ့ခံစားနေရတဲ့ “သံသရာ့ဒုက္ခ”နဲ့

(၂) ခုလက်ရှိဖြစ်နေဆဲဘဝမှာ ကြုံတွေ့ခံစားနေရတဲ့ “ဘဝဒုက္ခ”တို့ပါ။

(၁) သံသရာ့ဒုက္ခဆိုတာ-

ဒုက္ခသစ္စာမှာ အစဦးဆုံးပြထားတဲ့ “မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စက်လည်”ဒုက္ခပါ။ ဘုရား ဖြစ်ဖြစ်ချင်း ကျူးရင့်တဲ့ “အနေကဇာတိ သံသာရံ.. ဒုက္ခာ ဇာတိ ပုနပ္ပုနံ”အရ ဘဝအထပ်ထပ်မွေးအိုနာသေတွေနဲ့ လည်နေရတာ “သံသရာ” လို့ မြတ်စွာဘုရားရှင် သတ်မှတ်တော်မူခဲ့တဲ့အတိုင်းပါပဲ။

(၂) ဘဝဒုက္ခဆိုတာကတော့-

ဒုက္ခသစ္စာရဲ့ ဒုတိယအတွဲဖြစ်တဲ့ “အပ္ပိယေဟိ သမ္ပယောဂေါ= မကျေနပ်စရာများနဲ့ တွေ့ကြုံနေရခြင်း၊ ပိယေဟိ ဝိပ္ပယောဂေါ =ကျေနပ်စရာများ မတွေ့ကြုံ၊ မပြည့်စုံခြင်း” ဆိုတဲ့ ဒုက္ခနှစ်မျိုးပါ။

နံပါတ်(၁)ဖြစ်တဲ့ မွေး၊ အို၊ နာ၊ သေ သံသရာ့ဒုက္ခက လွတ်မြောက်ချမ်းသာသွားတယ်ဆိုတာ လောကသုံးပါးလုံးက လွတ်မြောက်သွားတဲ့ ချမ်းသာဖြစ်လို့“လောကုတ္တရာချမ်းသာ”လို့ခေါ်ပါတယ်။ ဒီချမ်းသာရောက်အောင် စွမ်းဆောင်ကူညီပေးနိုင်တဲ့ အာဇာနည်ကို “လောကုတ္တရာ အာဇာနည်”လို့ ဆိုရမှာပါ။ အဲဒါကတော့ သဗ္ဗညုဘုရားရှင်များပါပဲ။

နံပါတ်(၂) ဘဝဒုက္ခဆိုတာကိုက လောကီနယ်ဖြစ်တော့-

ဘဝဒုက္ခနှစ်မျိုးက လွတ်မြောက်အောင် စွမ်းဆောင်ကူညီပေးသူကို “လောကီအာဇာနည်” လို့ ဆိုရမှာပေါ့။ အခု လောကက သတ်မှတ်ထားတဲ့ အာဇာနည်တွေဟာ လောကီ အာဇာနည်တွေပါပဲ။



လောကီအာဇာနည်တို့ရဲ့ အဓိကတာဝန်က ကိုယ်နဲ့ဆက်စပ်ရာ လူအပေါင်းရဲ့ ဘဝဒုက္ခနှစ်မျိုး လွတ်မြောက်ရေးပါ။

- ❁ မကျေနပ်စရာများနဲ့ တွေ့ကြုံနေရခြင်း၊
- ❁ ကျေနပ်စရာများ မတွေ့ကြုံ၊ မပြည့်စုံခြင်းတို့က ကင်းလွတ်အောင်ပေါ့။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေဆိုတာလည်း “မြန်မာပြည်သူတွေ သူ့ကျွန်ဘဝနဲ့ မကျေမနပ် ခံစားနေရတဲ့ ဒုက္ခကလွတ်စေဖို့”နဲ့ “တရားမျှတ လွတ်လပ်ခြင်းနဲ့ ခွင့်တူညီမျှ ဝါဒဖြူစင်ခြင်း” ဆိုတဲ့ ကျေနပ်စရာများ ပြည့်စုံရေးအတွက်ပါပဲ။ ဒီနှစ်မျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြလို့“အာဇာနည်” လို့ ခေါ်ရတာပါ။

“အာဇာနည်”ဆိုတာ “တိုင်းပြည်အတွက် အသက်ပေးတယ်” ဆိုရုံနဲ့ မဖြစ်သေးပါဘူး။ ပြည်သူအပေါင်း “မကျေနပ်စရာများက ကင်းလွတ်ရေးနဲ့ ကျေနပ်စရာများ ပြည့်စုံရေး”ဆိုတဲ့ မွန်မြတ်ကြီးမားတဲ့ ရည်ရွယ်ချက်နှစ်ခုလည်း ရှိမှ၊ အသက်ကို ပဓာနမထားဘဲလည်း စွန့်စားအားထုတ်မှသာ“အာဇာနည်”ပါ။

“လူ့အခွင့်အရေးချိုးတဲ့တယ်” ဆိုတဲ့စကားကို မြန်မာပြည်မှာလည်း အတော်ပြောနေကြပါပြီ၊ ဒါပေမယ့် “ဘာတွေ ဘယ်လိုချိုးတဲ့နေသလဲ” လို့ မေးရင်တော့ ရေရေရာရာပြောနိုင်သူနည်းတယ်၊ မြတ်စွာဘုရားရှင်အလိုတော်အရ လူ့အခွင့်အရေး ချိုးတဲ့ခြင်းကတော့ ဒီ “ဘဝဒုက္ခနှစ်မျိုးပါပဲ”တဲ့။

**(၁) မကျေနပ်စရာများနဲ့ တွေ့ကြုံနေရတာရယ်...**

**(၂) ကျေနပ်စရာများ မတွေ့ကြုံ၊ မပြည့်စုံတာရယ်ပေါ့။**

စဉ်းစားကြည့်လိုက်ရင် မကျေနပ်စရာများနဲ့ တွေ့ကြုံနေရသူဟာ

(က) ခံစားချက်အရ “ကြောက်ရွံ့”နေရပါတယ်၊ ကြောက်ရွံ့ရလွန်းတဲ့အခါ-

(ခ) ရိုးသားခွင့်တွေ ဆုံးရှုံးချိုးတဲ့ကုန်ပါတယ်၊ ကြောက်လွန်းတော့ လိမ်ရတော့တာကိုး၊ လိမ်ရပြီဆိုကတည်းက ဘယ်ရိုးသားတော့မလဲ။

လူတိုင်းမှာ “ရိုးသားခွင့်၊ ကြိုးစားခွင့်”ဆိုတာ မွေးရာပါ လူ့အခွင့်အရေးအစစ်ပါ။ ဒါက ကြံဖန်ပြောနေတာ မဟုတ်ပါဘူး။ လူဆိုတာ ကုသိုလ်ကံမျိုးစေ့ (ဗီဇဓာတ်)နဲ့ ဖြစ်လာရတာပါ။

ကုသိုလ်ဆိုတာ-

-အနဝဇ္ဇ= အပြစ်ကင်းခြင်း (ဒါက-ရိုးသားခွင့်ပါ)။

-သုခဝိပါက =ကောင်းကျိုးချမ်းသာပေးခြင်း (ဒါက-ကြိုးစားခွင့်ပါ)။

ဒီနှစ်ခုက လူတိုင်းရဲ့ ပင်ကိုဗီဇဓာတ်ခံလို့ အဘိဓမ္မာကျမ်းများက ဖွင့်ဆိုထားတာပါ။ ဒါကြောင့် “ရိုးသားခွင့်၊ ကြိုးစားခွင့်” ဆုံးရှုံးတာဟာ မွေးရာပါ လူ့အခွင့်အရေး ဆုံးရှုံးတယ်လို့ ဆိုရတာပါ။

ဒီအခွင့်အရေး ပြန်လည်ရရှိရေးဟာ လောကီအာဇာနည်တို့ရဲ့ပထမဦးစားပေး တာဝန်ကြီးပါ။ ရိုးသားခွင့်ရဖို့အတွက်-

(က) ကြောက်ရွံ့ခြင်းကင်းအောင် လုပ်ပေးရပါမယ်။ ကြောက်ရွံ့ခြင်း ကင်းဖို့အတွက်-

(ခ) မကျေနပ်စရာများ မတွေ့မကြုံရအောင် လုပ်ပေးရပါမယ်။

ဒီပြဿနာပြေပျောက်ဖို့ အခြေခံက-

နိုင်ငံတော်သီချင်းမှာ ဝန်ခံထားတဲ့အတိုင်း-

“တရားမျှတ လွတ်လပ်ခြင်း” အပြည့်အဝရကြဖို့ပါ၊ တရားမျှတမှု ရရှိလာတာနဲ့ အမျှ မကျေနပ်စရာများကင်းပြီး ရိုးသားခွင့်တွေ ရရှိသွားမှာပါ။

လူတွေကို ကြောက်ရွံ့ခြင်းကင်းဝေးပြီး ရိုးသားခွင့် အပြည့်အဝရအောင် ကူညီဆောင်ရွက်ပေးခြင်းဟာ-

“သဗ္ဗပါပဿ အကရဏံ= မကောင်းမှုကိုရှောင်” ဆိုတဲ့ သာသနာ့အခြေခံ တည်တံ့အောင် အားထုတ်ခြင်းလည်း မည်ပါတယ်။

နောက်ထပ် ဘဝဒုက္ခတစ်ခုက ကျေနပ်စရာများ မတွေ့ကြုံ၊ မပြည့်စုံရခြင်းပါ။ ကျေနပ်စရာဆိုတဲ့ ဘဝရဲ့လိုအပ်ချက်တွေ ချိုတဲ့လွန်းတဲ့သူဟာ-

(က) ခံစားချက်အရ “မျှော်” နေရပါတယ်၊ မျှော်ရလွန်းတဲ့အခါ-

(ခ) ကြိုးစားခွင့်နဲ့ ယဉ်ကျေးခွင့်တွေ ဆုံးရှုံးကုန်ပါတယ်။ အကြာကြီး စောင့်နေရပြီးမှ ကြုံလာတာမျိုးဆိုတော့ အချိန်ရှိခိုက် လုံ့လစိုက် ကြိုးစားခွင့်လည်း ရှုံးပါတယ်။

ကား၊ ရထားလို မျှော်ရတဲ့အရာမျိုးကျတော့ အိုမင်းသူ၊ မစွမ်းသူတို့ကို ဦးစားပေးတာတွေ ဘာတွေ မစဉ်းစားနိုင်တော့ဘူး၊ သူ့ထက်ငါ လုယက်တက်ရတော့တာဆိုတော့ ဘယ်ယဉ်ကျေးနိုင်တော့မလဲ။

ဒီအခွင့်အရေး ပြန်လည်ရရှိရေးဟာ လောကီအာဇာနည်တို့ရဲ့ ဒုတိယ တာဝန်ကြီးပါပဲ၊ ကြိုးစားခွင့်၊ ယဉ်ကျေးခွင့်ရဖို့အတွက်-

(က) မျှော်ရခြင်းကင်းအောင် လုပ်ပေးရပါမယ်။ မျှော်ရခြင်းလွတ်ကင်း ဖို့ဆိုရင်-

(ခ) လမ်းပန်းဆက်သွယ်ရေးတို့၊ လျှပ်စစ်မီးတို့၊ စက်ရုံ၊ အလုပ်ရုံတို့လို အခြေခံလိုအပ်ချက်တွေကို ပြည့်စုံအောင် လုပ်ပေးရပါမယ်။

တောင်တွင်းကြီး နတ်မီှတောရဆရာတော်ကြီးပြောဖူးတဲ့ စကားတစ်ခု ရှိတယ်။ “သုဂတိ လူ့ဘုံသားစင်စစ်ကြီးဖြစ်ပါလျက် လူ့ဘဝဇာတ်ခုံပေါ်မှာ “အကြောက်နဲ့အမျှော်”ဆိုတဲ့ လင်းတနှစ်ကောင်ကိုပိုက်ပြီးနေရတာလောက် ကျက်သရေမဲ့တာ မရှိဘူး”တဲ့။

ဒီပြဿနာရဲ့အခြေခံက“မေတ္တာ၊ ကရုဏာ ကြီးမားတဲ့ ပညာရှင်တွေ ကင်းဝေးလွန်းခြင်းနဲ့ နိုင်ငံတော်သီချင်းထဲက ဒုတိယအာမခံချက်ဖြစ်တဲ့ “ခွင့်တူညီမျှ ဝါဒဖြူစင်မှု” မရှိသေးခြင်းတို့ကြောင့်ပါ။ တတ်သိပညာရှင်စစ်စစ်တွေ တိုးပွားလာပြီး ခွင့်တူညီမျှ ဝါဒဖြူစင်မှုရှိလာတာနဲ့အမျှ လူတိုင်းအပြည့်အဝကြိုးစားခွင့်နဲ့ ယဉ်ကျေးခွင့်တွေ ရရှိသွားမှာပါ။

လူတိုင်းကို မျှော်ရခြင်းတွေကင်းဝေးပြီး ကြိုးစားခွင့်၊ ယဉ်ကျေးခွင့် အပြည့်အဝရအောင် ကူညီဆောင်ရွက်ပေးခြင်းဟာ-

- ❁ ကုသလဿ ဥပသမ္ပဒါ “ကောင်းမှုဆောင်” ဆိုတဲ့သာသနာနဲ့
- ❁ သစိတ္တပရိယောဒပနံ “ဖြူအောင်စိတ်ကိုထား” ဆိုတဲ့ သာသနာတို့ကို တည်တံ့အောင် အားထုတ်ခြင်းလည်း မည်ပါတယ်။

အားလုံးခြုံလိုက်ရင်တော့-

လူတိုင်းကြောက်ရခြင်းနဲ့ မျှော်နေရခြင်းကင်းဝေးအောင် ဆောင်ရွက်ပေးခြင်းဟာ လူဖြစ်ကျိုး၊ သာသနာကြုံကျိုး နှစ်မျိုးလုံးနပ်အောင် စွမ်းဆောင်နိုင်ခြင်းပါပဲ။ ဒီလိုရရှိဖို့ သက်စွန့်ကြိုးပမ်းစွမ်းဆောင်နိုင်သူများကို“လောကီအာဇာနည်များ”လို့ ဆိုရပါလိမ့်မယ်။

မြန်မာနိုင်ငံအနေအထားအရ ကြည့်မယ်ဆိုရင် အစိုးရခေါင်းဆောင်များနဲ့ အဖွဲ့ဝင်များ၊ တပ်မတော်ခေါင်းဆောင်များနဲ့ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၊ ကျောင်းဆရာ ဆရာမများ၊သာသနာ့ဝန်ထမ်းရှင် ရဟန်းများဟာ အာဇာနည်ဖြစ်ခွင့် ပိုရှိကြပါတယ်။

ပြည်ထောင်စုသားအားလုံးအတွက် အစိုးရနဲ့ တပ်မတော်က ရုပ်ပိုင်းဆိုင်ရာမှာ မကျေနပ်စရာများ ကင်းဝေးအောင်၊ ကျေနပ်စရာများ ပြည့်စုံအောင်၊ ဆရာ ဆရာမများနဲ့ သံဃာတော်တို့က စိတ်ပိုင်းဆိုင်ရာများမှာ မကျေနပ်စရာများ ကင်းဝေးအောင်၊ ကျေနပ်စရာများနဲ့ပြည့်စုံအောင် ပိုမိုဆောင်ရွက်နိုင်စွမ်းရှိကြလို့ပါပဲ၊ မကျေနပ်စရာများကင်းဝေးရေးက “ရိုးသားခွင့်” အတွက်ပါ၊ ကျေနပ်စရာများပြည့်စုံရေးက “ကြိုးစားခွင့်နဲ့ ယဉ်ကျေးခွင့်” အတွက်ပါ။ ဘယ်တာဝန်ကိုပဲထမ်းထမ်း ပြည်သူ့အခွင့်အရေး နှစ်ခုအတွက် သက်စွန့်ကြိုးပမ်းထမ်းရွက်သူ မှန်သမျှ သက်ရှိအာဇာနည်တွေချည်းပါပဲ။

လူတိုင်း

ယုံကြည်ထိုက်သူဖြစ်အောင် ရိုးသားနိုင်ကြပါစေ...။

အားကိုးထိုက်သူဖြစ်အောင် ကြိုးစားနိုင်ကြပါစေ...။

လေးစားထိုက်သူဖြစ်အောင် ဖြူစင်နိုင်ကြပါစေ...။

အားလုံး သက်ရှိအာဇာနည်တွေ ဖြစ်ကြပါစေ...။

**အပ္ပမာဒေန သမ္ပာဒေထ**

**ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)**

**ဇူလိုင်လ (၁၉) ရက် ၂၀၁၇**

**“အာဇာနည်”ဆိုတာ “တိုင်းပြည်အတွက် အသက်ပေးတယ်” ဆိုရုံနဲ့ မဖြစ်သေးပါဘူး။ ပြည်သူအပေါင်း “မကျေနပ်စရာများက ကင်းလွတ်ရေးနဲ့ ကျေနပ်စရာများ ပြည့်စုံရေး” ဆိုတဲ့ မွန်မြတ်ကြီးမားတဲ့ ရည်ရွယ်ချက်နှစ်ခုလည်း ရှိမှ၊ အသက်ကို ပဓာနမထားဘဲလည်း စွန့်စားအားထုတ်မှသာ “အာဇာနည်” ပါ။**

# မာန်အောင်ကျွန်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု အတည်ပြုချက်ရယူခြင်းနှင့် ဥပဒေကြမ်းနှစ်ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်၏ **မာန်အောင်ကျွန်း၏ ပင်လယ်ကမ်းခြေသဘာဝအလှကို အခြေခံသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အားစိုက်ပါဝင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ရခိုင်ပြည်နယ် မာန်အောင်ကျွန်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်သွားရန် လမ်းညွှန်ထားပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မာန်အောင် လေယာဉ်ကွင်းပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လေယာဉ်ကွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဆက်လက်စီစဉ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးဖွံ့ဖြိုးရန်အတွက် GSM မိုဘိုင်းစခန်းတစ်ခု



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကျင်းပစဉ်

ကို မာန်အောင်မြို့နယ် အိုးဝကျေးရွာတွင် တပ်ဆင်လျက်ရှိပါကြောင်း၊ မာန်အောင်ကျွန်း ၂၄ နာရီ ဓာတ်အားရရှိရေးအတွက် မာန်အောင် အမျှားပိုင်ကုမ္ပဏီနှင့် FMI ကုမ္ပဏီတို့ ပူးပေါင်း၍ Solar -2 MW စက်ရုံနှစ်ရုံ တည်ဆောက်ရေးအတွက် ပြည်နယ်အစိုးရထံ တင်ပြဆောင်ရွက်နေပါကြောင်း၊ ထို့ပြင် မာန်အောင်ပြည်သူ့ဆေးရုံတိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ဘဏ်ခွဲတစ်ခုဖွင့်လှစ်၍ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မာန်အောင်ကျွန်း၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း အပါအဝင် မာန်အောင်ကျွန်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရ၊ မာန်အောင်အများပိုင်ကုမ္ပဏီနှင့် ပထမ မြန်မာရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ (FMI)တို့ ပူးပေါင်းပြီး ၂၀၁၆ ခုနှစ်မှစတင်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအဆင့်အနေဖြင့် ပင်မစီမံကိန်းတစ်ခုကို ရေးဆွဲရန်အတွက် Feasibility Study ကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ယခုအခါ လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ ခွင့်ပြုချက်တင်ပြရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ Master Plan နှင့် အသေးစိတ်စီမံကိန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း တင်ပြနိုင်မည်ဟု သိရပါကြောင်း ဖြေကြားသည်။

ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း၏ **ဆောက်လုပ်ရေးပိုင်လမ်းမကြီးတစ်ခုအပေါ် စည်ပင်သာယာရေးအဖွဲ့များက မြို့ဝင်ကြေးကောက်ခံခွင့် ရှိ၊ မရှိနှင့် မြို့နယ်တစ်ခုအတွင်း တစ်လမ်းတည်း အသုံးပြုမှုအတွက် အသုံးပြုခ လေးကြိမ် ပေးဆောင်နေရခြင်းသည် လက်ရှိ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများပေါ်တွင်ရှိသော တိုးဂိတ်များတွင် ယခင်က မြို့ဝင်ကြေးကို ပူးပေါင်းကောက်ခံရန် ခွင့်ပြုခဲ့သော်လည်း ယခုအခါ တိုးဂိတ်များတွင် မြို့ဝင်ကြေး ပူးပေါင်းကောက်ခံခြင်းကို ခွင့်မပြုတော့ဘဲ သီးခြားနေရာမှခွဲ၍ ကောက်ခံစေရန် ညွှန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း။

အသုတ်မြို့ဝင်ကြေး၊ ရေကြည်မြို့ဝင်ကြေးနှင့် ငါးသိုင်းချောင်းမြို့ဝင်ကြေး ကောက်ခံခြင်းတို့သည် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ခြင်းမရှိဘဲ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စည်ပင်သာယာရေးအဖွဲ့မှ လေလံပေး၍ ကောက်ခံနေခြင်းဖြစ်ပါကြောင်း၊ ပုသိမ်-မုံရွာလမ်းမကြီးသည် ရေကြည်မြို့နှင့် ငါးသိုင်းချောင်းမြို့၏ မြို့ပြင်မှဖြတ်သန်းသွားပါကြောင်း၊ မြို့ပြင်မှ ဖြတ်သန်းသွားသော်လည်း ပေးဆောင်နေရသည့် ဖြတ်သန်းခများသည် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၇(ဂ)၊ (ဃ) တို့အရ မြို့တွင်းသို့ ဝင်ရောက်ရပ်နားခြင်း မရှိသည့်အတွက် ဥပဒေနှင့် ညီညွတ်မှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အသုတ်၊ ရေကြည်၊ ငသိုင်းချောင်း မြို့ဝင်ကြေး ကောက်ခံနေမှုများနှင့် ပတ်သက်၍ ၎င်းဂိတ်များကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် လေလံချထားပေးပြီးဖြစ်သဖြင့် ယခုဘဏ္ဍာနှစ်ကုန်အထိသာ ဆက်လက်ကောက်ခံခွင့်ပြုသွားမည်ဖြစ်ပြီး လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ မြို့ဝင်ကြေး ကောက်ခံနေခြင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုတော့မည် မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းနှင့် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီတို့၏ လမ်း၊ တံတားများ တည်ဆောက်ပေးရေး၊ ပြုပြင်ထိန်းသိမ်းပေးရေးနှင့် အဆင့်မြှင့်တင်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာတို့ကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော “တာတမံ ဥပဒေကြမ်း”နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော “အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း” နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက် (သတင်းစဉ်)**

# သဘာဝစိမ်းပြာရေညှိများ မျိုးတုံးပျောက်ကွယ်မှုမရှိရန်အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ပညာရှင်များ၏ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **မင်းတပ်မြို့နယ်နှင့် ကန်ပတ်လက်မြို့နယ်တို့အကြားရှိ ဝိတိုရိယတောင် ပတ်ဝန်းကျင်သည် လောဘသမားနယ်ခံတချို့က ညောင်စေးထောင်၍ ငှက်များ ဖမ်းဆီးခြင်း၊ ကြိုးကွင်းထောင်၍ တောကောင်များ ဖမ်းဆီးခြင်းတို့ကြောင့် ငှက်မျိုးနှင့် တောကောင်မျိုးများ မျိုးတုံးကုန်မည်ဖြစ်သဖြင့် သစ်တောဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပူးပေါင်းစီမံခန့်ခွဲ၍ ဝိတိုရိယတောင်ထိပ်တက်သည့် လမ်းကြောများကို စစ်ဆေးရေးဂိတ်များ ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဝိတိုရိယတောင် ခေါ်နတ်မတောင် အမျိုးသားဥယျာဉ်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ရေရှည်တည်တံ့ရန် ကင်းလှည့်ထိန်းသိမ်းခြင်းနှင့် ဥပဒေစိုးမိုးမှု သက်ရောက်ခြင်း၊ ပညာပေးဟောပြောစည်းရုံးခြင်းနှင့် ခရီးသွားလုပ်ငန်းဖြင့် ဒေသခံပြည်သူများ၏ လူမှုဘဝမြှင့်တင်ခြင်းစသည့် အဓိကလုပ်ငန်းသုံးမျိုးကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားဥယျာဉ်ဝန်ထမ်းများသည် ဒေသခံကျေးရွာများ၊ စာသင်ကျောင်းများသို့ သွားရောက်ပြီး ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဒေသခံများ အကျိုးတိုက်ရိုက်ခံစားနိုင်မည့် တောရိုင်းတိရစ္ဆာန်များအပေါ် အမဲလိုက်သတ်ဖြတ်ခြင်းမပြုဘဲ ၎င်းတို့အသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာရန်အတွက် သစ်တောဦးစီးဌာနသည် ဒေသခံပြည်သူ အခြေခံသည့် မျက်ခုံးဖြူငှက်ပြာခြောက် ထိန်းသိမ်းရေးလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မေးခွန်းပါ အမျိုးသားဥယျာဉ်အတွင်းရှိ ငှက်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ပစ်ခတ်ဖမ်းဆီးခြင်း၊ သစ်ပင်များအား ခုတ်လှဲခြင်းတို့ မဖြစ်ပေါ်ရန် ဝိတိုရိယတောင်ခြေ ၁၀ မိုင် ၄ ဖာလုံတွင် ယခုဘဏ္ဍာနှစ်အတွင်း ကင်းစခန်းတစ်ခု တည်ဆောက်၍ အမျိုးသားဥယျာဉ် ဝန်ထမ်းများ၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းပြီး စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ရန်ပုံငွေနှင့် ဝန်ထမ်းအင်အားရရှိမှုတို့အရ ပူးပေါင်းစစ်ဆေးရေးစခန်းများကို ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မီးတောင်ဟောင်း အင်းအိုင်လေးခုအနက် တွင်းတောင်အင်းအတွင်း၌ နှစ်သန်းပေါင်း ၃၅၀၀ ကျော် ရှင်သန်ခဲ့သည့် ရှေးဦးအပင်စိမ်းပြာရေညှိခေါ် စပီရူလိုင်းနားများ မျိုးတုံးပျောက်ကွယ်လုပြီ ဖြစ်သည့်အတွက် ထိုအခြေအနေကို အမြန်ဆုံးဖော်ထုတ်အရေးယူပြီး နိုင်ငံတော်မှ ကာကွယ်ထိန်းသိမ်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန



ဦးခင်မောင်ချို
ပြည်ထောင်စုဝန်ကြီး



ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၃)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက မြန်မာနိုင်ငံတွင် စိမ်းပြာရေညှိထုတ်လုပ်နိုင်သည့် အင်းကြီး လေးအင်းရှိသည့်အနက် တောင်ပျောက်အင်းနှင့် တွင်းတောင်အင်းတို့မှာ ရေချိုစိမ့်ဝင်မှုကြောင့် ရေ၏ pH Level ကျဆင်းခဲ့ပါကြောင်း၊ ထို့ကြောင့် စက်မှုဝန်ကြီးဌာနနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ ပညာရှင်များပါဝင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း။

ကွင်းဆင်းစစ်ဆေးမှုများအရ ၂၀၁၄ ခုနှစ်တွင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ တွင်းတောင်အင်းအတွင်း ပြင်ပမှ ရေချိုမဝင်ရောက်နိုင်ရေးအတွက် ရေဘုတလင် မြစ်ရေတင်ရေပေးမြောင်း၏ အဓိက Crack Line ၏ စုစုပေါင်း ပေ ၁၀၀၀ ခန့်ကို ကွန်ကရစ်ရေမြောင်း ပြုလုပ်ခဲ့၍ ရေချိုဝင်ရောက်မှု လျော့နည်း၍ မူလအင်း ရေမျက်နှာပြင် ၇၂ လက်မမှ ၄၆ ဒသမ ၂ လက်မအထိ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကျဆင်းလာခဲ့ပြီး စိမ်းပြာရေညှိပြန်လည်မျိုးပွားနိုင်မည့် အခြေအနေကောင်းများ ပေါ်ပေါက်လာခဲ့ပါကြောင်း၊ ရေချိုအဓိက စိမ့်ဝင်နေသည့် အင်းမြောက်ဘက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနမှ သဲအိတ်များဖြင့် ကာရံတားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

အလားတူ စိမ်းပြာရေညှိထွက်ရှိသည့် ရေခါးအင်းသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် မိုးရွာသွန်းမှုများပြားပြီး အင်းဝန်းကျင်ရှိ ကျေးရွာများမှ ရေချိုကန်များ ကျိုးပေါက်၍ အင်းအတွင်းသို့ ရေချိုများနှင့် တီလားဗီးယားငါးများ ဝင်ရောက်ပွားများခြင်းတို့ကြောင့် အင်းရေ၏ pH Level ကျဆင်းခဲ့ပြီး စိမ်းပြာရေညှိ ထုတ်လုပ်နိုင်ခြင်းမရှိ၍ ရေတားတမံများ ထပ်မံတည်ဆောက်၍ ရေချိုဝင်ရောက်ခြင်းအား တားဆီးနိုင်ခဲ့သည့်အတွက် စိမ်းပြာရေညှိများကို စီးပွားဖြစ် ပြန်လည်ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

သဘာဝစိမ်းပြာရေညှိများ မျိုးတုံးပျောက်ကွယ်မှု မရှိရန်အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် ပညာရှင်များ၏ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စိမ်းပြာရေညှိထိန်းသိမ်းခြင်းလုပ်ငန်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။ ***စာမျက်နှာ ၈ သို့***

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောင်းသားများ သမဂ္ဂမှ အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်စိမ်း ဦးဆောင်သည့် ကျောင်းသား ကျောင်းသူ ၁၁၁ ဦးနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ခင်နွယ်အုန်း ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၈၀ စုစုပေါင်း ၂၉၁ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော် အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

# မိုးပိုနေမည်

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ မိုးပိုနေမည်။ **(မိုး/ဇလ)**

# ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Sector Coordination Groups-SCG) များ ဖွဲ့စည်း

နေပြည်တော် ဇူလိုင် ၂၀

**နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီဆိုင်ရာကိစ္စရပ်များအတွက် ညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှုအကူအညီရယူခြင်းနှင့် အသုံးပြုခြင်းတို့ ဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေးနှင့် ထိရောက်စွာဆောင်ရွက်နိုင်ရေးကို ဦးတည်၍ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit - DACU) သည် ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Sector Coordination Groups-SCG) ၁၀ ဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။**

အဆိုပါ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအား ဇွန် ၂၉ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၇)မှ သဘောတူခဲ့ပြီး ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ | ဥက္ကဋ္ဌ |
|---|---|---|
| (၁) | **စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး** ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Agriculture & Rural Development Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | **ပညာရေးနှင့်အသက်မွေးဝမ်းကျောင်း**ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Education & TVET Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |
| (၃) | **လျှပ်စစ်နှင့်စွမ်းအင်**ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Energy & Electric Power Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၄) | **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Environmental Conservation Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝ<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန |
| (၅) | **ကျန်းမာရေး**ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Health Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |
| (၆) | **အလုပ်အကိုင်ဖန်တီးပေးနိုင်မှု**ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Job Creation Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်း<br>ရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၇) | **မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှု** ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Macroeconomic Management Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေး<br>ဝန်ကြီးဌာန |
| (၈) | **အာဟာရပြည့်ဝမှု**ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Nutrition Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |
| (၉) | **လူမှုကာကွယ်ရေးနှင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု** ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Social Protection & Disaster Management Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန |
| (၁၀) | **ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာ** ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>(Transport &ICT Sector Coordination Group) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |

အဆိုပါ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးများကို ပုံမှန်ကျင်းပမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် SCG များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ်များမှကိုယ်စားလှယ်များကို SCG များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရန်နှင့် အစည်းအဝေးများ တက်ရောက်ရန် ဖိတ်ကြားနိုင်ကြောင်း၊ ကဏ္ဍအလိုက် သက်ဆိုင်သည့် နိုင်ငံအချင်းချင်း(Bilateral)နှင့် နိုင်ငံစုံ(Multilateral) ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို SCG အဖွဲ့ဝင်များအဖြစ် ပါဝင်စေရန် ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ INGO များ၊ ပရဟိတအဖွဲ့အစည်းများသည် ၎င်းတို့၏ ကိုယ်စားလှယ်များကို SCG တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အဆိုပြုနိုင်ကြောင်းလည်း သိရသည်။

ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဥက္ကဋ္ဌသည် ကဏ္ဍဆိုင်ရာ စီမံကိန်းများ၊ ဦးစားပေးများရွေးချယ်ကာ ကုန်ကျမည့်ဘဏ္ဍာငွေပမာဏများ တွက်ချက်သတ်မှတ်ထားသည့် စီမံကိန်းများ (Prioritized & costed sector plan) ကို အဖွဲ့ဝင်များထံ ဖြန့်ဝေပေးရမည်ဖြစ်ပြီး စီမံကိန်းသစ်များ ရေးဆွဲရာတွင်လည်းကောင်း၊ ဆောင်ရွက်နေဆဲ စီမံကိန်းအကောင်အထည်ဖော်မှုများ ပိုမိုကောင်းမွန်စေရေးအတွက်လည်းကောင်း SCG အဖွဲ့ဝင်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်မည်ဖြစ်သော်လည်း စီမံကိန်းများ၏ ပိုင်ဆိုင်မှု(ownership)သည် သက်ဆိုင်ရာဝန်ကြီးဌာန(များ)တွင်သာ ရှိစေရမည်ဖြစ်ကြောင်း။

ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအားလုံးအနေဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီတန်ဖိုး၊ လူ့အခွင့်အရေး၊ အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကျား-မတန်းတူညီမျှမှုတို့ကို အထောက်အကူပြုစေရမည်ဖြစ်ပြီး SCG များအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့(DACU)သည် လမ်းညွှန်ချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကာ SCG များအတွက် လမ်းညွှန်ချက်များအား စီးပွားရေးရာကော်မတီမှ သဘောတူပြီးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးခင်မျိုးဝင်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် **မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်း**အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ တင်သွင်းပြီး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမြမင်းဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးဥက္ကာမင်းတို့က စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍများအား ပိုမိုအလေးထားဆောင်ရွက်ရန် အကြံပြုဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးက ကော်မတီအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံ၍ ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူလက်ခံရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးခင်ဝင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဗိုလ်မှူးချုပ်တင့်လွင်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက်တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။ **သူရဇော်(သတင်းစဉ်)**

# ရခိုင်ပြည်နယ် (၁၇)မြို့နယ်၌ ပိုလီယိုကာကွယ်ဆေးအပိုဆောင်းထိုးနှံတိုက်ကျွေးမည်

**စစ်တွေ ဇူလိုင် ၂၀**

ရခိုင်ပြည်နယ်ရှိ မြို့နယ်(၁၇)မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းထိုးနှံတိုက်ကျွေးခြင်း စီမံချက်(၂၀၁၇-ခုနှစ်) ပြည်နယ်အဆင့် အသိပေးရှင်းလင်းခြင်း အခမ်းအနားကို ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၁)တွင် ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပိုလီယိုကာကွယ်ဆေး အပိုဆောင်းထိုးနှံတိုက်ကျွေးခြင်း စီမံချက်နှင့်ပတ်သက်ပြီး ပြည်နယ်တစ်ခုလုံး လွှမ်းခြုံမှုရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်က ပိုလီယိုကာကွယ်ဆေး အပိုဆောင်း ထိုးနှံတိုက်ကျွေးခြင်း စီမံချက်အတွက် ဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများ ပို့ချထားမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြသည်။ ရခိုင်ပြည်နယ်တွင် ပထမအကြိမ် ပိုလီယိုကာကွယ်ဆေး အပိုဆောင်း ထိုးနှံတိုက်ကျွေးခြင်းကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်ထိနှင့် ဒုတိယအကြိမ် ထိုးနှံတိုက်ကျွေးခြင်းကို ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်းအား အကောင်းဆုံးအာမခံလုပ်ငန်းဆုများ ပေးအပ်ချီးမြှင့်

**ရန်ကုန် ဇူလိုင် ၂၀**

စင်ကာပူနိုင်ငံအခြေစိုက် Asian Banking and Finance အဖွဲ့အစည်းမှ ပေးအပ်သည့် အာရှဒေသမှ နိုင်ငံအလိုက် အကောင်းဆုံးအာမခံလုပ်ငန်းဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၃ ရက်က စင်ကာပူနိုင်ငံရှိ Shangri-la Hotel ၌ ကျင်းပရာ အာရှဒေသတစ်ဝန်းရှိ နိုင်ငံများမှ အာမခံကုမ္ပဏီများ၏ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအတွက် The Best General Insurer of the Year 2017 နှင့် The Best Life Insurer of the Year 2017 ဆုများကို အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ) မှ ဒုတိယ ဥက္ကဋ္ဌ ဦးညိုမြင့်၊ အထွေထွေမန်နေဂျာ ဦးသန်းဇော်၊ အကြီးတန်းမန်နေဂျာ ဦးခင်မောင်တိုးတို့က တက်ရောက်လက်ခံရယူခဲ့ကြပြီး ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

Asian Banking and Finance အဖွဲ့အစည်းသည် စင်ကာပူနိုင်ငံအခြေစိုက်၍ အာရှတစ်ဝန်းရှိ နိုင်ငံအလိုက် အာမခံလုပ်ငန်းကြီးများ၏ လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှုများ၊ လေ့လာသုံးသပ်အကဲဖြတ်နေသည့် အဖွဲ့အစည်း ဖြစ်သည်။

ဆုများချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ IKBZ အာမခံကုမ္ပဏီသည် စျေးကွက်ဝေစု အများဆုံးဖြင့် ပြည်သူများ၏ အာမခံလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံအတွင်း IKBZ အာမခံရုံးခွဲအများဆုံး



ဖွင့်လှစ်ပြီး ပြည်သူများအားအာမခံအကာအကွယ် (Insurance cover) များကို လျင်မြန်မှန်ကန်စွာဖြင့် အများဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက်ပေးနိုင်ခြင်း၊ အာမခံလျော်ကြေးများကိုလည်း အချိန်နှင့်တစ်ပြေးညီ မှန်ကန်မြန်ဆန်စွာ ထုတ်ပေးနိုင်ခြင်း၊ အာမခံပရီမီယံအများဆုံးရရှိပြီး နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်များကို မြင့်မားစွာ ပေးဆောင်နိုင်ခြင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အာမခံကဏ္ဍမှ ထိရောက်စွာပံ့ပိုးပေးနိုင်ခြင်း စသည်တို့ကြောင့် ပေးအပ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# မိုးရွာသွန်းမှုကြောင့် သံလွင်မြစ်ကမ်းဘေးရှိ ဘားအံမြို့ပေါ်ရပ်ကွက်အချို့တွင် မြစ်ရေဝင်

**ဘားအံ ဇူလိုင် ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ဘားအံမြို့နယ်အတွင်းတို့၌ မိုးအဆက်အပြတ်ရွာသွန်းသဖြင့် သံလွင်မြစ်ရေမှာ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေပြီး ရပ်ကွက်၊ ကျေးရွာအချို့တွင် တောင်ကျချောင်းရေများကြောင့် ရေဝင်ရောက်လျက်ရှိကာ သံလွင်မြစ်ကမ်းဘေးရှိ ဘားအံမြို့ပေါ်ရပ်ကွက်အချို့တွင်လည်း မြစ်ရေများ ဝင်ရောက်လျက်ရှိကြောင်း၊ သံလွင်မြစ်ရေမှာ ဘားအံ မိုး/ဇလ၏ တိုင်းတာချက်အရ မွန်းလွဲ ၁၂ နာရီခွဲတွင် ၇၆၁ စင်တီမီတာဖြစ်ပြီး စိုးရိမ်ရေမှတ်မှာ ၇၅၀ စင်တီမီတာဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် လှိုင်းဘွဲမြို့နယ်ရှိ အနိမ့်ပိုင်း ကျေးရွာရပ်ကွက်များဖြစ်သော ရွှေဂွန်းကျေးရွာ ရွှေပြည်တော်ရပ်ကွက်နှင့် ရွာသစ် (၂) ရပ်ကွက်တို့တွင် တောင်ကျချောင်းရေများ ရေအနက် လေးပေခန့် ရပ်ကွက်များအတွင်း ဝင်ရောက်လာသဖြင့် ရွှေဂွန်းအထက်ဘုန်းကြီးကျောင်းတွင် ယာယီ ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ရွှေဂွန်းနယ်မြေရဲစခန်းမှူး ရဲအုပ် အောင်မြို့မင်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ရွှေဂွန်းရေတပ်စခန်းမှ စစ်သည်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့များဖြင့် စုပေါင်းကာ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲထိ ရပ်ကွက်နေ အိမ်ထောင်စု ၇၉ စု၊ လူဦးရေ အမျိုးသား ၁၁၃ ဦး၊ အမျိုးသမီး ၁၂၇ ဦး၊ စုစုပေါင်း လူဦးရေ ၂၄၀ ကို ရေဘေးလွတ်ရာ ရေဘေးကယ်ဆယ်ရေး စခန်းသို့ ပြောင်းရွှေ့နေရာချထားပေးထားကြောင်း သိရသည်။

ရေဘေး ကယ်ဆယ်ရေးစခန်း စတင်ဖွင့်လှစ်သည့် ဇူလိုင် ၁၉ ရက်တွင် လှိုင်းဘွဲအခြေပြုစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦးနှင့် တပ်မတော်သားများ ရောက်ရှိလာပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်လေးအိတ်၊ ကြက်ဥအလုံး ၃၀၀ နှင့် ခေါက်ဆွဲထုပ် လေးဖာတို့ကို ကူညီထောက်ပံ့ပေးခဲ့သည်။

ဇူလိုင်၂၀ ရက်တွင် ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းနှင့် တာဝန်ရှိသူများ ရောက်ရှိလာပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၇ အိတ်၊ ရေသန့်ဘူးတစ်လီတာဘူး ၇၂၀ ဘူး၊ ငါးသေတ္တာဘူး ၁၄၇ ဘူးတို့ ထောက်ပံ့ပေးခဲ့သည်။

ယခုရေဝင်ရောက်သည့် ရွှေဂွန်းကျေးရွာ အနိမ့်ပိုင်းနေရာများမှာ မိုးအဆက်မပြတ်ရွာချရာမှ တောင်ခြေချောင်းရေများမှတစ်ဆင့် ဝင်ရောက်ခဲ့ခြင်းဖြစ်ကာ ဘားအံမြို့နယ်အတွင်း၌လည်း မိုးရွာသွန်းမှုကြောင့် လွန်းညတောင်တန်းမှ တောင်ကျရေမှတစ်ဆင့် အိန္ဒုကျေးရွာအုပ်စု နောင်လုံအရှေ့ကျေးရွာနှင့် မြပြည်ကျေးရွာတို့တွင် ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# တောင်ကျရေများကြောင့် သုဝဏ္ဏဝတီမြို့အဝေးပြေးကားလမ်း အနိမ့်ပိုင်း ရေကျော်မှုဖြစ်

**သထုံ ဇူလိုင် ၂၀**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဆင်းလာသောကြောင့် ဇူလိုင် ၁၉ ရက် နံနက်က ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်း အနိမ့်ပိုင်း၊ ကျိုက္ကော်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး အလျား ပေ ၈၀၀ ခန့်တွင် ရေကျော်ပြီး ယာဉ်အသွားအလာများ ခေတ္တနှောင့်နှေးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



“မိုးက အဆက်မပြတ်ရွာတော့ တောင်ကျရေတွေ စီးဆင်းလာတာပါ၊ ပုံမှန်စီးဆင်းနေတဲ့ ကျိုက္ကော်ချောင်းကလည်း တဖြည်းဖြည်းကျဉ်းလာတော့ မိုးများပြီဆိုတာနဲ့ ချောင်းရေလျှံတယ်။ မနေ့က ည ၁၁ နာရီလောက်ကစပြီး လမ်းပေါ် ရေရောက်တယ်၊ မိုးများလာတာနဲ့ ရေက ပိုမြင့်လာတယ်၊ လမ်းပေါ်ကို ရေက နှစ်ပေလောက်၊ အချို့နေရာ သုံးပေလောက်မြင့်လာတာ၊ အခုတော့ ရေကကျသွားပါပြီ”ဟု ကျိုက္ကော်ရပ်ကွက်နေ ကိုကျော်ကျော်က ပြောသည်။

ယင်းနေရာတွင် လွန်ခဲ့သည့်ရက် အနည်းငယ်အတွင်းကလည်း ရေလွှမ်းမှုများဖြစ်ပွားခဲ့ပြီး ယခုအကြိမ်မှာ တစ်ပတ်အတွင်း တတိယအကြိမ် ကားလမ်းပေါ် ရေလျှံခြင်းဖြစ်သည်။ ကျိုက္ကော်ချောင်းမှာ အကွေ့များပြီး ရေစီးလမ်းကြောင်း ပြောင်းလာခြင်းနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာမကောင်းခြင်းတို့ကြောင့် ယခုကဲ့သို ကားလမ်းပေါ် ရေလွှမ်းခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ရေလွှမ်းမှုကြောင့် ထိခိုက်ဆုံးရှုံးမှုမရှိခဲ့သော်လည်း ဒေသခံများနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာရန်ခက်ခဲခဲ့ရာ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းများက ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ရေးမြို့၌ မိုးရွာသွန်းမှုကြောင့် လူနေအိမ်များရေဝင်

**ရေး ဇူလိုင် ၂၀**

မွန်ပြည်နယ် ရေးမြို့၌ အခုရက်ပိုင်း မိုးရွာသွန်းမှု အားကောင်းလာသောကြောင့် မြို့ပေါ်ရပ်ကွက်တချို့ရှိ လူနေအိမ်များနှင့် ဈေးဆိုင်ခန်းများမှာ ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

“ဇူလိုင် ၂၀ ရက် မနက် ၅ နာရီခွဲလောက်က ရေစတင်ဝင်ရောက်ကာ အနိမ့်ပိုင်းမှာနေတဲ့ သက်ကြီးရွယ်အို ကလေးအပြင် အိမ်မွေးတိရစ္ဆာန်တွေပါ ယာယီရွှေ့ပြောင်းထားပါတယ်။ ရေက မနက်ကတည်းက အခုဆို ၁၀ လက်မလောက် မြင့်တက်လာပါတယ်”ဟု ရန်ကြီးအောင်ရပ်ကွက် တိုးချဲ့ကွက်သစ်ရာအိမ်မှူး ဦးမောင်ဌေးက ပြောသည်။

အဆိုပါ မြစ်ရေလျှံမှုဖြစ်ပွားရာတွင် မြို့နယ်ရှိ သက်ဆိုင်ရာတာဝန်ရှိသူတွေက လိုအပ်သလို အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေကိုလုပ်သွားရန် စောင့်ကြည့်လျက်ရှိပြီး ဒီရက်ပိုင်းမိုးရွာသွန်းမှုမှာ ၈ ဒသမ ၉၈ လက်မဖြစ်ကာ ရက်ပိုင်းအတွင်း မိုးရေချိန်အမြင့်ဆုံးဖြစ်လျက်ရှိကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**

# ချင်းတွင်းမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းများပြို၍ အိမ် ၁၄၃ လုံး ပြောင်းရွှေ့ရ

**ရေစကြို ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများဖြစ်ပေါ်ပြီး နေအိမ် ၁၄၃ လုံးကို ရွှေ့ပြောင်းထားရကြောင်း သိရသည်။

ယခုကဲ့သို့သော မိုးရာသီကာလတွင် မြစ်ရေကြီးမှုနှင့်အတူ ကမ်းပြိုမှုများ နှစ်စဉ်ကြုံတွေ့နေရပြီး အထူးသဖြင့် ကျေးရွာပေါင်း ၄၀ ခန့်မှာ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြား တည်ရှိနေကြသည့်အတွက် သဘာဝဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွားခံစားကြရကြောင်း သိရသည်။

ရေစကြိုမြို့နယ်အတွင်း မေ ၂ ရက်မှ ဇူလိုင် ၁၉ ရက်အထိ ကျေးရွာအချို့တွင် မြစ်ရေတိုက်စားမှုကြောင့် ရွှေ့ပြောင်းထားရသည့် နေအိမ်များမှာ ဗလဗကျေးရွာအုပ်စု ဗလဗကျေးရွာတွင် နေအိမ်အလုံး ၆၀၊ မီးလောင်ကျွန်းကျေးရွာအုပ်စု ပေါက်တောကျွန်း ကျေးရွာတွင် နေအိမ် ၁၂ လုံး၊ ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာတွင် နေအိမ် ၁၉ လုံး၊ မိုးတွဲကျေးရွာအုပ်စု ချင်းယားကျေးရွာတွင် နေအိမ် ၂၇ လုံး၊ နွယ်နီကျေးရွာအုပ်စု နွယ်နီကျွန်းကျေးရွာတွင် နေအိမ် ၂၅ လုံး စုစုပေါင်း နေအိမ် ၁၄၃ လုံးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရကြောင်းနှင့် အိမ်ထောင်စု ၁၄၃ စုမှ လူဦးရေ ၇၂၂ ဦးမှာ သက်ဆိုင်ရာကျေးရွာများအတွင်း ဘုန်းကြီးကျောင်းနှင့် ဆွေမျိုးများနေအိမ်တွင် နေထိုင်ကြကြောင်း သိရသည်။

အဆိုပါ ကမ်းပြိုရွှေ့ပြောင်းအိမ်ထောင်စု ၁၄၃ စုအတွက် ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း၊ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေကြေးများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဖေထွေးဇော်-ရေစကြို**

# ဖောင်းပြင်မြို့နယ်၌ ကမ်းပါးပြိုမှုဖြစ်ပွား

**ဖောင်းပြင် ဇူလိုင် ၂၀**

ဖောင်းပြင်မြို့နယ် ပိုးစာကုန်းကျေးရွာ၌ ဇူလိုင် ၂၀ ရက် နံနက် ၃ နာရီခန့်က မြစ်ကမ်းပါးပြိုမှုကြောင့် ကျေးရွာဘုန်းကြီးကျောင်းရှေ့ ရွှေနှလုံးသားနာရေးကူညီမှုအသင်းအဆောင်နှင့် နိဗ္ဗာန်ယာဉ်တစ်စင်း ချင်းတွင်းမြစ်ထဲ ကျဆင်းသွားကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် ရွှေနှလုံးသားနာရေးကူညီမှုအသင်းအဆောက်အအုံတစ်လုံး၊ နိဗ္ဗာန်ယာဉ်တစ်စင်း၊ စတီးခုတင်တစ်လုံး ဆုံးရှုံးသွားခဲ့ပြီး ကျေးရွာဆရာတော် ဦးစန္ဒာဝရကြီးမှူး၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ချင်းတွင်းမြစ်အတွင်း ရှာဖွေလျက်ရှိကြောင်း သိရသည်။ **ဖောင်းပြင် (မြန်/ဆက်)**

# ဒုံသမိချောင်းရေမြင့်မှုကြောင့် ဒူးရင်းဆိပ်ကျေးရွာ အနိမ့်ပိုင်းနေသူများ ဘေးလွတ်ရာကြိုတင်ရွှေ့ပြောင်း

**သထုံ ဇူလိုင် ၂၀**

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာတွင် ဒုံသမိချောင်းရေမြင့်တက်လာသောကြောင့် ကျေးရွာအနိမ့်ပိုင်း ချောင်းကမ်းနဖူးတွင် နေထိုင်ကြသည့် အိမ်ထောင်စုအချို့ ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်း နေထိုင်လျက်ရှိကြောင်း သိရသည်။

“အခုရွှေ့ပြောင်းတဲ့ အိမ်ထောင်စုတွေကလည်း နောက်ပိုင်းရတ်တရက် ရေကြီးရင် ဒုက္ခရောက်မှာစိုးလို့ ကြိုတင်ရွှေ့ကြတာများတယ်။ နောက်လာမယ့်ရက်တွေကလည်း ရေထရက်ဖြစ်ပြန် ချောင်းဖျားမှာကလည်း မိုးကြီးထားလို့ တောင်ကျရေကဆင်းနေတော့ ချောင်းရေကမြင့်လာတာပေါ့”ဟု ကျေးရွာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးစန်းတင့်က ပြောသည်။

ချောင်းရေမြင့်လာသဖြင့် ဒူးရင်းဆိပ်ကျေးရွာ အမှတ် (၆) ရပ်ကွက်နှင့် အမှတ် (၂) ရပ်ကွက် အနိမ့်ပိုင်းနေသူများက ဘေးလွတ်ရာ တပ်ဦးဘုန်းကြီးကျောင်းနှင့် ရွာလယ်ဇရပ်များသို့ ကြိုတင်ရွှေ့ပြောင်းလျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် အိမ်ထောင်စု ၃၁ စု၊ လူဦးရေ ၁၄၅ ဦးခန့် ရွှေ့ပြောင်းမှုပြုလုပ်ခဲ့ကြပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် တာဝန်ရှိသူများတို့က လိုအပ်သည့် အကူအညီများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဒူးရင်းဆိပ်ကျေးရွာ ဒုံသမိချောင်းရေမှာ ဇူလိုင် ၂၀ ရက် တိုင်းထွာချက်အရ စိုးရိမ်ရေအမှတ်အောက် ခုနစ်ပေကျော်ခန့် ကျန်ရှိနေသေးသော်လည်း ချောင်းကမ်းနဖူး အနိမ့်ပိုင်းတွင် နေထိုင်ကြသည့် ရေလုပ်သားများ၏ နေအိမ်များအတွင်းသို့ ရေများဝင်ရောက်လျက်ရှိရာ နှစ်စဉ် ရွှေ့ပြောင်းနေထိုင်ကြသည့် ဘေးလွတ်ရာနေရာများသို့ ကြိုတင်ရွှေ့ပြောင်းကြခြင်းဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ပန်းတောင်းမြို့နယ်အတွင်း မြစ်ရေဝင်မှုကြောင့် ကျောင်း ၁၀ ကျောင်း ပိတ်ထားရ

**ပန်းတောင်း ဇူလိုင် ၂၀**

ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ အိမ်ခြေ ၉၀၀ ကျော် ရေနစ်မြုပ်မှုများရှိနေပြီး စာသင်ကျောင်း ၁၀ ကျောင်းကို ယာယီ ပိတ်ထားရကြောင်း သိရသည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုကြောင့် ပန်းတောင်းမြို့ပေါ် ကျောင်းများနှင့် ပန်းတောင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများမှာ ဇူလိုင် ၁၇ ရက်မှ စတင်ပြီး စာသင်ကျောင်း ခုနစ်ကျောင်းကို ပိတ်ထားခဲ့ရကာ ဇူလိုင် ၁၈ ရက်တွင် နောက်ထပ်စာသင်ကျောင်း သုံးကျောင်းကို ထပ်မံပိတ်ခဲ့ရကြောင်း ပန်းတောင်းမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

မြစ်ရေဝင်ရောက်မှုကြောင့် ဇူလိုင် ၁၈ ရက်ထိ စာရင်းအရ မူလတန်းလွန်ကျောင်းသုံးကျောင်း၊ မူလတန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်းခွဲ နှစ်ကျောင်းတို့ ပိတ်ထားရကြောင်း သိရသည်။

ပန်းတောင်းမြို့နယ်အတွင်း ဇူလိုင် ၁၂ ရက်မှ ဇူလိုင် ၁၇ ရက်ထိ ကောက်ခံရရှိသော စာရင်းအရ အိမ်ခြေ ၉၄၀ ရေနစ်မြုပ်ခဲ့ပြီး အိမ်ထောင်စု ၉၈၉ စု ရှိခဲ့ကာ ကယ်ဆယ်ရေးစခန်းခြောက်ခုနှင့် ပန်းတောင်း-တောင်ကုတ် ကားလမ်းမနံဘေးတွင် တဲထိုးနေထိုင်မှုတစ်ခုရှိခဲ့ကြောင်း၊ ကယ်ဆယ်ရေးစခန်းများကို မဟာအတုလနန္ဒဘုရားဝင်း၊ ရေပိုင်းဘုန်းတော်ကြီးကျောင်း၊ ရွာသာယာဘုန်းကြီးကျောင်း၊ မြသိန်းတန်ဘုန်းကြီးကျောင်း၊ တောင်လတ်ဘုရား၊ ကြခတ်အုတ်ကျောင်းစသည့် နေရာများတွင် ဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စု ၁၁၁ စုကို ထားရှိကြောင်းနှင့် ကိုယ့်အစီအစဉ်ဖြင့် ကိုယ် နေထိုင်သူများလည်းရှိကြောင်း ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ကိုလွင်(ဆွာ)**

# အိုင်အက်စ်ချေမှုန်းသည့် စစ်ဆင်ရေးများတွင် ရက်ကွာမြို့၏ နယ်မြေအများအပြားကို ဆီးရီးယားတပ်ဖွဲ့များ ပြန်လည်သိမ်းပိုက်နိုင်ခဲ့



အောင်ပွဲခံနေသော ဆီးရီးယားတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်

**ဒမတ်စကတ် ဇူလိုင် ၂၀**

ရက်ကွာပြည်နယ်တောင်ပိုင်း အိုင်အက်စ်အစွန်းရောက်ချေမှုန်းသည့် စစ်ဆင်ရေးများတွင် ဆီးရီးယားအစိုးရတပ်ဖွဲ့များက နယ်မြေအများအပြားကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း မကြာသေးမီက သတင်းများတွင် ဖော်ပြထားသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့က ရက်ကွာပြည်နယ်တောင်ပိုင်း၌ အိုင်အက်စ်အစွန်းရောက်အဖွဲ့ဝင်အချို့ကို ရှင်းလင်းခဲ့ပြီး တင့်ကားတစ်စီးနှင့် ကားလေးစီးကို ဖျက်ဆီးနိုင်ခဲ့ပြီး မြို့တစ်မြို့ ရေနံမြေတစ်ခုနှင့် ရေနံတွင်း ၁၅ တွင်းကိုလည်း သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များအနေဖြင့် ရက်ကွာပြည်နယ်တောင်ပိုင်း စစ်ဆင်ရေးများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကာ့ဒ်ဦးဆောင်သည့် ဆီးရီးယားတပ်ဖွဲ့သည် ရက်ကွာမြို့ရှိ အိုင်အက်စ်လက်နက်ကိုင်တပ်ဖွဲ့ကိုတိုက်ခိုက်ပြီး အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့၏ ထောက်ပံ့ခံဆီးရီးယားအမျိုးသားတပ်ဖွဲ့သည် ရက်ကွာမြို့ကို ဝန်းရံထားပြီး မြို့တွင်းသို့ ဆက်လက်ချီတက်တိုက်ခိုက်နေပြီဖြစ်ကြောင်း သိရသည်။

လန်ဒန်အခြေစိုက်ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာမဟာမိတ်တပ်ဖွဲ့၏ ယမန်နေ့က ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုတွင် ကလေးသုံးဦးအပါအဝင်အရပ်သား စုစုပေါင်း ၁၅ ဦးသေဆုံးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်အစွန်းရောက်အဖွဲ့များ ဌာနချုပ်တည်ရှိရာ ရက်ကွာမြို့သည် ယင်းနိုင်ငံမြောက်ပိုင်း၌ တည်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)

## နိုင်ဂျာ၌ ရေကြီးသေဆုံးသူ ၂၃ ဦးရှိလာ လူပေါင်း ၂၀၀၀၀ ခန့်ပြောင်းရွှေ့မှုပြုလုပ်

**အာဘီဒီဂျန် ဇူလိုင် ၂၀**

နိုင်ဂျာနိုင်ငံ၌ ဇွန်လမှစတင်ကာ ရွာသွန်းခဲ့သောမိုးကြောင့် နေရာအနှံ့အပြားရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လက်ရှိအချိန်ထိ သေဆုံးသူပေါင်း ၂၃ ဦးရှိပြီး လူပေါင်း ၂၀၀၀၀ခန့် ရေဘေးဒုက္ခရောက်ခဲ့ကြကြောင်း နိုင်ဂျာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအဖွဲ့ရုံးမှ မကြာသေးမီက ထုတ်ပြန်ခဲ့သော ကြေညာချက်အရ သိရသည်။

နိုင်ဂျာမြို့နှင့် နိုင်ငံအနောက်ပိုင်းဒေသများသည် ရေဘေး ဒုက္ခပိုမိုဆိုးရွားစွာခံစားခဲ့ရပြီး နေအိမ်ပေါင်း ၂၄၀၀ကျော်ပျက်စီးခဲ့ကြောင်း သိရသည်။ ရေဘေးဒုက္ခအတွက် အစိုးရက အရေးပေါ် စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်ခဲ့ကြောင်း သိရသည်။

တာဟိုရာပြည်နယ်၌ ရေကြီးမှုကြောင့် အိမ်မွေးတိရစ္ဆာန် ၄၀၀၀ ကျော်မျောပါသွားခဲ့ပြီး အချိန်မီ သင့်တော်သော ဆောင်ရွက်မှုများမပြုလုပ်ပါက ၎င်းတိရစ္ဆာန်တို့ကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပွားနိုင်ကာ ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါများဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

(ဆင်ဟွာ)

## ဆီးရီးယားနယ်စပ်၌ အစ္စရေးတို့ ဆေးရုံတည်ဆောက်မည်

**ဂျေရုဆလင် ဇူလိုင် ၂၀**

စစ်ပွဲဒဏ်ခံ ဆီးရီးယားဘက်မှ ပြည်သူများကို ဆေးကုသမှုပေးရန် ဆီးရီးယားနှင့် နယ်စပ်မျဉ်းတစ်လျှောက် ဂိုလန်ကုန်းမြင့်ဒေသ၌ ဆေးရုံတစ်ရုံတည်ဆောက်ရန် စီစဉ်နေကြောင်း အစ္စရေးဘက်က ပြောခဲ့သည်။

ဆေးရုံအား ဆီးရီးယားဘက်ခြမ်းခြံစည်းရိုးနှင့် အစ္စရေးတို့ ၁၉၆၇ ခုနှစ်က သိမ်းပိုက်ခဲ့သော ဂိုလန်ကုန်းမြင့်ဒေသရှိ အစ္စရေးဘက်ခြမ်းနယ်နိမိတ်မျဉ်းပေါ်တွင် တည်ဆောက်မည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ပြောသည်။

၂၀၁၆ခုနှစ် ဩဂုတ်လမှစ၍ အစားအစာ၊ အဝတ်အထည်၊ လောင်စာဆီနှင့် မီးစက်ကဲ့သို့သော ရာပေါင်းများစွာသော စက်ပစ္စည်းများထောက်ပံ့မှုအပါအဝင် လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့ပစ္စည်းများနှင့် အလားတူ ထောက်ပံ့ရေးလုပ်ငန်းစဉ် ၁၀၀ ကျော်ကို အစ္စရေးတပ်ဖွဲ့နှင့် ထောက်ပံ့ရေးတပ်ဖွဲ့များပူးပေါင်းကာ လုပ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောခဲ့သည်။

(ဆင်ဟွာ)

## အိန္ဒိယနိုင်ငံ၌ ကုန်ကျစရိတ်ကိုထိန်းညှိရန်အတွက် လေယာဉ်ပိုင်းလော့များ၏ လစာကို လျှော့ချ

**နယူးဒေလီ ဇူလိုင် ၂၀**

အိန္ဒိယနိုင်ငံ၌ ဈေးကွက်ရှယ်ယာအားဖြင့် ဒုတိယအကြီးဆုံးဖြစ်သည့် Jet Airways လေကြောင်းလိုင်းက အငယ်တန်းလေယာဉ်ပိုင်းလော့များအနေဖြင့် လစာပေးချေမှု၏ ၃၀ မှ ၅၀ ရာခိုင်နှုန်း ဖြတ်တောက်မှုကို လက်ခံရန်နှင့် သို့မဟုတ်ပါက အလုပ်ထွက်ရန် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းကုန်ကျစရိတ်ကြီးမြင့်မှုကို လျှော့ချရန် ယခုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်များအရ သိရသည်။

ဩဂုတ်လ ၁ ရက်မှစတင်ကာ အကောင်အထည်ဖော်မည့် အဆိုပါအစီအစဉ်သည် လေယာဉ်ပိုင်းလော့ ၄၀၀ ကျော်အပေါ် သက်ရောက်မည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

(ရိုက်တာ)

## ဆီးနိတ်လွှတ်တော်အမတ် ဂျွန်မက်ကိန်း ဦးနှောက်အကျိတ်ရောဂါဖြင့် ဆေးကုသမှုခံယူ

**ဝါရှင်တန် ဇူလိုင် ၂၀**

၂၀၀၈ ခုနှစ်က ရီပတ်ဘလစ်ကန်ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် လူသိများခဲ့သည့် အမေရိကန်ဆီးနိတ်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် ဦးနှောက်အကျိတ်ရောင်ရောဂါခံစားနေရသည့်အတွက် ဆေးကုသမှုခံယူရလျက်ရှိကြောင်း ၎င်း၏ရုံးတော်မှသတင်းရင်းမြစ်များက ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

အသက် ၆၀ ရှိပြီဖြစ်သည့် ရေတပ်ပိုင်းလော့ဟောင်းဂျွန်မက်ကိန်းသည် ပြီးခဲ့သည့် နိုဝင်ဘာလက ဆီးနိတ်လွှတ်တော်၏အမတ်အဖြစ် ခြောက်ကြိမ်မြောက်ရွေးချယ်ခံခဲ့ရသည်။

၎င်းသည် ပြီးခဲ့သည့် သောကြာနေ့က ၎င်း၏ ဝဲဘက်မျက်လုံးအတွင်းမှ သွေးခဲတစ်ခုကို ခွဲထုတ်ဖယ်ရှားရန် ဖီးနစ်ရှိ မေယိုဆေးရုံ၌ ခွဲစိတ်မှုပြုလုပ်ခဲ့ပြီးနောက် အရီဇိုးနားရှိ ၎င်း၏နေအိမ်၌ အနားယူခဲ့သည်။

တစ်သျှူးများကို စစ်ဆေးစမ်းသပ်မှုပြုလုပ်ပြီးနောက်၌ စစ်ဆေးမှုရလဒ်များက သွေးခဲမှုသည် ဂလီယိုဘလက်စတိုမာဟုခေါ်သည့် ဦးနှောက်အကျိတ်ဖြစ်ပွားမှုနှင့်ဆက်စပ်နေသည်ဟုဖော်ပြလျက်ရှိကြောင်း ၎င်း၏ရုံးတော်က ပြောကြားခဲ့သည်။



မက်ကိန်းကို ကုသပေးလျက်ရှိသည့် ဆရာဝန်က မက်ကိန်းသည် ခွဲစိတ်ကုသမှုပြုလုပ်ပြီးနောက်တွင် အံ့အားသင့်ဖွယ်ပြန်လည်သက်သာကောင်းမွန်လာခဲ့ပြီး ကျန်းမာရေးအခြေအနေမှာလည်း တိုးတက်လျက်ရှိသည်ဟုပြောကြားခဲ့သည်။

ကုသမှုကို ဓာတုကုထုံးနှင့် ဓာတ်ရောင်ခြည်ကုထုံးများဖြင့်ပေါင်းစပ်ကုသခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

သို့သော်လည်း ဂလီယိုဘလက်စတိုမာသည် နံပါတ်လေးအဆင့်ရှိအကျိတ်အမျိုးအစားဖြစ်ပြီး ယင်းအကျိတ်သည် ဦးနှောက်၏ အခြားအစိတ်အပိုင်းများဆီသို့လျင်မြန်စွာ ပျံ့နှံ့သွားနိုင်သည်ဟု ဆေးပညာရှင်များက ပြောဆိုခဲ့ကြသည်။

ယင်းအကျိတ်များသည် ဓာတ်ရောင်ခြည်နှင့် ဓာတုကုထုံးကဲ့သို့သော ကုသမှုများကို ခံနိုင်ရည်ရှိပြီး အသက်အန္တရာယ်ရှိကြောင်း သိရသည်။

(ရိုက်တာ)

## တူရကီကိုဆန့်ကျင်မှုများ အရှိန်မြှင့်လုပ်ဆောင်သွားမည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီးကြေညာ


ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ဂမာဂါဘရီရယ်

**ဘာလင် ဇူလိုင် ၂၀**

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ဂမာဂါဘရီရယ်သည် ဂျာမန်လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတစ်ဦးအား တူရကီကဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် တူရကီနိုင်ငံကိုကန့်ကွက်ဆန့်ကျင်သည့် ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ကြာသပတေးနေ့က ကြေညာလိုက်ကြောင်း သိရသည်။

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတစ်ဦးအား တူရကီနိုင်ငံက ဖမ်းဆီးလိုက်ခြင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြားတင်းမာမှုများ ပိုမိုပြင်းထန်လာခဲ့သည့်နောက် ဂျာမနီဝန်ကြီးချုပ်သည် နေတိုးမဟာမိတ်များနှင့်ထိပ်တိုက်ရင်ဆိုင်မည့် အခြေအနေမျိုးကို ပိုမိုဖော်ပြလာခဲ့သည်။ ဥရောပသမဂ္ဂအဖွဲ့ထဲသို့ဝင်ရောက်လိုသည့် တူရကီနိုင်ငံ၏ ပြင်းပြသောဆန္ဒနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံအနေဖြင့်ဥရောပသမဂ္ဂအဖွဲ့ဝင်များနှင့်အတူဆွေးနွေးသွားမည်ဖြစ်သည့်အပြင် တူရကီ၌ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အာမခံနိုင်တော့မည်မဟုတ်ကြောင်းကို သေချာစွာဆုံးဖြတ်ချက်ချတော့မည်ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီး ဆစ်ဂမာဂါဘရီရယ်က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင်ဂျာမနီသည် တူရကီနှင့်သက်ဆိုင်သော မူဝါဒများအပေါ် ပုံစံသစ်ဖြင့်ပြောင်းလဲကျင့်သုံးမည်ဟု ပြောကြားခဲ့ပြီး ဂျာမနီပြည်သူများအတွက် တူရကီ၏ အန္တရာယ်ကိုသတိပေးသည့် ခရီးသွားလာမှုဆိုင်ရာ အကြံပြုချက်အသစ်များကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ (ရိုက်တာ)

# အာဇာနည်နေ့အခမ်းအနား မြို့နယ်များ၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ဟားခါး**
ချင်းပြည်နယ် ဟားခါးမြို့၌ အာဇာနည်နေ့အခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်၌ ဇူလိုင် ၁၉ ရက်က နံနက် ၅ နာရီခွဲမှ စတင်ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဒေသခံပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ်ငြိမ်သက်ကာ အလေးပြုကြသည်။

ထို့နောက် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ပရိတ်တရားနာယူသည့် အခမ်းအနားကို ဆက်လက်ကျင်းပကာ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

**ဖျာပုံ**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ အာဇာနည်နေ့အခမ်းအနားကို မြို့တွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌နံနက် ၇ နာရီမှ စတင်ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဂုဏ်ပြုတေးသီချင်းများ သီဆိုဖျော်ဖြေကာ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် လွှမ်းသူ့ပန်းခွေများချခဲ့သည်။ ထို့နောက် အငြိမ်းစားကျောင်းဆရာကြီး ဦးအောင်မြင့်က အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း ဟောပြောကာ နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် ဥသြဆွဲ၍ အလေးပြုကြသည်။ ထို့နောက် အာဇာနည်နေ့အထိမ်းအမှတ် ကျင်းပခဲ့သော ကဗျာပြိုင်ပွဲမှ ဆုရကျောင်းသား ကျောင်းသူများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

**ချမ်းသာ(ဖျာပုံ)**

**သရက်ချောင်း**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့၌ ကျင်းပသည့် အာဇာနည်နေ့အခမ်းအနားတွင် မြို့မရပ်ကွက် စည်ပင်ပန်းခြံဝင်းအတွင်းရှိ မြို့တော်ခန်းမဆောင်၌ နံနက် ၅ နာရီခွဲမှစ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူးကာ သံဃာတော်ငါးပါးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး နံနက် ၈ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဝေလွင်တို့က အာဇာနည်နေ့ အခမ်းအနားအကြောင်း ရှင်းလင်းပြောကြားကာ အာဇာနည်နေ့အထိမ်းအမှတ် ကျင်းပခဲ့သော ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများမှ ဆုရကျောင်းသား၊ ကျောင်းသူ ၁၅ ဦးအား ဆုချီးမြှင့်ခဲ့သည်။ ထို့နောက် ပန်းခြံဝင်းအတွင်းရှိ ကျောက်တိုင်၌ အခမ်းအနားကို ဆက်လက်ကျင်းပပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွှမ်းသူ့ပန်းခွေများချ၍ ဂါရဝပြုကာ ခေါင်းဆောင်ကြီးများ ကျဆုံးချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် နှစ်မိနစ်ငြိမ်သက်၍ အလေးပြုခဲ့ကြသည်။

**(၁၄၉)**



**ရွှေဘို**
ရွှေဘိုမြို့၌ အာဇာနည်နေ့အခမ်းအနားကို ရန်ကြီးအောင်ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်၌ ကျင်းပခဲ့ရာ ရပ်ကွက်အသီးသီးမှပြည်သူများ၊ ကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ အသင်းအဖွဲ့များနှင့် ပါတီများမှ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်၍ နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန်မှစတင်ပြီး ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွှမ်းသူ့ပန်းခွေများချ၍ အလှည့်ကျ ဂါရဝပြုကြကာ ခေါင်းဆောင်ကြီးများ ကျဆုံးသွားခဲ့ချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မီးသတ်ယာဉ်များဖြင့် ဥသြဆွဲ၍ တညီတညွတ်တည်း အလေးပြုခဲ့ကြသည်။

**ကျော်ဇော (ရွှေဘို)**

**မင်္ဂလာတောင်ညွန့်**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အာဇာနည်နေ့အခမ်းအနားကို သိမ်ဖြူလမ်းရှိ ဖူဆယ်အားကစားကွင်း၌ ကျင်းပခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများ စုပေါင်းတက်ရောက်ကာ လွှမ်းသူ့ပန်းခွေများချ၍ ဂါရဝပြုကြသည်။ ထို့နောက် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် တက်ရောက်လာကြသူများက နှစ်မိနစ်ငြိမ်သက်၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

**ကျော်စိုးမိုး**

**ဓနုဖြူ**
ဓနုဖြူမြို့နယ် အာဇာနည်နေ့အခမ်းအနားကို မဟာဗန္ဓုလလမ်းနှင့် ရတနာစမ်းချောင်းလမ်းထောင့်ရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှေ့၌ နံနက် ၁၀ နာရီမှစ၍ ကျင်းပခဲ့သည်။ အခမ်းအနားတွင် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံကို အမှတ်တရ သရုပ်ဖော်ပြောကြားပြီး အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုကာ အဖွဲ့အစည်းများအလိုက် လွှမ်းသူ့ပန်းခွေများချ၍ ဂါရဝပြုခဲ့သည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများ စုပေါင်းတက်ရောက် အလေးပြုခဲ့သည်။ **ခင်သန္တာထွေး(ပြန်/ဆက်)**



## အာဇာနည်နေ့အခမ်းအနား တာချီလိတ်မြို့၌ ကျင်းပ

**တာချီလိတ် ဇူလိုင် ၂၀**
တာချီလိတ်မြို့၌ အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီ ၄၅ မိနစ်မှစ၍ အောင်မြတ်ခန်းမ၌ ကျင်းပပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ သံဃာတော်ကိုးပါးအား အရုဏ်ဆွမ်းနှင့် သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ မေတ္တာပို့ အမျှဝေပေးခြင်းများ ပြုလုပ်ခဲ့သည်။ ဆက်လက်၍ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကွင်းတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ကြီးမှူး၍ အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် အာဇာနည်ဗိမာန်ပြုလုပ်၍ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများ၊ ဗိုလ်ချုပ်အား ချစ်မြတ်နိုးသူများက ချီတက်အလေးပြုကြပြီး လွှမ်းသူ့ပန်းခွေများချခဲ့ကြသည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦးနှင့် တပ်မတော်အရာရှိအရာခံများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ပြည်သူများ စုပေါင်းပါဝင်ခဲ့ကြသည်။

**မြင့်မိုရ်(တာချီလိတ်)**



ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို အလယ်ပိုင်းရပ်ကွက်ရှိ အာဇာနည်အထိမ်းအမှတ်ကျောက်တိုင်၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အလေးပြုစဉ် စိုးဝင်း(ကျောက်တန်း)

---

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

- ❖ ရာသီတုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန်ဆောင်းအကူးကာလများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ❖ ရောဂါပိုးသည်လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းတွင်းသို့ ဝင်ရောက်ပြီး တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ကူးစက်နိုင်ပါသည်။
- ❖ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများသို့ ပိုမိုကူးစက်နိုင်သည်။ ကူးစက်ခံရပါက ရောဂါပိုမိုပြင်းထန်တတ်ပါသည်။
- ❖ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်စေနိုင်ပါသည်။
- ❖ ရောဂါလက္ခဏာများမှာ - ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းစသည်တို့ ဖြစ်ပါသည်။

**ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။**

- ❖ နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုများကူးစက်မှုကိုဟန့်တားရန် ပါးစပ်နှင့် နှာခေါင်းကိုအုပ်၍ နှာချေ၊ ချောင်းဆိုးရန် တိုက်တွန်းအပ်ပါသည်။ (လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံး ပါးစပ်နှာခေါင်းစည်းတို့ အသုံးပြုနိုင်ပါသည်။)
- ❖ ရောဂါပိုးများသည် လက်တွင်ကပ်ငြိနေနိုင်သဖြင့် ချောင်းဆိုး၊ နှာချေပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့်ဆပ်ပြာတို့ဖြင့် လက်ဆေးပါရန် တိုက်တွန်းပါသည်။
- ❖ တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သောနေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။
- ❖ ရောဂါလက္ခဏာများပေါ်ပေါက်ပါက လုံလောက်စွာအနားယူခြင်း၊ အရည်များများသောက်သုံးခြင်း၊ ကိုယ်ပူချိန်မြင့်မားပါက ရေပတ်တိုက်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

**မိမိတွင် တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါကဆေးရုံ/ဆေးခန်းတို့တွင် ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

## ဒလဘက်ကမ်း ဖောတံတားပေါ်မှ ကျောင်းဆရာမတစ်ဦးပြုတ်ကျ တာဝန်သိပြည်သူများက အချိန်မီကယ်ဆယ်ခြင်းကြောင့် အသက်ရှင်

**ဒလ ဇူလိုင် ၂၀**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဒလဘက်ကမ်း သင်္ဘောဆိပ်၌ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီ ၁၈ မိနစ်ခန့်က ရန်ကုန်ဘက်သို့ပြန်ရန် ဖောတံတားပေါ်မှ စက်တပ်သမ္ပန်ပေါ်သို့ အတက်တွင် ရန်ကုန်မြစ်အတွင်းသို့ ကျောင်းဆရာမတစ်ဦး ပြုတ်ကျမှုဖြစ်ပွားခဲ့သည်။

မြစ်ထဲသို့ ကျောင်းဆရာမ ပြုတ်ကျသည်နှင့်တစ်ပြိုင်နက် ဆရာမ၏အသက်ကို အချိန်မီ ကယ်ဆယ်နိုင်ရေးအတွက် တာဝန်သိပြည်သူတစ်ဦးဖြစ်သူ ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်မှ ကိုကျော်မိုး (ဝရိန်သမား)က မြစ်ထဲသို့ ခုန်ဆင်း၍ ဆရာမကို ရေထဲမှ အပေါ်သို့ရောက်အောင် တွန်းပို့ခဲ့ရာ ရေနစ်သူမှာ ခန္ဓာကိုယ်ကြီးမားသောကြောင့် အားနှင့်မမှီအောင် ကယ်ဆယ်ခဲ့ရပြီးနောက် ချယ်ရီသင်္ဘောမှ ဝန်ထမ်းတစ်ဦးနှင့် စက်တပ်သမ္ပန်မောင်းသူများက သမ္ပန်ပေါ်သို့ရောက်အောင် ပါဝင်ကူညီကယ်ဆယ်ပေးခဲ့ကြသည်။

ဆရာမသည် အထက်တန်းပြကျောင်းဆရာမ ဒေါ်နုမြတ်စံဖြစ်ပြီး ဗဟန်းမြို့နယ်တွင် နေထိုင်လျက်ရှိကာ သင်္ဘောဖြင့် နေ့စဉ်သွားလာနေသူဖြစ်သည်။ ယနေ့မှ အချိန်နောက်ကျမည်စိုး၍ ဖောတံတားပေါ်မှ ဆရာမငါးဦးတို့သည် စက်တပ်သမ္ပန်ပေါ်သို့ အတက်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရန်ကုန်ဘက်သို့ကူးရန် အလောတကြီး ဖြစ်သွားခြင်းနှင့် သတိလက်လွှတ် ဖြစ်သွားခြင်းကြောင့် မြစ်ထဲသို့ ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အတူ ဆရာမသည် ဒလမြို့နယ်အတွင်းရှိ သပြေကုန်းကျေးရွာ အထက်တန်းကျောင်း(ခွဲ)တွင် တာဝန်ကျသည့် အထက်တန်းပြ ကျောင်းဆရာမတစ်ဦးဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ဒလ သင်္ဘောဆိပ်တို့၌ မကြာခဏဆိုသလို မြစ်ထဲသို့ပြည်သူများ ပြုတ်ကျလျက်ရှိကြောင်း၊ နေ့စဉ်သွားလာလျက်ရှိသော ပြည်သူများမှာ ဖောတံတား အတက်အဆင်းနေရာများ၌ ဈေးသည်များ ရောင်းချနေမှုကြောင့် လူသွားလမ်းမှာ ပိတ်ဆို့နေခြင်းနှင့် ကြီးကြပ်မှုများ အားနည်းလျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**နိုင်လင်းကျော်(ဒလ)**



ရေထဲကျနေသူအား ကယ်ဆယ်နိုင်ရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှ ဆက်လက်ဝင်ရောက်

**ကော့သောင်း ဇူလိုင် ၂၀**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက် လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမား အမျိုးသား ၆၇ ဦး၊ အမျိုးသမီး ၁၂ ဦးနှင့် ကလေးငယ် သုံးဦး အပါအဝင် ၈၂ ဦး ဇူလိုင် ၂၀ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ပဲ့ချိတ်လှေလေးစင်းဖြင့် ၁၃ ကြိမ်မြောက်အဖြစ် ကော့သောင်း နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။



**ကူညီပံ့ပိုးဆောင်ရွက်ပေး**

ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့ခံပရဟိတ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များကမြို့မဆိပ်ကမ်း တံတား၌ ကြိုဆိုကြကာ အစားအသောက်များ လှူဒါန်းကျွေးမွေးကြသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဦးစီးဌာန၊ မြို့ခံကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့နှင့် ထိုင်းအခြေစိုက် လူမှုကူညီရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် FED - (Foundation for Education and Development) အဖွဲ့တို့က အလုပ်သမားများ၏ နေရပ်ဒေသများဖြစ်သည့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီနှင့် ရခိုင်ပြည်နယ်များသို့ ပြန်နိုင်ရေးအတွက် မော်တော်ယာဉ်စီးနင်းခများနှင့် လမ်းခရီးတွင် စားသောက်ရန် ကုန်ကျစရိတ်များအား ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ မြန်မာအလုပ်သမားဝင်ရောက်မှု ဦးရေ စုစုပေါင်း ၁၆၉၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ရခိုင်ပြည်နယ်အစိုးရ၏ အထောက်အပံ့ဖြင့် တူးဖော်ပေးထားသော ငါးကန်များအတွင်း ငါးမျိုးစတင်စိုက်ထည့်

**မောင်တော ဇူလိုင် ၂၀**

မောင်တောဒေသရှိ ကျေးလက်နေ တိုင်းရင်းသားပြည်သူများ ငါးစားသုံးမှု ဖူလုံစေရန် ရခိုင်ပြည်နယ်အစိုးရ၏ အထောက်အပံ့ဖြင့် တူးဖော်ပေးခဲ့သော ကျေးရွာ ငါးကန်များအတွင်း ငါးမျိုး စိုက်ထည့်ခြင်းကို ယနေ့ နံနက်ပိုင်းက မောင်တောတောင်ပိုင်း မောရဝတီငါးကန်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဦးထွန်းတင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးသိန်းဝေနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ငါးကန်အတွင်း ရွှေဝါငါးကြင်း အကောင် ၃၀၀၀ စိုက်ထည့် ပေးကြသည်။

"ဒီငါးကန်တွေက ပြည်နယ်အစိုးရ ရဲ့ရန်ပုံငွေနဲ့ တူးဖော်ပေးတာဖြစ် ပါတယ်။ တစ်ရွာ တစ်ကေန္ဒန်းနဲ့ ရွာငါးရွာ အတွက် တူးဖော်ပေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနက ကန်တူးဖော်ရာမှာ နည်းပညာပေးခြင်းနဲ့ ငါးသားပေါက် မွေးမြူစိုက်ထည့်ခြင်းကို ဆောင်ရွက်ပေးပါတယ်" ဟု ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းတင်က ပြောသည်။

ယခုအခါ ငါးကန်များကို ခရေမြိုင်၊ ရွှေဇဟိုလ်၊ မောရဝတီနှင့် ဖားဝပ်ချောင်း တို့၌ တူးဖော်ပြီးသွားပြီဖြစ်ကြောင်း၊ အောင်ဇေယျကျေးရွာ၌ ဆက်လက် တူးဖော်လျက်ရှိကြောင်း၊ ရေဖြည့်ပြီး ငါးကန်များအတွင်း ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားပီးယား အစရှိသော ငါးမျိုးများကို ဆက်လက်စိုက်ထည့်ပေး သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။



ယင်းငါးကန်များသည် ကျေးရွာသား များပိုင်ဆိုင်သည့် ငါးကန်များဖြစ်လာ မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပေးထားသော ကျေးရွာကော်မတီက အချိန် လေးလမှ ခြောက်လအတွင်း ငါးများဖော်ယူစားသုံး ခြင်း၊ ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

မောင်တောဒေသသည် ရေချို ငါးမွေးမြူရေးလုပ်ကိုင်ရန် အကောင်းဆုံး ဒေသဖြစ်ကြောင်း၊ ရာသီဥတုမှာလည်း ကောင်းမွန်ကြောင်း၊ စျေးကွက်အနေ အထားမှာလည်း တစ်ဖက်ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့နိုင်မည်ဖြစ်၍ ကြီးမားသော စျေးကွက်ကြီး တည်ရှိနေကြောင်း၊ ပုဂ္ဂလိကများအနေဖြင့် ရေချိုငါးမွေးမြူ ရေးကို လုပ်ကိုင်နိုင်ပါက စီးပွားရေးဖြစ် အောင်မြင်မည်ဖြစ်ကြောင်း၊ ပြည်နယ် အစိုးရအနေဖြင့်လည်း လာမည့်နှစ်များ တွင် ဘတ်ဂျက်အပေါ်မူတည်၍ တိုင်းရင်းသားကျေးရွာများ၌ ငါးကန်များ နှစ်စဉ်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သက္က**

## လင်းဖားရွာသားတစ်ဦးက ထိန်းသိမ်းရေးစခန်းသို့အပ်သည့် သင်းခွေချပ်သားအမိကို တောထဲပြန်လွှတ်ပေး

**လင်းဖား ဇူလိုင် ၂၀**

ချင်းတွင်းမြစ်အထက်ပိုင်း လင်းဖားရွာသားတစ်ဦးသည် တောထဲမှုစ်သွားရှာရင်း ဇူလိုင် ၁၇ ရက်က သင်းခွေချပ်သားအမိ တွေ့ရှိသဖြင့် လင်းဖားရေချိုလိပ်ထိန်းသိမ်း ရေးစခန်းသို့ လာရောက်အပ်နှံရာ ဇူလိုင် ၁၉ ရက် ည ၈ နာရီခန့်က တောထဲသို့ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

သင်းခွေချပ်သားအမိကို လင်းဖားရွာသား ဦးသန်းလွင်က လင်းဖားနယ်မြေ ရဲစခန်းမှူးနှင့် လင်းဖားကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ရှေ့မှောက်တွင် ဇူလိုင် ၁၇ ရက်က လာရောက်ပို့ဆောင်ခဲ့ခြင်းဖြစ်ပြီး လင်းဖားရေချိုလိပ်ထိန်းသိမ်းရေးစခန်း၌ သစ်တောဦးစီးဌာနတာဝန်ရှိသူများနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်)မှ ဝန်ထမ်းများက ထိန်းသိမ်းစောင့်ရှောက်ကာ ဇူလိုင် ၁၉ ရက် ညက တောထဲပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်းခွေချပ်သားအမိသည် တရုတ်သင်းခွေချပ် (The Chinese Pangolin) မျိုးစိတ်ဖြစ်ပြီး သိပ္ပံအမည်မှာ (Manis Pantadactyla) ဖြစ်ကာ အဆိုပါ မျိုးစိတ်သည် နို့တိုက်သတ္တဝါအမျိုးအစားဖြစ်ကြောင်း သိရသည်။ ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ပါဝင်ကာမျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်လည်းဖြစ်ကြောင်း သိရသည်။

တောထဲပြန်လွှတ်ပေးခဲ့သော သင်းခွေချပ်မျိုးကို တရားမဝင်စျေးကွက်တွင် ရောင်းဝယ်မှုများကြောင့် လူအများစုက ဖမ်းဆီး၍ စျေးကွက်သို့တင်ပို့မှု များလာသော ကြောင့် သဘာဝတောတွင်း သင်းခွေချပ်မှာ ရှားပါးလာနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## အုန်းနို့ခေါက်ဆွဲစားသုံးမိသည့် ကျောင်းသား ကျောင်းသူများ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားကာ ကိုးဦး ဆေးရုံတင်ထားရ

**ရေတာရှည် ဇူလိုင် ၂၀** - ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီး လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ဇူလိုင် ၁၉ ရက်က အာဇာနည်နေ့အခမ်းအနား ကျင်းပခဲ့ပြီး တက်ရောက်လာကြသူ ၂၀၀ ခန့်အား အုန်းနို့ခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ ယင်းနေ့ ည ၁၁ နာရီခန့်က အခမ်းအနားတက်ရောက်၍ အုန်းနို့ခေါက်ဆွဲစားသုံးသူ များအနက် အမှတ်(၂)ရပ်ကွက် ငွေးသုံးပင် (လူရည်ချွန်) ဘော်ဒါဆောင်မှ ကျောင်းသား ကျောင်းသူ ၂၄ ဦး ဝမ်းပျက်ဝမ်းလျှော ရောက်ဂါဖြစ်ပွားခဲ့၍ ရေနီတိုက်နယ်ဆေးရုံသို့ တင်ပို့ကုသခဲ့ရာ ကျောင်းသား ငါးဦးနှင့် ကျောင်းသူ လေးဦး ဆေးရုံတင်ကာ ကုသလျက်ရှိပြီး တခြားကျောင်းသား ကျောင်းသူများမှာ ရောဂါသက်သာသဖြင့် ဘော်ဒါဆောင်သို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

## မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ကလေးဝတ်အထည်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲ တမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၈ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်း မကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၆၈ စီး၊ သွင်းကုန် ၆၄၈ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၈၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်ခဲ့သည်။ ဇူလိုင် ၁၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၆ စီး၊ သွင်းကုန် ၆၃၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၉ ရက်က မြဝတီမှရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက် အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကလေးဝတ်အထည် ၂၂၀ ကီလိုဂရမ်,(6) Pkgs ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကလေးဝတ်အထည်များ**

## သန်းခေါင်စာရင်းအချက်အလက်ဆိုင်ရာ ဆွေးနွေး

**ဖြူး ဇူလိုင် ၂၀**

သန်းခေါင်စာရင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တောင်ငူခရိုင် ဖြူးမြို့နယ် စည်ပင် သာယာခန်းမ၌ ဇူလိုင် ၂၀ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် ဦးသက်စိန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းလွင်၊ တောင်ငူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ဆွေးနွေးပို့ချ ခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# သာစည်မြို့နယ်တွင် သေနတ်များဖမ်းဆီးရမိပြီး ဆက်စပ်တရားခံနှင့်ကွင်းဆက်တရားခံများ ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

**မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံတိုးဂိတ်၌ ဇူလိုင် ၁၉ ရက် ည ၁၀ နာရီခန့်က တရားမဝင်သယ်ဆောင်လာသည့် မောင်းပြန် သေနတ် ၂၂ လက် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**



လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့သည် သတင်းအရ ကျွဲတပ်ဆုံတိုးဂိတ်အနီး စောင့်ဆိုင်းနေစဉ် လွိုင်ကော်မှ မန္တလေးဘက်သို့ ယာဉ်မောင်း နေစိုးထွေးမင်း (ခ)ကိုစိုင်းမောင်းနှင်ပြီး ဇနီးဖြစ်သူ မမြတ်ဆုနှင်းလိုက်ပါလာသော ယာဉ်အမှတ် 2D/---- အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် အဖြူရောင်ဆာလာအိတ်အတွင်းမွေ့ရာဖြင့်ပတ်ထားပြီး သယ်ဆောင်လာသော HK-33 မောင်းပြန်ရိုင်ဖယ် အလက် ၂၀ (ကျည်အိမ်ပါ) နှင့် AK-47 မောင်းပြန်ရိုင်ဖယ်နှစ်လက် (ကျည်အိမ်မပါ)တို့အား သိမ်းဆည်းရမိခဲ့သည်။

နေစိုးထွေးမင်းနှင့် ဇနီးဖြစ်သူတို့အား စစ်ဆေးချက်အရ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အင်းလေးတည်းခိုခန်းတွင် တည်းခိုနေသော ကျုံလျန်ဆန်း (ခ)မောရာ ကလေးမြို့ တာဟန်းရပ်ကွက်နေသူထံ ပို့ဆောင်ခ ငွေကျပ် ၁၅ သိန်းဖြင့် ပို့ဆောင်ပေးရန် သယ်ဆောင်လာခြင်း ဖြစ်ကြောင်း သိရပြီး အင်းလေးတည်းခိုခန်းတွင် တည်းခိုနေသော ကျုံလျန်ဆန်း (ခ) မောရာအား ယနေ့နံနက်ပိုင်းတွင် ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လွိုင်ကော်မြို့ရှိ နေစိုးထွေးမင်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာတွင် ဒီတိုနေတာ တစ်ထုပ်လျှင် ၅၀၀ ခုပါ ၂၆ ထုပ်၊ ယမ်းစိမ်း တစ်ထုပ်လျှင် ၉၀ ကျပ်သားပါ အထုပ် ၆၀ နှင့် ငွေကျပ်သိန်း ၁၄၀ တို့အား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်တရားခံများအား ဆက်လက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် လက်နက်များသည် ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် သယ်ဆောင်လာခြင်းဖြစ်ပြီး ယခု ဖမ်းဆီးရမိသည့်အကြိမ်သည် တတိယအကြိမ်ဖြစ်ကာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ်၊ ဧပြီလတွင်တစ်ကြိမ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဘားအံမြို့နယ်တွင် တစ်ရက်တည်း ရေနစ်သေဆုံးမှု နှစ်ကြိမ်ဖြစ်ပွား

**ဘားအံ ဇူလိုင် ၂၀**

ဘားအံမြို့နယ် လှိုင်းကမ္ဘာကျေးရွာ အောက်ရေတံခွန်ရှိ အလျားပေ ၁၀၀၊ အနံ ၇၅ ပေ၊ ရေအနက် ငါးပေခန့်ရှိ ရေကန်တွင် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ် (၁) ရပ်ကွက်နေ ဦးစိုးစိုး (၅၃နှစ်) သည် ရေဆင်းကူးရာမှ ရေနစ်သွားကြောင်း ပတ်ဝန်းကျင်မှ အော်ဟစ်အကူအညီ တောင်းသဖြင့် လုံခြုံရေးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ဝိုင်းဝန်းဆယ်ယူ၍ ဘားအံဆေးရုံကြီးသို့ ဆေးကုသမှုခံယူရန်ပို့ဆောင်ပေးခဲ့ပြီး ဆေးကုသမှု ခံယူနေစဉ် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ည ၇ နာရီခွဲတွင် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ လယ်တောအတွင်း လယ်ကွင်းပြင်ရှိ ရေအနက် ငါးပေခန့်တွင် ပြင်ပဒဏ်ရာမရှိဘဲ ပုပ်ပွနေသော အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းအရ ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ် ညီညီမိုးဦးစီးအဖွဲ့မှ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးမြင့်သန်း၊ (၅၀နှစ်) ထုံးအိုင်ကျေးရွာနေသူဖြစ်ကြောင်း သိရသည်။

အဆိုပါ ပုပ်ပွနေသော အလောင်းနှင့်ပတ်သက်ပြီး စစ်ဆေးရာ သေဆုံးသူမှာ ရင်ကျပ်ရောဂါနှင့် အတက်ရောဂါရှိသူတစ်ဦးဖြစ်ကြောင်း၊ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခန့်က လယ်ကွင်းအတွင်း ကန်စွန်းရွက်ခူးရန် နေအိမ်မှ ထွက်သွားခဲ့ရာ လေးရက်ကြာပျောက်ဆုံးနေကြောင်း သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်ခင်စန်းရီ၏ ပြောပြချက်အရ သိရသည်။

ထို့ကြောင့် တစ်ရက်တည်း ရေနစ်သေဆုံးမှု နှစ်ကြိမ်ဖြစ်ပွားခဲ့မှုတွင် ဦးမြင့်သန်းသေဆုံးခြင်းအပေါ် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးပေးရန် ထုံးအိုင်နယ်မြေရဲစခန်းက သေမှုသေခင်း ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မောင်နှမကျေးရွာမှ အဒူဆူဝမ်း အသတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်သည့် မသင်္ကာသူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာမှ အဒူဆူဝမ်း အသတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်သည့် မသင်္ကာသူလေးဦးအား ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းကျေးရွာအုပ်စု မောင်နှမကျေးရွာနေ အဒူဆူဝမ်းအား ဇူလိုင် ၄ ရက် နံနက်ပိုင်းက မျက်နှာဖုံးအနက်များ ဝတ်ဆင်ထားသည့် ၁၅ ဦးခန့်က ဖမ်းဆီးခေါ်ဆောင်သွားပြီး အသတ်ခံခဲ့ရမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မောင်နှမကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ယင်းကျေးရွာနေ မသင်္ကာသူ ဇာဖောအုလာ၊ အိနုစ်၊ ဆောလိမူလာနှင့် နုရ်ဘော်ရှော့တို့လေးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပျဉ်းမနားမြို့တွင် ငါးမန်းဂိမ်းဆိုင် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့၌ ငါးမန်းဂိမ်းဆိုင် (လောင်းကစားဆိုင်)အား လောင်းကစားပြုလုပ်နေသူများနှင့် လောင်းကစားပြုလုပ်သည့်ကိရိယာများ၊ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လဒုတိယပတ်က ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်း ဦးစီးသော ပျဉ်းမနား မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထိုက်၊ ဒုရဲမှူး ဇော်မြင့်နှင့် တပ်ဖွဲ့ဝင်များသည် လောင်းကစားနေအိမ်သို့ ရှာဖွေဖမ်းဆီးခွင့်ဝရမ်းဖြင့် ဇင်ဦးမောင်(ခ) ဝတုတ် ဆန်ရောင်း / ငါးမန်းဂိမ်းဆိုင်ပိုင်ရှင် ပျဉ်းမနားမြို့နေသူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဇင်ဦးမောင် (ခ)ဝတုတ်၊ ဆန်ရောင်း/ငါးမန်း ဂိမ်းဆိုင်ပိုင်ရှင် ပျဉ်းမနားမြို့ ဦးမြဝင်း (၄၇နှစ်) ပျဉ်းမနားမြို့ ထွန်းထွန်းဝင်း (၂၇နှစ်) လယ်ဝေးမြို့နယ်၊ ဦးခင်မောင်ဝင်း (၄၈နှစ်)၊ ဒေါ်ဝါဝါ (၄၁နှစ်)၊ ဦးမြင့်အောင် (၅၅နှစ်) ပျဉ်းမနားမြို့နေသူတို့ အပါအဝင် တစ်မြို့တည်းနေသူများဖြစ်ကြသော မောင်ပို၊ ကျော်ဇင်ဝင်း၊ မင်းဇော်၊ ဘသော်(ခ)ကျော်ခိုင်လင်း၊ ဇင်မင်းစိုး၊ ထက်ကောင်း၊ ကျော်သူငြိမ်းချမ်း၊ မြင့်မြတ်အောင်တို့အား လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပျဉ်းမနားမြို့မရဲစခန်းမှူးက ဆက်လက်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှူပ(နေပြည်တော်)**

# ပူတာအိုတွင် ဘိန်းဖြူမှုန့်နှင့် အဆင့်နိမ့်ဘိန်းများ သိမ်းဆည်းရမိ

**ပူတာအို ဇူလိုင် ၂၀**

ပူတာအိုမြို့ မူးယစ်တပ်ဖွဲ့စု (၂) ရဲအုပ် ထွန်းထွန်းဝင်း ဦးစီးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၈ ရက်က သတင်းအရ ဦးစောနွဲ့ခွန်မျိုးနေ (၃၃နှစ်) ပူတာအိုမြို့နေသူ အိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားနေအိမ်၌ အသင့်တွေ့ရှိရပြီး ဘိန်းဖြူမှုန့် စုစုပေါင်း ၇၀ ဒသမ ၄ ဂရမ်ခန့်၊ အဆင့်နိမ့်ဘိန်း ၁၂ ဂရမ်ခန့်တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို သုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန်အတွက် မူးယစ်ဆေးဝါးများအား လက်ဝယ်တွေ့ရှိသူ စောနွဲ့ခွန်မျိုးနေအား ပူတာအိုမြို့မရဲစခန်းက အမှုဖွင့်ထားရှိကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# မာဂုဏ်မြင့် တက်လူနှစ်ဦး အထူးစိန်ခေါ်ပွဲ ရွှေခါးပတ်ချန်ပီယံဆီမီးဖိုင်နယ်တွင် ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး H & S Group နှင့် Lethwei Nation Group တို့က ကြီးမှူးကျင်းပသော ရွှေခါးပတ်ချန်ပီယံလုပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ ရိုးရာလက်ဝှေ့ချစ်ပြည်သူများ မျှော်လင့်နေသော မာဂုဏ်မြင့် တက်လူနှစ်ဦးဖြစ်သည့် ရဲသွေးနီ(တောင်ကလေး) နှင့် ကရင်လေး(ခ)ဖဒို့ဝယ် (ဖီးနစ်ကလပ်) တို့ အထူးစိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်လေး(ခ) ဖဒို့ဝယ်သည် မြန်မာနိုင်ငံသား ကရင်ပြည်နယ်ဖွားဖြစ်ပြီး ငယ်စဉ်ကပင် ထိုင်းနိုင်ငံသို့ ရောက်ရှိကာ မွေထိုင်းကိုလေ့လာပြီး မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် မာဂုဏ်မြင့် တက်လူတစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားလာခဲ့သည်။ ပညာစုံပြီး ထိုးလုံးထိုးပေါက် ကောင်းမွန်ကာ ပါဝါကောင်းသည့်အပြင် ဇွဲရှိကာ ရဲရင့်သောအသည်းပိုင်ရှင်တစ်ဦးလည်းဖြစ်သည်။ အထူးသဖြင့် ခြေကန်ချက်များကောင်းမွန်သလို တံတောင်ရိုက်ချက်တွင်လည်း တစ်ဖက်ပြိုင်ဘက်ကို မှောင်မိုက်သွားစေမည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ မွေထိုင်းလောကတွင် ယင်းသို့ဖြင့် နာမည်ကောင်းရထားသူတစ်ဦးဖြစ်ပြီး ရိုးရာလက်ဝှေ့ကို ယခုအကြိမ်ယှဉ်ပြိုင်ထိုးသတ်မှုမှာဒုတိယအကြိမ်ဖြစ်သည်။ ပြီးခဲ့သော ဇွန် ၂၅ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့သော Lethwei Nation Fight ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဘွန်နန်း(ထိုင်း)နှင့်ယှဉ်ပြိုင်ထိုးသတ်ရာ



ကရင်လေး( ဖီးနစ်ကလပ်)



ရဲသွေးနီ(တောင်ကလေး)

ပထမအချီ ၂ မိနစ် ၀၇ စက္ကန့်မှာပင် ကရင်လေး လက်သီးတွဲလုံးများကြောင့် ဘွန်နန်း ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သဖြင့် ကရင်လေးက အလဲထိုးဖြင့်နိုင်ခဲ့သည်။ယခုဒုတိယအကြိမ်တွင် မြန်မာ့ရိုးရာလက်ဝှေ့လောက၏ မာဂုဏ်မြင့် ပါဝါအားကောင်းသော စက်လက်သီးပမာ မြန်ဆန်လှသည့် ရဲသွေးနီ (တောင်ကလေး) နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ရဲသွေးနီသည် မျိုးဆက်သစ် လက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး အတန်းတူရိုးရာလက်ဝှေ့လောကတွင် သူမတူပြိုင်စံရှား တစ်ဦးဖြစ်သည်။ ပင့်လက်သီး၊ ထောက်လက်သီး၊ ဝိုက်လက်သီးတွဲလုံးများကို သုံးရာတွင် ပြိုင်ဘက်တိုင်းလဲကျစေနိုင်သော၊ ပါဝါအပြည့် ထည့်ကစားတတ်သော အားကစားသမားကောင်းတစ်ဦးဖြစ်ခြင်းကြောင့် ယခုဖိုက်တာနှစ်ဦးတွေ့ဆုံမည့် ရဲသွေးနီနှင့် ကရင်လေးတို့ပွဲသည် ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ အကြိုက်တွေ့စေမည့် ပွဲကောင်းတစ်ပွဲဖြစ် သည်။

ယင်းနေ့တွင် ယှဉ်ပြိုင်ထိုးသတ်မည့် ရွှေခါးပတ်ချန်ပီယံလုပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များမှာ ၅၁ ကီလိုတန်းတွင် အံ့ဘွား(ကျားဖြူ)နှင့် သိန်းစိုး(အဖြူရောင်သွေးသစ်)၊ ဇလပ်သွေး(တောင်ဇလပ်)နှင့် သပြေအောင်(သုံးပန်လှ)၊ ၅၄ ကီလိုတန်းတွင် ခွန်အာကာ (၁၈၈၆ မန္တလေး)နှင့် စိုးဝင်းသန်း(ရန်စစ်ငြိမ်း)၊ အောက်ချင်းလေး(တောင်ဇလပ်)နှင့် အာကာမင်း(ကျားဘုရင်)၊ ၅၇ ကီလိုတန်းတွင် ထရိန်း(တိုက်ဂါး) နှင့် စူပါ(မျိုးဆက်သစ်)၊ ဒိုးလေး (ရိုးရာပုဂံ)နှင့် ယျှူခလိန်းမင်း (မြိုင်ကလေးဘီလပ်မြေစက်ရုံ)၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် စစ်အောင် (မြိုင်ကလေး ဘီလပ်မြေစက်ရုံ)နှင့် ဇွဲလင်းအောင်(သုံးပန်လှ)၊ ဟံသာဝတီ(အဖြူရောင်သွေးသစ်) နှင့် စိန်လုံးချော(ဗမာ့သွေး)၊ ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ကျားပေါက်(ရန်စစ်ငြိမ်း) နှင့် စောထူးအောင်(တော်ဝင်ရိုးရာ)၊ ဗထူးမောင်(ရတနာပုံ)နှင့် ရန်နိုင်ထွန်း(သုံးပန်လှ)၊ ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ထွန်းနိုင်ဦး (STL)နှင့် ရွှေမင်းရာဇာ(မြိုင်ကလေးဘီလပ်မြေစက်ရုံ)၊ ဖိုးလပြည့်(ရွှေဖူး)နှင့် ကြယ်စင်ဖြိုး( အဖြူရောင်သွေးသစ်)၊ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် မင်းမောင်မောင်(တောင်ကလေး)နှင့် စိုးထက်ဦး(STL)၊ စောဆဝါး (ဒို့ရိုးရာ)နှင့် သွေးသစ်အောင်(သုံးပန်လှ) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ဓာတ်ပုံ- မင်းထက်**

# ကရင်ပြည်နယ်၌ ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၀**

ကရင်ပြည်နယ်၌ ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အဖွဲ့နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ အပါအဝင် ကရင်တိုင်းရင်းသား အဖွဲ့အစည်းများသည် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ယနေ့ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်၌ ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး လာမည့် ဩဂုတ် ၃၀ ရက်မှ စတင်ကာ လူတွေ့အသံစစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် ပဏာမအသံစစ်ဆေးခြင်း မော်လမြိုင်မြို့၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

တတိယအကြိမ်အဖြစ် ငြိမ်းချမ်းရေးဂီတပွဲတော် ပဏာမအသံစစ်ဆေးခြင်း တတိယပွဲစဉ်ကို ယနေ့ နံနက် ၈ နာရီခွဲမှ စတင်ကာ မော်လမြိုင်မြို့ရှိ မော်လမြိုင် တက္ကသိုလ် အားကစားခန်းမ၌ စတင်ကျင်းပသည်။

ငြိမ်းချမ်းရေး ဂီတပွဲတော်ကို တောင်ကြီးမြို့နှင့် မြစ်ကြီးနားမြို့တို့၌ ယှဉ်ပြိုင်ပြီးစီးခဲ့ပြီး တတိယပွဲစဉ်အဖြစ် မော်လမြိုင်မြို့၌ ဆက်လက်ကျင်းပခြင်း ဖြစ်သည်။

ယနေ့ မော်လမြိုင်တက္ကသိုလ်၌ ကျင်းပသည့် ပဏာမ အသံစစ်ဆေးခြင်းသို့ ဝါသနာရှင် ၁၀၃ ဦး လာရောက်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါ ဝါသနာရှင်များထဲမှ ၄၅ ဦးကို ပထမအဆင့် ရွေးချယ်ခဲ့သည်။

ရွေးချယ်ခံရသူ ၄၅ ဦးသည် ဇူလိုင် ၂၁ ရက်တွင် ဒုတိယအဆင့် ဆက်လက်သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇူလိုင် ၂၃ ရက် ည ၈ နာရီခွဲတွင် မော်လမြိုင် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ငြိမ်းချမ်းရေးဂီတပွဲတော် ယှဉ်ပြိုင်ခြင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသပေးမည်ဖြစ်သည်။

ပထမအဆင့် ပဏာမအသံစစ်ဆေးခြင်းများကို ဇူလိုင်လမှ ဩဂုတ်လအထိ ရက်သတ္တပတ် တစ်ပတ်လျှင် တစ်မြို့နှုန်းဖြင့် လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးမြို့နှင့် ဘားအံမြို့တို့၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့လက်ရွေးစင် အမျိုးသားဟော်ကီအသင်း တရုတ်နိုင်ငံ၌ လေ့ကျင့်ရန်ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၀**

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသား ဟော်ကီအသင်းသည် လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ယနေ့မွန်းလွဲပိုင်းက တရုတ်နိုင်ငံ ချန်ဒူးမြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလု




ဓာတ်ပုံ-ဟော်ကီအဖွဲ့ချုပ်

ထော်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာအမျိုးသားဟော်ကီအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသိန်းထွေး၊ နည်းပြချုပ်အဖြစ် မစ္စတာ ဇာဟစ်အလီ (ပါကစ္စတန်)၊ နည်းပြအဖွဲ့ဝင် သုံးဦးနှင့် ကစားသမား ၂၀ တို့ လိုက်ပါသွားကြသည်။ မြန်မာအမျိုးသားဟော်ကီအသင်းသည် ဇူလိုင် ၃၀ ရက်အထိ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး တရုတ်နိုင်ငံရှိ အဆင့်မြင့် ဟော်ကီအသင်းများနှင့် လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယင်းလေ့ကျင့်ရေး ခရီးစဉ်ကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ပူးတွဲဆောင်ရွက်မှု အစီအစဉ်အရ အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်ပေးမှုဖြင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်သည် မြန်မာအမျိုးသား ဟော်ကီအသင်းအား လိုက်ပါပို့ဆောင်ရာတွင် အသင်း၏လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်း-ရဲရင့်ရှိုင်း**

### ❀ ကျော်ဖုံးမှ

ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည် မဟုတ်ပေ။ ဘရူနိုင်းအသင်းသည် အဖွင့်ပွဲတွင် ဩစတြေးလျကို နှစ်ဂိုးသာ ပေးခဲ့ရသောကြောင့် မြန်မာအသင်း အနေဖြင့် ပေါ့ဆ၍မရဘဲ ခံစစ်နှင့် ဂိုးသမားမှာလည်း ဖျက်ထုတ်ကာကွယ်မှု ကောင်းသဖြင့် ဂိုးပြတ်သွင်းနိုင်ရန် လိုအပ်နေသော မြန်မာအသင်းသည် ရရှိသည့် အခွင့်အရေးကို အသုံးချနိုင်ရန် လိုအပ်နေသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်နေသည့် အသင်းများနှင့် ဆက်တိုက် ကစားနေရခြင်းဖြစ်ပြီး စင်ကာပူနှင့်အပြီးတွင် ဘရူနိုင်းအသင်းနှင့် ထပ်မံကစားရခြင်းဖြစ်သည်။ ဘရူနိုင်းအသင်းကို ကိုင်တွယ်နေသည့် တောင်ကိုရီးယားလူမျိုး နည်းပြချုပ် ကွမ်အိုဆွန်သည် မြန်မာအသင်းများနှင့် ထိတွေ့မှုရှိသူဖြစ်သောကြောင့် အမှတ်ရယူနိုင်ရန် ကြိုးစားကစားမည်မှာသေချာနေသည်။ စင်ကာပူနှင့်ပွဲတွင် ပုံစံကောင်း ပြသနိုင်ခဲ့ပြီး ပထမဆုံးအကြိမ် ပေးဂိုး မရှိခဲ့သည့် မြန်မာ ယူ-၂၂ အသင်းသည် မြန်မာဘောလုံးပရိသတ်များ၏ တစ်ခဲနက် အားပေးမှုနှင့်အတူ ယနေ့ပွဲတွင်လည်း ထပ်မံအနိုင်ယူသွားဖွယ်ရှိနေသည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "စင်ကာပူကို အနိုင်ရခဲ့တဲ့ပွဲမှာ အသင်းရဲ့ ခြေစွမ်းကို အားရကျေနပ်ပါတယ်။ ပထမပိုင်းမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့လို့သာ ကောင်းကောင်း မကစားနိုင်ခဲ့တာပါ။ ဒုတိယပိုင်းမှာတော့ အသင်းရဲ့ အကောင်းဆုံးပုံစံကို ပြသနိုင်ခဲ့ပါတယ်။ ဘရူနိုင်းအသင်းနဲ့ပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

အာရှခြေစစ်ပွဲ အောင်မြင်ရေး အပြင် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုတစ်ခုဖြစ်သောကြောင့် မြန်မာ ယူ-၂၂ အသင်းသည် ပရိသတ်များအတွက် ရလဒ်ကောင်းတစ်ခု ဆောင်ကြဉ်းပေးသွားဖွယ်ရှိနေသည်။

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်အတွက် အဆိုပြုလွှာများ အချိန်မီတင်သွင်းကြရန် နှိုးဆော်

**ရန်ကုန် ဇူလိုင် ၂၀**

"မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် ၂၀၁၇" အတွက် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအနက်မှ သိပ္ပံဘာသာတွဲတွင် စုစုပေါင်းရမှတ် ၅၇၄ မှတ်နှင့်အထက် ရရှိသူများ၊ ဝိဇ္ဇာ/ ဝိပ္ပံဘာသာတွဲတွင် စုစုပေါင်းရမှတ် ၄၈၂ မှတ်နှင့်အထက် ရရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ခုချင်းအလိုက်တွင် အမှတ်အများဆုံးရရှိသူ တစ်ဦးစီသာလျှင် အဆိုပြုလွှာများကို တင်သွင်းလက်ခံလျက်ရှိကြောင်း အသိပေးကြေညာပြီးဖြစ်သည်။

အဆိုပြုလွှာနောက်ဆုံး လက်ခံမည့်နေ့ ဇူလိုင် ၃၁ ရက်မှာ နီးကပ်လာပြီဖြစ်၍ သတ်မှတ်ချက်နှင့် အကျုံးဝင်သူများသည် မြန်မာ-ဂျပန်အသင်းရုံး (ရန်ကုန်) ဖုန်း-၀၁-၂၅၆၀၇၄၊ ၇၉၂၉၉၄၊ ၀၉-၄၂၁၁၆၂၇၃ တို့တွင် အဆိုပြုလွှာများကို အမြန်ထုတ်ယူပြီး သတ်မှတ်ရက်အမီပေးပို့ကြရန် မြန်မာ-ဂျပန်အသင်းမှ နှိုးဆော်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ❖ လီဗာပူးအသင်းသည် အသက် ၂၂ နှစ်အရွယ် ဂီနီယာလက်ရွေးစင်နှင့် ဂျာမန်ကလပ် လိုက်ပ်ဇစ်ကွင်းလယ်ကစားသမား နာဘီကီတာအတွက် ပေါင် ၆၆ သန်း ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီးနောက် ယခုအခါ ပေါင်သန်း ၇၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်ရန် အဆင်သင့်ဖြစ်နေကြောင်း သိရသည်။
- ❖ မန်စီးတီးအသင်းသည် ရီးရဲမက်ဒရစ်အသင်း၏ ဘရာဇီးဗဟိုခံစစ်ကစားသမား ဒန်နီလိုကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၂၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူစာချုပ်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မိုနာကိုအသင်း၏ ၂၃ နှစ်အရွယ် ပြင်သစ် ဗဟိုခံစစ်ကစားသမား ဘင်ဂျမင်မန်ဒီကို ခေါ်ယူစာချုပ်ရန် နီးစပ်လာပြီဖြစ်ကြောင်း သိရသည်။
- ❖ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် တိုက်စစ်မှူး မိုရာတာအတွက် ချယ်လ်ဆီးအသင်းနှင့် ရီးရဲမက်ဒရစ်အသင်းတို့ကြား သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။
- ❖ မန်ယူအသင်းသည် အသက် ၂၃ နှစ်အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ရိုစ့်ဘာကလေကို စိတ်ဝင်စားနေသည့်အတွက် ယခုအခါ အဲဗာတန်အသင်းတွင် ၎င်း၏အခြေအနေကို စောင့်ကြည့်လျက်ရှိနေသော်လည်း အဆိုပါ ကစားသမားကိုယ်တိုင်က တော့တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒပြင်းပြနေကြောင်း သိရသည်။
- ❖ အဲဗာတန်အသင်း၏ ပစ်မှတ်ဖြစ်သော ဆီဂတ်ဆန်သည် ဆွမ်ဆီးအသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဆွမ်ဆီးနည်းပြ ပေါလ်ကလီးမန့်က ဆိုသည်။ အိုက်စ်လန်လက်ရွေးစင်ကစားသမားသည် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့သွားနိုင်ကြောင်း ထင်ကြေးပေးပြောဆိုနေမှုများရှိနေပြီး အမေရိကန်သို့ ရာသီအကြိုပွဲစဉ်များ ကစားရန် ထွက်ခွာသွားသော ကစားသမားစာရင်းတွင် လိုက်ပါမသွားခဲ့ကြောင်းလည်း သိရသည်။
- ❖ ဆောက်သမ်တန်ဂိုးသမား ဖရေဇာဖော်စတာသည် ဆောက်သမ်တန်အသင်းနှင့် နှစ်ရှည်စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ အင်္ဂလန်လက်ရွေးစင်ဂိုးသမားသည် ၂၀၁၄ ခုနှစ်တွင် စကော့တလန်ကလပ် ဆဲလ်တစ်အသင်းမှ ရောက်ရှိလာသူဖြစ်ပြီး ၁၀၃ ပွဲ ကစားထားပြီးဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်**


### ပျောက်ဆုံးကြောင်း
NADIMAYKHASERVICES မှ ပိုင်ဆိုင်သော ယာဉ်အမှတ် DD-8845၏ သွင်းကုန်လိုင်စင်အမှတ် ILV-13 14-1282 (2-9-2013) (မူရင်း) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဦးမြင့်လွင်**
**၀၉-၄၂၂၅၂၅၀၅၇**

### မိခင်အမည်မှန်
ပြင်ဦးလွင်မြို့ အထက(၁)စတုတ္ထတန်း(B)မှ မောင်ရွှင်မင်းထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်စယ်လီဟော် ၁၃/တယန(နိုင်)၀၁၃၆၅၉ ဖြစ်ပါကြောင်း။
**ဒေါ်စယ်လီဟော်**

### ဖခင်အမည်မှန်
မတ္တရာမြို့ အထက(မတ္တရာ) တက္ကသိုလ်ဝင်တန်း(F)မှ မမိုးဇာနည်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆိုင် ၉/မတရ(နိုင်)၀၀၈၈၂၁ ဖြစ်ပါကြောင်း။
**ဦးကျော်ဆိုင်**

### တွေ့ရင်အကြောင်းကြားပေးပါ

၁၃-၇-၂၀၁၇ ရက် ၂ နာရီခန့် အင်းစိန်မြို့တွင် အနန္တဂုဏ်ရည် ကျောင်းတိုက်မှ သာမဏေဘွဲ့ရှင်ပညာစက္က(ခ)ဝိုင်းချစ် ပျောက်သွားပါသဖြင့် မိဘများစိတ်ဆင်းရဲသောကဖြစ်နေကြသည်။ ဤသတင်းကို ကြားသိပါက အမြန်ဆုံးပြန်လာပါ။
သွေးဆောင်ခေါ်ယူထားသူအား တည်ဆဲဥပဒေအရ အရေးယူမည်၊ အတိအကျ သတင်းပေးနိုင်သူအား ကျေးဇူးဆပ်ပါမည်။
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၀၃၇၂၁၅၃၊**
**၀၉-၇၈၈၁၆၅၇၈၈**

### ဖခင်အမည်မှန်
ပေါင်မြို့ အထက(မုတ္တမ) နဝမတန်းမှ မသဇင်သင်း၏ ဖခင်အမည်မှန်မှာ ဦးချိန်းချောင်း ၁၀/သထန(နိုင်)၁၃၈၅၀၉ ဖြစ်ပါကြောင်း။
**ဦးချိန်းချောင်း**

### ဖခင်အမည်မှန်
သထုံမြို့နယ် အထက(သိမ်ဆိပ်) တက္ကသိုလ်ဝင်တန်း(ဂ)မှ ကျောင်းဝင်အမှတ်(က/၇၆၁၂)မမာလာ၏ ဖခင်အမည်မှန်မှာ ဦးမင်းဝေ ၁၄/ပသန(နိုင်)၁၃၅၇၄၃ ဖြစ်ပါကြောင်း။
**ဦးမင်းဝေ**

### အမည်မှန်
သထုံမြို့နေ ဦးတင်မောင်မြင့် ၁၀/သထန(နိုင်)၁၀၅၃၀၄ ၏ သမီး အလက နောင်ကုလားရွာကြီး၊ တတိယတန်းမှ မရွှေနဒီမိုးမြင့်၏ အမည်မှန်မှာ မရွှေရတီမိုးမြင့် ဖြစ်ပါကြောင်း။
**မရွှေရတီမိုးမြင့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ လေးထောင့်ကန်စံပြကျေးရွာ၊ ကွဲ့ကော်(၁)လမ်းနေ မောင်ဝေဝေထွန်း အထက(၄)မင်္ဂလာဒုံ တက္ကသိုလ်ဝင်တန်းမှ မခိုင်ခိုင်မော်နှင့် နဝမတန်းမှ မရီရီမွန်တို့၏ဖခင် ဦးချိုဦးနှင့် ဦးခင်ချိုဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးချိုဦး(ခ)ဦးခင်ချိုဦး**

### မွေးသက္ကရာဇ်အမှန်
သထုံမြို့၊ နောင်ကုလားအလယ်ရွာ မြောက်ပိုင်းနေ ဦးအောင်ဆန်း၏သမီး မနွေးနွေးအိ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၂-၂၀၀၁ဖြစ်ပါကြောင်း။
**မနွေးနွေးအိ**

### ဖခင်အမည်မှန်
ကျောက်ထုမြို့၊ ရွှေကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဝင်းမာမာခိုင်၏ ဖခင်အမည်မှန်မှာ ဦးစောထွန်း ၈/ပမန(နိုင်)၁၅၅၀၂၉ ဖြစ်ပါကြောင်း။
**ဦးစောထွန်း**

### CLAIMS DAY NOTICE
**M.V DREAM ORCHID VOY:NO(1)**

Consignees of cargo carried by M.V DREAM ORCHID VOY:NO(1) are here by notified that the vessel will arrive on about 24-7-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADINGများ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ကန့်ကွက်နိုင်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နတ်မော်ကျေးရွာ အုပ်စု၊ ကွင်းအမှတ်၁၅၁၇/ခ ပြာကတတ်မြောက်ကွင်း၊ ဦးပိုင်အမှတ် (၁၈၉)(၁၉၀)၊ ဧရိယာ ၀ဒသမ၄၆ဧကရှိမြေကို ဦးမင်းလွင် အမည်ဖြင့်မြေပေးမိန့် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ဤဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2F-9962 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### အများသိစေရန်ကြေညာခြင်း
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၈၊ မြေကွက်အမှတ် ၉၁၈၏ နှစ် ၆၀မြေငှားဂရန် အမည်ပေါက် ဦးနိုင်ဦး LTA-၀၀၄၂၉၃ ဖြစ်ပြီး ၎င်းမြေကွက်ကို အမည်ပေါက် ဦးနိုင်ဦး ကိုယ်တိုင်မှ ဂရန်မိတ္တူ လျှောက်ထားလာရာတွင် နှစ်(၆၀)ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြလျှောက်ထားခဲ့ပြီး သီးခြားသတင်းစာကြော်ငြာဆောင်ရွက်ခဲ့ရာကန့်ကွက်သူမရှိသဖြင့်အမှုတွဲအမှတ်-ဒဂဆက/ဂရ(မိတ္တူ)၂၀၁၆၀၁၉၈၀၄/၁၆(၁၂-၁၀-၁၆)ဖြင့် ဦးနိုင်ဦး ၁၂/လသန(နိုင်)၀၁၂၁၉၂က နှစ် ၆၀မြေငှားစာချုပ် (ဂရန်)မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် ဦးနိုင်ဦးအမည်ဖြင့် ထုတ်ပေးထားသည့် မူလဂရန်စာအုပ်ကို ပယ်ဖျက်ပြီးကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုကြောင်းကို ရုံးတွင်းအမိန့်ဖြင့် မှတ်သားပြီးကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၈၊ မြေကွက်အမှတ် ၉၁၇၏ နှစ် ၆၀မြေငှားဂရန် အမည်ပေါက် ဦးနိုင်ဦး LTA-၀၀၄၂၉၃ဖြစ်ပြီး ၎င်းမြေကွက်ကို အမည်ပေါက် ဦးနိုင်ဦး ကိုယ်တိုင်မှ ဂရန်မိတ္တူလျှောက်ထားလာရာတွင် နှစ်(၆၀)ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြလျှောက်ထားခဲ့ပြီး သီးခြားသတင်းစာကြော်ငြာဆောင်ရွက်ခဲ့ရာ ကန့်ကွက် သူမရှိသဖြင့် အမှုတွဲအမှတ်-ဒဂဆက/ဂရ(မိတ္တူ)၂၀၁၆၀၁၉၈၀၅/၁၆(၁၂-၁၀-၁၆)ဖြင့် ဦးနိုင်ဦး ၁၂/လသန(နိုင်)၀၁၂၁၉၂က နှစ် ၆၀မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် ဦးနိုင်ဦးအမည်ဖြင့် ထုတ်ပေးထားသည့် မူလဂရန်စာအုပ်ကို ပယ်ဖျက်ပြီးကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုကြောင်းကို ရုံးတွင်းအမိန့်ဖြင့် မှတ်သားပြီးကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၈၊ မြေကွက်အမှတ် ၉၁၆၏ နှစ် ၆၀မြေငှားဂရန် အမည်ပေါက် ဦးနိုင်ဦး LTA-၀၀၄၂၉၃ ဖြစ်ပြီး ၎င်းမြေကွက်ကို အမည်ပေါက် ဦးနိုင်ဦးကိုယ်တိုင်မှ ဂရန်မိတ္တူလျှောက်ထားလာရာတွင် နှစ်(၆၀)ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိဝန်ခံချက်တို့ တင်ပြလျှောက်ထားခဲ့ပြီးသီးခြားသတင်းစာကြော်ငြာဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူမရှိသဖြင့် အမှုတွဲအမှတ်-ဒဂဆက/ဂရ(မိတ္တူ) ၂၀၁၆၀၁၉၈၀၆/၁၆(၁၂-၁၀-၁၆)ဖြင့် ဦးနိုင်ဦး ၁၂/လသန(နိုင်)၀၁၂၁၉၂က နှစ် ၆၀မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ် ပါသဖြင့် မြို့မြေစာရင်းတွင် ဦးနိုင်ဦးအမည်ဖြင့် ထုတ်ပေးထားသည့်မူလဂရန်စာအုပ်ကိုပယ်ဖျက်ပြီးကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုကြောင်းကို ရုံးတွင်းအမိန့်ဖြင့် မှတ်သားပြီးကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

**ယမန်နေ့မှအဆက်**

(င) မည်သည့်ပြစ်မှုတွင်မဆို ကလေးသူငယ်သည် အကျင့်စာရိတ္တပျက်ပြားနေသူဖြစ်လျှင်သော်လည်းကောင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်းမရှိသေးသော်လည်း မိဘအုပ်ထိန်းသူမရှိသည့် ကလေးသူငယ်ဖြစ်လျှင် သော်လည်းကောင်း၊ မိဘအုပ်ထိန်းသူရှိသော်လည်း ကလေးသူငယ်အား ဆိုဆုံးမခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေမရှိလျှင်သော်လည်းကောင်း ထိုကလေးသူငယ်ကို အနည်းဆုံး ၂ နှစ်အထိဖြစ်စေ၊ အသက် ၁၈ နှစ် သို့မဟုတ် အသက် ၂၀ နှစ်ပြည့်သည့်အထိဖြစ်စေသင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်နိုင်သည်။

(စ) ကလေးသူငယ်တရားသူကြီး၏ ဆင်ခြင်တုံတရားအရ သင့်တင့်လျောက်ပတ်သည်ဟု ထင်မြင်ယူဆသော စည်းကမ်းချက်များသတ်မှတ်၍ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတွင် သတ်မှတ်သည့်အချိန်ကာလတစ်ရပ်ထိ နေထိုင်စေရန် ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်နိုင်သည်။ ဆိုင်းငံ့ကာလပြည့်သည့်အခါ ပုဒ်မခွဲ (က) မှ (င) အထိပါရှိသည့် အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်။

၈၇။ ကလေးသူငယ်တရားရုံးသည် -

(က) ကလေးသူငယ်အပေါ် ပုဒ်မ ၈၅အရ ချမှတ်သော ထောင်ဒဏ်အပြင် ကလေးသူငယ်၏ပြုလုပ်မှုကြောင့် တစ်စုံတစ်ယောက်သောသူတွင်ထိခိုက်နစ်နာမှုသို့မဟုတ် ဆုံးရှုံးမှုရှိလျှင် ကလေးသူငယ်၏ မိဘ၊ အုပ်ထိန်းသူကပြစ်မှုကျူးလွန်ခြင်းခံရသော ထိခိုက်နစ်နာသူ သို့မဟုတ် ဆုံးရှုံးသူသို့ သင့်လျော်သောလျော်ကြေးပေးဆောင်စေရန်လည်း အမိန့်ချမှတ်နိုင်သည်။

(ခ) အောက်ဖော်ပြပါ အချက်များနှင့် ညီညွတ်လျှင် ပုဒ်မ ၈၆၊ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (င) အရ ချမှတ်ခဲ့သောအမိန့်ကို လိုက်နာပြီးသော ကလေးသူငယ်အားသက်ဆိုင်ရာမိဘ သို့မဟုတ် အုပ်ထိန်းသူထံ ခံဝန်ချုပ်ဖြင့် ဖြစ်စေ၊ ခံဝန်ချုပ် မပြုလုပ်ဘဲဖြစ်စေ ပြန်လည်အပ်နှံရန် မည်သည့်အချိန်တွင်မဆို ပြင်ဆင်၍ အမိန့်ချမှတ်နိုင်သည် -

(၁) ကလေးသူငယ်၏အကျင့်စာရိတ္တအခြေအနေ တိုးတက်ကောင်းမွန်မှုရှိလာခြင်း၊

(၂) မိဘသို့မဟုတ် အုပ်ထိန်းသူရှိသော ကလေးသူငယ်ဖြစ်ခြင်း။

(ဂ) ပုဒ်မခွဲ (ခ) ပါ စီရင်ပိုင်ခွင့်ကို သက်ဆိုင်ရာ သင်တန်းကျောင်းအုပ်၊ ကလေးသူငယ် ကြီးကြပ်သူ သို့မဟုတ် မိဘ၊ အုပ်ထိန်းသူ၏လျှောက်ထားတင်ပြချက်အရ ကျင့်သုံးနိုင်သည်။

၈၈။ (က) ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သေဒဏ်ထိုက်သင့်သော ပြစ်မှုဆိုင်ရာအမှုကို ကျူးလွန်ကြောင်း စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် ကလေးသူငယ်တရားခံအတွက် တရားရုံးတွင် နိုင်ငံတော်စရိတ်ဖြင့် လိုက်ပါဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ရှေ့နေငှားရမ်းပေးရမည်။

(ခ) ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် အကျဉ်းချမှတ်ခြင်းခံရသည့် ကလေးသူငယ်သည်လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရခြင်းကြောင့် နစ်နာသူကလေးသူငယ်သည်လည်းကောင်း၊ ထူးခြားသည့်အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလိုသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများသည် လည်းကောင်း ဥပဒေဆိုင်ရာ အထောက်အကူရရှိနိုင်ရန် မိမိတို့၏ ကလေးသူငယ်မှုခင်းနှင့် သက်ဆိုင်သည့် ဒေသရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အကူအညီတောင်းခံနိုင်သည်။

(ဂ) ကလေးသူငယ်တရားရုံးက ဤဥပဒေအရချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် ကာလစည်းကမ်းသတ်အက်ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံဝင်ရောက်ခွင့် သို့မဟုတ် ပြင်ဆင်မှု တင်သွင်းခွင့်ရှိစေရမည်။

(ဃ) ကလေးသူငယ်မှုခင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ်တရားရုံးကဖြစ်စေ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စီရင်သောတရားရုံးကဖြစ်စေ ချမှတ်သော စီရင်ချက်နှင့် အမိန့်မိတ္တူကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီး မှူးရုံးနှင့် ပြည်ထောင်စုနယ်မြေလူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံးသို့ပေးပို့ရမည်။ အကယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ချမှတ်ခြင်းဖြစ်ပါက ထိုသို့ချမှတ်သောစီရင်ချက်နှင့် အမိန့်မိတ္တူကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၈၉။ ဝန်ကြီးဌာနသည် -

(က) သင်တန်းကျောင်း သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ဤဥပဒေအရ ပို့အပ်ထားသောကလေးသူငယ်ကို စည်းကမ်းချက်ထား၍ဖြစ်စေ၊ မထားဘဲဖြစ်စေ လွှတ်ရန် မည်သည့်အခါမဆို အမိန့်ချမှတ်နိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ဖြစ်ထွန်းစေမည်ဟု ယုံကြည်လျှင် ထောင်ဒဏ်ကျခံနေရသည့် ကလေးသူငယ်ကို အသက် ၂၀ နှစ် ပြည့်သည့်နေ့အထိ သင်တန်းကျောင်းသို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ရွှေ့ပြောင်းထားရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ရွှေ့ပြောင်းထားသည့် ကောင်းမွန်စွာနေထိုင်ခြင်းပြုသော ကလေးသူငယ်၏ကျန်ရှိနေသေးသောထောင်ဒဏ်ကာလကိုပြန်လည်အကျိုးမသက်ရောက်စေရဟု အမိန့်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) အရ ရွှေ့ပြောင်းထားသည့် ကောင်းမွန်စွာ နေထိုင်ခြင်းမပြုသော ကလေးသူငယ်၏ ကျန်ရှိနေသေးသော ထောင်ဒဏ်ကာလကို ပြန်လည်အကျိုးသက်ရောက်စေနိုင်သည်။ ထိုသို့ ပြန်လည်အကျိုးသက်ရောက်စေလျှင် သင်တန်းကျောင်း သို့မဟုတ် ပြုစုစောင့်ရှောက်သူထံတွင် ကလေးသူငယ်နေထိုင်ခဲ့သည့် ကာလကို ပြစ်ဒဏ်ကျခံပြီး ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်။

**အခန်း (၂၃)**

**ကလေးသူငယ် ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များ**

၉၀။ ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကလေးသူငယ်တရားရုံးက ကလေးသူငယ်နှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်သောအခါတွင် လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး အစီရင်ခံစာ တင်သွင်းခြင်း၊

(ခ) မိမိ၏ စောင့်ကြည့်ကြီးကြပ်မှု ခံယူရန် ကလေးသူငယ်တရားရုံးက အမိန့်ချမှတ်ခြင်းခံရသော ကလေးသူငယ်ကို သတ်မှတ်ထားသောနည်းလမ်းဖြင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊

(ဂ) ကလေးသူငယ်ကို အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်ဖွယ်ရာရှိကြောင်း သို့မဟုတ် ကလေးသူငယ်မှာ အန္တရာယ်ကျရောက်လျက်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ လူမှုဝန်ထမ်းအရာရှိနှင့် ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားခြင်း၊

(ဃ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးသည့် ကလေးသူငယ်ကိုတွေ့လျှင် ထိုကလေးသူငယ်ကို ထွက်ပြေးခဲ့သည့် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း၊

(င) ပုဒ်မခွဲ (ဃ) အရ ထွက်ပြေးသည့် ကလေးသူငယ်မှာ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရိုက်နှက်ဆုံးမခြင်း သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေသော ပုံစံတစ်မျိုးမျိုးဖြင့် ပြစ်ဒဏ်ပေးခြင်းကြောင့် ထွက်ပြေးခြင်းဖြစ်ပါက ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်အဖြစ်သတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေလူမှုဝန်ထမ်းဦးစီးမှူးရုံးများ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမိဘ သို့မဟုတ် အုပ်ထိန်းသူ၊ ရပ်ရွာလူကြီးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ပေးသော ကလေးသူငယ်နှင့် သက်ဆိုင်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း (၂၄)**

**အကျဉ်းထောင်များတွင် ကလေးသူငယ်များကို ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ခြင်း**

၉၁။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် ထောင်ဒဏ်ချမှတ်ခံရသော ကလေးသူငယ်နှင့် စပ်လျဉ်း၍ -

(က) ကလေးသူငယ် အသက် ၁၈ နှစ် ပြည့်သည့်အထိ လူကြီးအကျဉ်းသားများနှင့် အတူတကွ မထားရှိရ။

(ခ) လူကြီးအကျဉ်းသားများ ကူးလူးဖြတ်သန်းသွားလာခြင်း မပြုနိုင်သည့် သီးခြားအဆောင် သို့မဟုတ် အခန်းတွင် ထားရှိရမည်။

(ဂ) သက်ဆိုင်ရာ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ သူငယ်ချင်း မိတ်ဆွေများနှင့်လည်းကောင်း၊ ရှေ့နေ၊ ဥပဒေအကြံပေးနှင့်လည်းကောင်း လွတ်လပ်စွာ တွေ့ဆုံခွင့်ပြုရမည်။ ၎င်းတို့နှင့် ကလေးသူငယ်အကြား စာရေးသားဆက်သွယ်မှုနှင့် အခြားဆက်သွယ်ပြောဆိုမှုများကို လျှို့ဝှက်ထားရှိရမည်။

(ဃ) တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပစ္စည်းများမှအပ ကလေးသူငယ်ထံပေးပို့သည့် အစားအသောက်နှင့် သတ်မှတ်ထားသော ပစ္စည်းများ ပေးပို့ခြင်းကို လက်ခံခွင့်ပြုရမည်။

(င) အလုပ်ကြမ်း ခိုင်းစေခြင်း သို့မဟုတ် အကျဉ်းဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ သတ်မှတ်ထားသော စခန်းသို့ ပို့လွှတ်ခြင်း မပြုရ။

(စ) ကလေးသူငယ်အား ကျန်းမာရေးစစ်ဆေးခြင်းကို မဖြစ်မနေပုံမှန်ပြုလုပ်ပေးပြီး လိုအပ်ပါက ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန် စီစဉ်ဆောင်ရွက်ရမည်။

(ဆ) ကလေးသူငယ်၏ အကျင့်စာရိတ္တကို ပြုပြင်ပြောင်းလဲပြီး လူ့အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုမည့် သင်တန်းပို့ချခြင်း၊ ပညာသင်ကြားပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကြားပေးခြင်းတို့ပြုရမည်။

(ဇ) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ထောင်ဒဏ်မှ လျော့ရက်ခံစားခွင့်ပေးရမည်။

၉၂။ အကျဉ်းထောင် တာဝန်ခံအရာရှိသည် -

(က) ကိုယ်ဝန်ဆောင် အမျိုးသမီးအကျဉ်းသားအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊အကျဉ်းထောင် ပြင်ပဆေးရုံတစ်ခုခုတွင်သာ မီးဖွားနိုင်ရေး၊ မိခင်နှင့်ကလေးပြုစုစောင့်ရှောက်ရေးတို့အတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးရမည်။အကယ်၍ အကျဉ်းထောင်အတွင်း မွေးဖွားရသည်ဆိုပါက အကျဉ်းထောင်အတွင်း မွေးဖွားကြောင်းကို ကလေး၏ မွေးစာရင်းတွင် ဖော်ပြခြင်း မပြုရ။

(ခ) မိခင်အကျဉ်းသား၏ ကလေးသူငယ်ကို အကျဉ်းထောင်ပြင်ပတွင် အုပ်ထိန်းမည့်သူ သို့မဟုတ် ပြုစုစောင့်ရှောက်မည့်သူ မရှိလျှင် ဖြစ်စေ၊ အကျဉ်းထောင်တွင် ကလေးမွေးဖွားလျှင်ဖြစ်စေ မိခင်က ဆန္ဒရှိလျှင် ကလေးသူငယ် အသက် ၄ နှစ်ပြည့်သည်အထိ အကျဉ်းထောင်တွင် မိခင်နှင့်အတူ နေထိုင်ခွင့်ပြုရမည်။အကယ်၍ ထိုကလေးသူငယ်ကို မိခင်က ဆန္ဒရှိပါက အသက် ၆ နှစ်ပြည့်သည်အထိ အကျဉ်းထောင်တွင် မိခင်နှင့်အတူ ဆက်လက်နေထိုင်ခွင့်ပြုနိုင်သည်။

(ဂ) အကျဉ်းထောင်တွင် မိခင်အကျဉ်းသားနှင့်အတူ နေထိုင်သော ကလေးသူငယ်အတွက် အစားအသောက်နှင့် စားဝတ်နေရေး၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုတို့ ဖြည့်ဆည်းပေးရန် တာဝန်ယူရမည်။ထို့အပြင် ရှေးဦးအရွယ်ကလေးသူငယ်များအတွက် နေ့ကလေးထိန်းဌာနနှင့် မူလတန်းကြိုကျောင်းများကို ဖွင့်လှစ်သင်ကြားနိုင်ရေးနှင့် အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းစီစဉ် ဆောင်ရွက်ရမည်။

(ဃ) မိခင်အကျဉ်းသားသည် အကျဉ်းထောင်တွင် ကွယ်လွန်သည့်အခါ အတူနေ ကလေးသူငယ် တစ်ဦးဦး ကျန်ရစ်ခဲ့လျှင်သော်လည်းကောင်း၊ မိခင်အကျဉ်းသားနှင့် အတူနေထိုင်သော ကလေးသူငယ်သည် အသက် ၆ နှစ် ပြည့်လျှင်သော်လည်းကောင်း၊ ကလေးသူငယ်ကို ပြုစုစောင့်ရှောက်ရန်နှင့် အုပ်ထိန်းရန်အတွက်အစီအစဉ်များပြုလုပ်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆောလျင်စွာ အကြောင်းကြားရမည်။

(င) ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းနေကလေးသူငယ်များ အကျဉ်းထောင်အတွင်း အတန်းပညာဆက်လက်သင်ကြားနိုင်ရေးနှင့်သင်ထောက်ကူပစ္စည်းများဖြည့်ဆည်းပေးရေးအတွက်လည်းကောင်း၊ အားကစားနှင့် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရမည်။

၉၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၉၂၊ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသော ကလေးသူငယ်အားအုပ်ထိန်း၍ ပြုစုစောင့်ရှောက်ပေးမည့် ဆွေမျိုးသားချင်းများထံ အပ်နှံရမည်။ အကယ်၍ဆွေမျိုးသားချင်းမရှိလျှင် ဤဥပဒေနှင့်အညီ သင့်လျော်သောပြုစုစောင့်ရှောက်သူထံသို့ဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းစဉ်ဖြင့်ဖြစ်စေ အပ်နှံစေနိုင်သည်။

**အခန်း (၂၅)**

**ပြစ်မှု ကျူးလွန်ခြင်းခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ်သက်သေများအား အကူအညီနှင့် အကာအကွယ်ပေးခြင်း**

၉၄။ ကလေးသူငယ်မှုခင်းနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာတွင် ဖြစ်စေ၊ ကလေးသူငယ်တရားရုံး ရှေ့မှောက်တွင်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသော ကလေးသူငယ်များ၊ သက်သေအဖြစ်ထွက်ဆိုသော ကလေးသူငယ်များနှင့် စပ်လျဉ်း၍ -

(က) ထိုကလေးသူငယ်များသည် ဤဥပဒေပါ အခြားအခွင့်အရေးများအပြင် အထူးသဖြင့် အောက်ပါအခွင့်အရေးများကို ခံစားခွင့်ရှိသည် -

(၁) တစ်ဦးချင်းလွတ်လပ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မှု ရရှိရန်အခွင့်အရေး၊

(၂) ကလေးသူငယ်နှင့် သင့်တော်သော ပတ်ဝန်းကျင်တွင် တွေ့ဆုံမေးမြန်းပြီး သက်သေအဖြစ်ထွက်ဆိုရန် အခွင့်အရေး၊

(၃) မည်သည့်မှုခင်းကိုမဆို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကြားနာစစ်ဆေးပေးမှု ခံယူရရှိရန် အခွင့်အရေး၊

(၄) အလေးဂရုပြုမှုဖြင့် ဆက်ဆံမှုရရှိခွင့်၊ အသက်အရွယ်နှင့်သင့်လျော်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် မေးခွန်းများ မေးမြန်းဖြေကြားခွင့် အခွင့်အရေး၊

(၅) ကိုယ်တိုင်ထွက်ဆိုနိုင်ခြင်းမရှိသောမသန်စွမ်းကလေးသူငယ်အတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူကနူတ်ဖြင့်ဖြစ်စေ၊ လက်သင်္ကေတပြ ဘာသာစကားဖြင့်ဖြစ်စေ၊ အခြားနားလည်လွယ်သည့် အမူအရာဖြင့်ဖြစ်စေ ကိုယ်စားပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေး။

*(ဆက်လက်ဖော်ပြပါမည်)*

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၇၈)

# အာမခံ မပေးသည်မှာ ပြဿနာ



ဦးဟန်ညွန့် (ဥပဒေ)

**အဓိကပြဿနာ**

"တရားရုံးတွေမှာ အဓိကပြဿနာက အာမခံမပေးတဲ့ ပြဿနာပဲ။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)မှာ အာမခံမပေးဘူး။ ဒီနေ့တရားစွဲ။ ဒီနေ့အဖမ်းခံရတယ်။ အချုပ်အနှောင်ခံရတယ်။ ထောင်ဒဏ်သုံးနှစ်ပဲရှိတယ်။ အာမခံမပေးနိုင်တဲ့ ဥပဒေပြဋ္ဌာန်းချက်နဲ့ ငြိစွန်းတယ်။ ဒါကြောင့် အာမခံမရဘူး။ တစ်တိုင်းပြည်လုံးက ဆန္ဒပြပွဲတွေမှာ ဒီကိစ္စကိုပဲ ကြွေးကြော်နေကြတယ်။ ဆန္ဒပြနေကြတယ်။ ယခုတော့ ပြင်ဆင်ဖို့ ဥပဒေကြမ်းထွက်လာနေပါပြီ။ ဘာပဲဖြစ်ဖြစ် အာမခံမပေးတဲ့ပြဿနာကို ဘယ်လိုရှင်းကြမှာလဲ။ ဘယ်လို ကုစားကြမှာလဲ။ ဆရာ့အမြင်ရေးပါ။ ပုဒ်ထီး၊ ပုဒ်မတွေချည်းမရေးဘဲ အများနားလည်အောင်ရေးပါ" ဟု မိတ်ဆွေတစ်ဦးက ပြောသည်။ ထို့ကြောင့် ဤစာကို ရေးပါသည်။

**ရာဇဝတ်ကျင့်ထုံးပြဋ္ဌာန်းချက်များ**

"ပုဒ်ထီး၊ ပုဒ်မတွေ မရေးနှင့်" ဟု ဆိုသော်ငြား ရာဇဝတ်ကျင့်ထုံးပြဋ္ဌာန်းချက်များကိုတော့ ကိုးကားမှဖြစ်မည်။ အခြေခံသဘော မပြော၍မရ၊ မရေး၍ မရ။ ဥပဒေကိုးကားမှလည်း ပြဿနာရှင်းမည်။

**ရာဇဝတ်ကျင့်ထုံး၊ အခန်း ၃၉**

<u>**ပုဒ်မ ၄၉၆**</u>။ အာမခံအကြောင်း ပြဋ္ဌာန်းသည်။ မည်သို့သော အမှုများတွင် အာမခံယူရခြင်းကို ဖော်ပြသည်။

မည်သည့်အဆင့်၌မဆို အာမခံပေးရန် အသင့်ဖြစ်သလား။ အသင့်ဖြစ်လျှင် အာမခံဖြင့် လွှတ်ထားရမည်။ တရားရုံးက သင့်သည် ထင်မြင်လျှင်ဟူသော ပြဋ္ဌာန်းချက်ကို သတိပြုပါ။

<u>**ပုဒ်မ ၄၉၇**</u> ။ အာမခံမပေးနိုင်သော ပြစ်မှုတွင် မည်သည့်အခါ အာမခံယူနိုင်ကြောင်း ဖော်ပြသည့် ပုဒ်မဖြစ်သည်။ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် စီရင်ထိုက်သော ပြစ်မှုဖြစ်လျှင် လွှတ်မထားရ။ စီရင်ချက်မချမီ (တရားခံအပြစ် မကျူးလွန်ကြောင်း အကြောင်းရှိလျှင်) အာမခံဖြင့် လွှတ်သင့်က လွှတ်ရန်လည်း ဖော်ပြသည်။

<u>**ပုဒ်မ ၄၉၈**</u>။ အာမခံပေးခြင်း၊ လျှော့ခြင်းအတွက် တရားသူကြီးကိုပေးထားသော အာဏာဖြစ်သည်။

<u>**ပုဒ်မ ၄၉၉**</u>။ တရားခံနှင့်အာမခံ ခံသူများ၏ ခံဝန်ချုပ်အကြောင်း ဖော်ပြသည်။

<u>**ပုဒ်မ ၅၀၀**</u>။ အချုပ်မှ လွှတ်ခြင်းအကြောင်းဖြစ်သည်။

**ရှေ့နေချုပ်(သို့မဟုတ်)ကိုယ်စား**

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၉၈ တွင်-

အာမခံလျှောက်ပါက ရှေ့နေချုပ်ကိုဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကိုဖြစ်စေ(ပြည် ထောင်စုရှေ့နေချုပ်-သို့မဟုတ်-ကိုယ်စားဥပဒေအရာရှိ)အား မကြားနာဘဲ အာမခံမပေးရဟု ဖော်ပြသည်။

**စီရင်ထုံး မှုသဘော**

(၁) နှစ်ဖက်ကြားနာရမည်။

(၂) ဆီလျော်ရာ အမှုအခြေအနေဆင်ခြင်ပါ။

(၃) အာမခံကိစ္စ ဆုံးဖြတ်ပါ။

(၄) လိုတစ်မျိုး၊ မလိုတစ်မျိုး မဖြစ်စေရ။

(၅) တရားမျှတပါစေ။

**တရားမျှတမှု**

တရားမျှတမှုဆိုတာဘာလဲ။

-တရားမျှတမှုတွင် ဥပဒေနှင့်ညီရမည်။

-လွတ်လပ်ရမည်။ အချုပ်အချယ်မရှိ။

-ပြည်သူမြင်စေရာသည်။ ခုခံချေပခွင့်ပေးပါ။

-အယူခံခွင့်ရှိရမည်။ ဤမှုသဘောစောကြောပါ။

**တရားစီရင်သောမှုခင်းကိစ္စ**

တရားစီရင်သော မှုခင်းကိစ္စ (Judicial Proceeding) ဆိုသည့် စကားရပ်တွင် သက်သေတို့အား ကျမ်းသစ္စာပြုစေပြီး သက်သေခံချက်များကို ဥပဒေနှင့်အညီ ရယူသည့် မည်သည့်မှုခင်းကိစ္စမဆို ပါဝင်သည်။

<u>**[ရာဇဝတ်ကျင့်ထုံး ဥပဒေ၊ ပုဒ်မ ၄ (၃)]**</u>

**၃ နှစ်နှင့် ၃ နှစ်အထက်**

ရာဇဝတ်ကျင့်ထုံးဥပဒေ၊ နောက်ဆက်တွဲဇယားတွင် ရာဇသတ်ကြီးပါ ပြစ်မှုများမဟုတ်သော အထူးဥပဒေများ၌ [(ဥပမာ၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)] ထောင်ဒဏ် ၃ နှစ်နှင့် ၃ နှစ်အထက် ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားလျှင် အဆိုပါ အမှုကို အာမခံမပေး(မပေး)ရန် ပြဋ္ဌာန်းချက်ရှိသည်။

**ဆင်ခြင်တုံတရား**

အာမခံကိစ္စကို တရားသူကြီး၏ ဆင်ခြင်တုံတရားက လွှမ်းမိုးထားသည်။ ချုပ်ကိုင်ထားသည်။ ကျင့်ထုံးက တားမြစ်ထားသော်လည်း အာမခံပေးသူက ပေးသည်။ အာမခံ မပေးသူကမပေး။ တရားသူကြီးချင်းအတူတူ၊ လုပ်ပိုင်ခွင့်အဆင့်ချင်းအတူတူ၊ အမှုအဖြစ်အပျက် ပုံစံလည်း အတူတူ။ သို့သော်... မြို့မှာ အာမခံရသည်။ ... မြို့မှာ အာမခံမပေး။ ဦးနီမှာ အာမခံရသည်။ ဦးဝါမှာ အာမခံမရ။ မဖြူမှာ အာမခံရသည်။ မပြာမှာ အာမခံမရ။ တစ်ရုံး တစ်ထုံးဖြစ်နေပြီ။ စဉ်းစားပုံမတူ။ သုံးသပ်ပုံမတူ။ အာမခံပေးပုံမတူ။ ဘယ်လိုလဲ။ ဘာဆင်ခြင်တုံတရားလဲ။ အမှုတွေ ဘယ်လိုဖြစ်နေကြသလဲ။ တရားခံတွေ မည်သို့ခံစားနေရပြီလဲ။ စိတ်ထဲမကောင်း။

> **အာမခံကိစ္စကို တရားသူကြီး၏ ဆင်ခြင်တုံတရားက လွှမ်းမိုးထားသည်။ ချုပ်ကိုင်ထားသည်။ ကျင့်ထုံးက တားမြစ်ထားသော်လည်း အာမခံပေးသူက ပေးသည်။ အာမခံ မပေးသူက မပေး။ တရားသူကြီးချင်းအတူတူ၊ လုပ်ပိုင်ခွင့်အဆင့်ခြင်း အတူတူ၊ အမှုအဖြစ်အပျက် ပုံစံလည်း အတူတူ။ သို့သော်... မြို့မှာ အာမခံရသည်။ ... မြို့မှာ အာမခံမပေး**

**တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်ကောင်းစေတနာရှိမှု**

တရားသူကြီးတိုင်း <u>**ဥပဒေနှင့်အညီ**</u> တရားစီရင်သည်ကို အများအသိပါ။ အများနားလည်ကြပါသည်။ သို့သော် ဥပဒေနှင့်အညီဟုဆိုရာတွင် တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်ကောင်းစေတနာရှိမှုများသည်လည်း ထက်ကြပ်မကွာ လိုက်ပါရမည်သာ။ ဟိုတရားသူကြီးကတစ်မျိုး၊ ဒီတရားသူကြီးကတစ်ဖုံ။

[အားလုံးတူရမည်မပြောပါ။]အတွေ့အကြုံတွေကို ကြည့်ပြီး ခိုးလိုးခုလုဖြစ်သူတွေ အများကြီးပါ။ မချင့်မရဲဖြစ်ကြသူတွေ၊ ခံစားရသူတွေ၊ ဒေါသပေါက်ကွဲရသူတွေ၊ တရားသူကြီး၏ ဆင်ခြင်တုံတရားအပေါ် အများနားမလည်နိုင်ဖြစ်ရတာတွေ...။

**အချုပ်အနှောင်မခံလို**

ဘယ်သူမှ အချုပ်အနှောင်မခံလို။ တစ်ရက်တစ်စက္ကန့်မျှပင် အချုပ်ထဲ၊ ထောင်ထဲမနေလို။ လွတ်လပ်သော သဘာဝ စဉ်းစားကြစေလို။ ဤသို့တွေးလျှင်၊ မြင်လျှင် အာမခံကိစ္စက ပို၍၊ ပို၍ ပီပြင်မည်။ ပို၍၊ ပို၍ အမြင်ကျယ်မည်။ ပို၍၊ ပို၍ ကိုယ်ချင်းစာမည်။ ပို၍၊ ပို၍ ဆင်ခြင်တုံတရားကြီးမားမည်။ ပုံသေကားချပ်တော့ မရှိပါ။

**အကြောက်တရားကြောင့်**

ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟတွေကြောင့်၊ အကြောက်တရားကြောင့်၊ လာဘ်ပေး လာဘ်ယူကြောင့်၊ အာဏာရှင်ကြောင့်၊ ချစ်ခင်သောကြောင့်၊ သံယောဇဉ်ကြောင့်၊ ကြောင့်၊ ကြောင့်၊ ကြောင့်... တွေများလေလေ တရားသူကြီး၏ ဆင်ခြင်တုံတရား ဝေဝါးလေလေဖြစ်ပေတော့မည်။ ထိုအခါ အချုပ်အနှောင်ခံရသူ (တရားခံ)ခမျာဘာပြောစရာရှိပါမည်လဲ။ ထုချေခွင့်၊ ရှင်းလင်းခွင့်တွေ မရသေး။ ရမန်ကြီးတစ်ပတ် ပြေးပေရော့ဟုဆိုကာ အချုပ်ခန်းသို့ မြန်းရရှာသည်။ ညီတူမျှတူရှိဖို့၊ တစ်ရုံးတစ်ထုံးဖြစ်ဖို့ စဉ်းစားစို့။

**ဤသို့ဆိုလျှင်**

အာမခံပေးသင့်သူကို အာမခံရဲရဲပေးပါ။ မချုပ်နှောင်ထားပါနှင့်။ တရားခံခမျာလည်း ဒုက္ခဆင်းရဲ၊ ချုပ်နှောင်ထားရသော အစိုးရဌာနများမှာလည်း ငွေကုန်ကြေးကျများလှ၊ ရဲတပ်ဖွဲ့ဝင်များလည်း အလုပ်ရှုပ်။ တရားခံ၏လုံခြုံရေး စီစဉ်ပေးရသူတွေ အတွက်ပါ မသက်သာ။ တရားခံ၏ ဆွေမျိုးသားချင်းများ ခမျာလည်း မျက်ရည်စက်လက်၊ ရတက်မအေး၊ ရက်ချိန်းကဝေးသေး။ ရှေ့နေစရိတ်၊ ဘာစရိတ်၊ ညာစရိတ်တွေလည်းများလှ၊ ကုန်လှချေပြီ။ သာတူညီမျှ၊ စိတ်ကောင်းစေတနာ ဘယ်မှာရှာရမည်လဲ။ ဘယ်လိုကုစားကြမည်လဲ။

**နေရာလဲ၍ကြည့်ပါ**

နာမည်ကျော်တရားသူကြီးတစ်ဦးက <u>**"မင်းတို့ တရားသူကြီးပေါက်စတွေ သတိထားကြ။ တရားခံကိုချုပ်မိန့်ပေးတဲ့အခါ၊ နေရာချင်းလဲ၍ကြည့်ပါ။ တရားသူကြီးက တရားခံနေရာမှာ သွားပြီး ကိုယ်စားခဏ ထိုင်ကြည့်ပါ။ ငါသာတရားခံဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးမျိုးပေါ့။ ကိုယ်ချင်းစာဖို့၊ နားလည်ပေးဖို့ သတိပေးခဲ့မယ်"**</u> ဟုတရားသူကြီးမွမ်းမံသင်တန်းမှာ လမ်းညွှန်ခဲ့ဖူးသည်။ အထူးမှတ်၍၊ မပြတ်လေ့ကျင့်၊ တရားသူကြီးတို့၏ ဂုဏ်ရည်မြင့်စေမှာ သေချာသည်။

**စေတနာ**

(၁) အာမခံမရ၍ သောကအပူမီး ဖိစီးနေကြရရှာသော အချုပ်တရားခံများ၊ (စွပ်စွဲခံရသူများ) အတွက် ကိုယ်ချင်းစာတတ်ကြပါစေ။

(၂) အာမခံမပေးသင့်၍ မပေး(မပေး)တာ ဘာမှပြောစရာမရှိပါ။ ဥပဒေနှင့်အညီပါ။

(၃) တရားသူကြီး၏ ဆင်ခြင်တုံတရားဟူသည် ဥပဒေနှင့်လည်းညီ၊ တရားမျှတမှုလည်းရှိ၊ သာနာညီမျှမှုပါပြည့်စုံ၊ စိတ်ကောင်းစေတနာလည်း ရှိလျှင်တော့ လောကကြီးကပို၍ သာယာမည်ဖြစ်ကြောင်း (အာမခံမပေးသည်မှာ ပြဿနာဖြစ်ကြောင်း) တွေးမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ........။

## ခန္တီးမြို့နယ် ရေဘေးရှောင်ပြည်သူများအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ခန္တီး ဇူလိုင် ၂၀**

ခန္တီးမြို့နယ်တွင် ချင်းတွင်းမြစ်ရေလျှံတက်မှုကြောင့် ချင်းတွင်းမြစ်ရိုး တစ်လျှောက်ရှိ မြေနိမ့်ပိုင်းကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်ရှိ မြေနိမ့်ပိုင်းရပ်ကွက်များမှ ရေနစ်မြုပ်သည့် မိသားစုများ၊ ရပ်ကွက်ကျေးရွာအလိုက် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းမွေးမွေးခင်တို့က ထောက်ပံ့ငွေများနှင့် လူသုံးကုန်ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ရေဝင်ရောက်သည့် မိသားစုဝင်များအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တစ်အိမ်လျှင် ဆန်ငါးပြည်စီ၊ NLD ပါတီက တစ်ဦးလျှင် ဆန်နှစ်ပြည်နှင့် ခေါက်ဆွဲထုပ်ကြီးနှစ်ထုပ်စီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တစ်အိမ် ထောင်စုလျှင် ဆား ၅၀ သားနှင့် စားဆီ ၅၀သားကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က တစ်အိမ်ထောင်စုလျှင် ငွေကျပ် တစ်သောင်းကျပ်စီဖြင့် လည်းကောင်း သွားရောက်ထောက်ပံ့ ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ နန်ဖာကျေးရွာတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းဆရာ ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ ထောက်ပံ့ပေးခဲ့ပြီး ကြားမှော်(ခ)ရွှေမြင့်မိုရ်ကျေးရွာ အိမ်ကမ်းပါးပြိုကြမှုအတွက် ငွေကျပ်တစ်သိန်းနှင့် မီးရရှိရေးအတွက် ငွေကျပ် ငါးသောင်းကိုလည်းကောင်း ဆင်သေကျေးရွာ၊ မှန်ပင်ကျေးရွာ၊ ကြားမှော် (ခ) ရွှေမြင့်မိုရ်ကျေးရွာများ၌ တစ်အိမ်ထောင်စုလျှင် ငွေကျပ် တစ်သောင်းစီတို့ကို ထောက်ပံ့ပေးခဲ့ကြကြောင်း သိရ သည်။

**ချန်လော**



**မိုးသည်းထန်စွာရွာသွန်းသောကြောင့် ဇူလိုင် ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် ၉၅ လမ်းကြားအမှတ်(၈၆) ငါးခန်းတွဲအိမ်ပေါ်သို့ လုံးပတ် ၁၇ ပေခန့်ရှိ နှစ်ရှည်ကုက္ကိုပင်လဲကျ၍ စည်ပင်သာယာက ရှင်းလင်းနေစဉ်**
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## လျှပ်စစ်မီးရရှိရေး ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**မအီ ဇူလိုင် ၂၀**- လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း သံတွဲခရိုင် မအီမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လမူးမော်ကျေးရွာ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ဒေသခံပြည်သူလူထုများနှင့်တွေ့ဆုံပွဲကို ဇူလိုင် ၁၇ ရက် လမူးမော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဦးစီးမှူးရုံးမှ သိရသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ငွေမိုးက လိုအပ်သောလုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ လမူးမော်ကျေးရွာ၌ ၁၁ ကေဗွီလိုင်း ၁.၂ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၉ ဒသမ ၅၀ မိုင်၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ခုနစ်လုံးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၁၅၇)



ကြည့်မြင်တိုင်မြို့နယ် ပန်းတဉ်းတန်း အရှုဏ်တော်ဝတ်အသင်းက ကြီးမှူး၍ ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ (၇၆) ကြိမ်မြောက်အဖြစ် ရွှေစင်၊ ရွှေသား၊ ရွှေပြားသက်န်းတော်များ လှူဒါန်းနိုင်ရေးအတွက် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နေ ဦးဝင်း-ဒေါ်သိန်း၊ သား သရုပ်ဆောင် နေမင်းခ မိသားစုက (၁၂) ကြိမ်မြောက်အဖြစ် ရွှေစင် သုံးကျပ်သားအတွက် အလှူငွေကျပ် ၂၄၃၀၀၀၀ ကို ဇူလိုင်လ ပထမပတ်က ပေးအပ်လှူဒါန်းရာ အသင်းနာယကနှင့် ဥက္ကဋ္ဌများက လက်ခံယူစဉ်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဆိုသည်မှာ ဝမ်းရောဂါဖြစ်ပွားစေသော ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသော ရေနှင့် အစားအသောက်များ စားသောက်မိခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားစေသည်။

ဝမ်းရောဂါပိုးသည် ရောဂါဖြစ်သူထံမှ စွန့်ပစ်လိုက်သောမစင်တွင် ပါဝင်သည်။ ဝမ်းလျှောရောဂါပြင်းထန်သောအခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းသွားသောကြောင့် အရည်ခန်းခြောက်ခြင်းကို ဖြစ်စေသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက -**

- အရည်ဝမ်းသွားခြင်း
- အော့အန်ခြင်း
- အားအင်ကုန်ခန်းခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း စသည်တို့ ဖြစ်ပွားနိုင်ပြီး
- ထိရောက်စွာကုသမှု အချိန်မီမခံယူပါက အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

**သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် အောက်ပါအချက်များကို လိုက်နာကျင့်သုံးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။**

- ရေကို ကြိုချက်၍သော်လည်းကောင်း၊ ကလိုရင်းဆေး ခတ်၍သော်လည်းကောင်း အသုံးပြုပါ။
- အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ။
- အစားအစာများကို သေချာစွာကျက်အောင် ချက်ပြုတ်၍ ပူပူနွေးနွေး စားပါ။
- ယင်နားစာများ၊ အမှည့်လွန်သစ်သီးများကို မစားပါနှင့်။
- သန့်ရှင်းသော ယင်လုံအိမ်သာများ ဆောက်လုပ်အသုံးပြုပါ။
- အစားအစာများကို မကိုင်မီ၊ အစားအစာများကို မပြင်ဆင်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးလျှင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။
- ကလေးငယ်များ၏ မစင်ကို ယင်မနားအောင် စနစ်တကျစွန့်ပစ်ပါ။
- လူနာ၏ အဝတ်အစားများကို သောက်သုံးရေကန်များအနီးတွင် မလျှော်ဖွပ်ပါနှင့်။
  (ဆေးရုံတက်လူနာများ၏ အဝတ်အစားများကို ဆေးရုံတွင်သာ သီးသန့်လျှော်ဖွပ်ပါ။)

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ညောင်ဦးမြို့နယ် လက်ထုပ်ကျွန်းကျေးရွာ အိမ်သုံး ဆိုလာမီးလင်းရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး ကွင်းဆင်း

**ညောင်ဦး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးညီညီဦး (ဦးစီးအရာရှိ - နည်းပညာ) ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် ညောင်ဦးမြို့နယ် လက်ထုပ်ကျွန်းကျေးရွာရှိ ဒေသခံပြည်သူများ လျှပ်စစ်မီးအစား တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် မီးလင်းခွင့်ရရှိရန် တင်ဒါစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဇူလိုင် ၁၈ ရက်က အဆိုပါ ကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဆိုလာ မီးလင်းရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် တစ်အိမ်သုံး ဆိုလာမီးလင်းရေးလုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် လက်ထုပ်ကျွန်းကျေးရွာသည် ဧရာဝတီမြစ် ရေလယ်ကျွန်းတွင် တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ခြေ ၉၈အိမ်၊ လူဦးရေ ၅၀၀ ကျော်ရှိကာ လျှပ်စစ်မီးမရနိုင်သည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တင်ဒါစနစ်ဖြင့် လက်ထုပ်ကျွန်းကျေးရွာတွင် ၁၀၀ ဝပ် နှင့် ၆၀ ဝပ် နှစ်မျိုးပါဝင်သည့် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ဒေသခံကျေးလက်နေ ပြည်သူများ မီးလင်းခွင့်ရရှိနိုင်ရေးအတွက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် တစ်အိမ်သုံး ဆိုလာမီးလင်းရေးလုပ်ငန်းဆောင်ရွက်ရာ တွင် ၁၀၀ ဝပ် အသုံးပြုမည်ဆိုပါက ငွေကျပ် ၁ ဒသမ ၅ သိန်း၊ ၆၀ ဝပ် အသုံးပြုလိုပါက ငွေကျပ် ငါးသောင်းဖြင့် အသီးသီး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် တင်ဒါဆောင်ရွက်မှုလုပ်ငန်းများ ပြီးစီးသွားပြီ ဖြစ်ကြောင်း သိရသည်။ ယင်းနေ့က တင်ဒါစနစ်ဖြင့် တစ်အိမ်သုံး ဆိုလာမီးလင်းရေးလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်ရေးအတွက် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးညီညီဦး (ဦးစီးအရာရှိ - နည်းပညာ)နှင့် ဝန်ထမ်းများက လက်ထုပ်ကျွန်းကျေးရွာရှိ စာရင်းရှိအိမ်ထောင်စုအလိုက် တစ်အိမ်သုံး ဆိုလာမီးလင်းရေးလုပ်ငန်းများ တပ်ဆင်ဆောင်ရွက်ခွင့်ရရှိနိုင်ရေး ချပြ ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မောင်တောမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်

**မောင်တော ဇူလိုင် ၂၀**

မောင်တောခရိုင်၊ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့များတွင် ယာဉ်ကြီးယာဉ်ငယ်များ များပြားလာခြင်း၊ မြို့တွင်းသို့ကျေးရွာများမှလာရောက်၍ ဈေးရောင်းဈေးဝယ်မှု များပြားလာခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မောင်တောမြို့မရဲစခန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပူးပေါင်းကာ ပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

"ကျွန်တော်တို့ မောင်တောခရိုင်အတွင်းမှာရှိတဲ့ မြို့ပေါ်နဲ့ကျေးရွာတွေမှာ ကားကြီးကားငယ်၊ ဆိုင်ကယ်စတဲ့ ယာဉ်တွေဟာတစ်နေ့ထက်တစ်နေ့ များပြားလာတာတွေ့ရပါတယ်။ တစ်ချိန်တည်းမှာ မြို့ပေါ်ကိုလာရောက်ကြသူတွေ များပြားလာတာကိုလည်း တွေ့ရပါတယ်။ ဒီလိုယာဉ်ရောလူပါ များပြားလာတဲ့အတွက် ယာဉ်အန္တရာယ်ကြောင့် ထိခိုက်သေဆုံးမှုတွေ မဖြစ်ရလေအောင် အခုလိုအသိပညာပေးခြင်း၊ အရေးယူခြင်းတို့ကို အလေးထားဆောင်ရွက်ရခြင်း ဖြစ်ပါတယ်"ဟု မောင်တောမြို့အဝင်ဂိတ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက် နေသော ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက ပြောသည်။

အဆိုပါ ပူးပေါင်းပညာပေးရေးအဖွဲ့သည် မောင်တောအဝင်ဂိတ်၌ မော်တော်ယာဉ်များအား ရပ်တန့်ရှာဖွေစစ်ဆေးခြင်း၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် ရှိ မရှိ၊ မော်တော်ဆိုင်ကယ်စီးသူများ ဆိုင်ကယ်ဦးထုပ်ဆောင်းထားခြင်း ရှိ မရှိတို့ကို စစ်ဆေးခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း မြင့်မောင်စိုး၊အောင်ကျော်ဦး၊ ဓာတ်ပုံ သက္က**




# သထုံမြို့နယ်၌ ငါးသားဖောက်များအား ရက်ချိန်းပေး၍ ရောင်းချပေး

**သထုံ ဇူလိုင် ၂၀**

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာကြာအင်းကွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်း (သထုံ)၌ ငါးသားဖောက်လုပ်ငန်းမှ ငါးဆေးထိုးသားဖောက်၍ မွေးမြူထားသော ငါးသားပေါက်များကို ယခင်နှစ်ကထက် ငါးအကောင်ရေပိုမို ဝယ်ယူမွေးမြူသူ ပြည်သူများအား ရက်ချိန်းပေး၍ရောင်း ချပေးနေရကြောင်း သိရသည်။

"မနှစ်ကထက် ပိုရောင်းရတယ်။ မှာယူတဲ့ ငါးအမျိုးအစားအကောင်ရေလိုသလောက်ကို ကြိုတင်ဖုန်းဆက်မှာပြီး ဝယ်ယူလို့ရပါတယ်။ မျိုးငါးကန်ဧရိယာက နှစ်ကေခွဲရှိပြီး ပြုစုကန်က ခုနစ်ကေပဲရှိတာဆိုတော့ ငါးထုတ် လုပ်မှုပမာဏနည်းပါတယ်။ နွေရာသီမှာ တစ်ခါတစ်ရံ ရေခန်းတတ်လို့ ရေချိုရရှိဖို့အခက်အခဲတွေလည်း ရှိပါတယ်။ ပေါင်၊ မော်လမြိုင်၊ ထားဝယ် ဒေသတွေအပြင် ကရင်ပြည်နယ်ဘက်ကလဲ လာဝယ်ကြပါတယ်" ဟု သထုံငါးလုပ်ငန်းစခန်း တာဝန်ခံဦးစီး အရာရှိ ဦးဝင်းဗိုလ်က ပြောသည်။

ငါးလုပ်ငန်းစခန်း(သထုံ)၏ ငါးထုတ်လုပ်မှု အခြေအနေသည် ၂၀၁၂-၂၀၁၃ ခုနှစ်တွင်အမြင့်ဆုံးငါးသားပေါက်ကောင်ရေ ၇၁ သိန်းအထိ ထုတ်လုပ်နိုင်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်၌ ငါးသားပေါက်ကောင်ရေ ၃၁ သိန်းအထိ လျော့ကျသွားရာမှ ယခုနှစ် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၄၁ သိန်းအထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ငါးသားပေါက်များ ရောင်းချရာတွင်လည်း ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၃၉ သိန်းထိ အများဆုံး ရောင်းချခဲ့ရပြီး ၂၀၁၄-၂၀၁၅ ခုနှစ်၌ ငါးသားပေါက်ကောင်ရေ ၂၂ သိန်း အနည်းဆုံးရောင်းချနိုင်ခဲ့ရာမှ ယခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၃၃ သိန်းအထိ ပြန်လည်မြင့်တက်ရောင်းချခဲ့ရကြောင်း ငါးလုပ်ငန်းစခန်း(သထုံ)၏ စာရင်းဇယားများအရ သိရသည်။

**ခွန်(ဝင်းပ)**

# သန်းခေါင်စာရင်း အချက်အလက်ဆိုင်ရာဆွေးနွေး

**လက်ပံတန်း ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့နယ် ခန်းမဆောင်၌ ဇူလိုင် ၁၇ ရက်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ မြို့နယ်အဆင့်သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင် က အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့်လူမှု ရေးအဖွဲ့အစည်းများမှ ၈၁ ဦး တက်ရောက်ကြပြီး လူဦးရေဆိုင်ရာအချက်အလက်များ၊ ကိုးကွယ်သည့် ဘာသာဆိုင်ရာ အချက်အလက်များ အပါအဝင်ခေါင်းစဉ်ရှစ်ခုဖြင့် ဇူလိုင် ၁၈ ရက်အထိ ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

# ပရီမီယာလိဂ်ကို ပထမဆုံးအကြိမ် ခြေချလာတဲ့ ဟက်ဒါဖီးလ်




**ဟက်ဒါဖီးလ်တောင်း**

| အသင်းမှတ်တမ်း | အောင်မြင်မှုများ |
|---|---|
| တည်ထောင်သည့်နှစ် - ၁၉၀၈ | ပထမတန်းချန်ပီယံ - ၃ ကြိမ် (၁၉၂၃-၂၄၊ (ယခုပရီမီယာလိဂ်) ၁၉၂၄-၂၅၊ ၁၉၂၅-၂၆) |
| အမည်ပြောင် - The Terriers | အက်ဖ်အေဖလားချန်ပီယံ - ၁ ကြိမ် (၁၉၂၂) |
| အိမ်ကွင်း - ဂျွန်စမစ် | ကွန်မြူနတီရှီးလ်ချန်ပီယံ - ၁ ကြိမ် (၁၉၂၂) |
| ဝင်ဆံ့မှု - ၂၄၅၀၀ | |
| ပိုင်ရှင် - ဒန်းဟွိုင်လေ | |
| မန်နေဂျာ - ဒေးဗစ်ဝါနာ | |
| ကပ္ပတိန် - တွမ်မီစမစ် | |

ဟက်ဒါဖီးလ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း အဆင့် (၅) နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့အတွက် ပရီ မီယာလိဂ်ကို တိုက်ရိုက်တက်ရောက်ခွင့်ရရှိခဲ့တဲ့ အသင်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဟက်ဒါဖီးလ်ဟာ တန်းတက်ခွင့်အတွက် ယှဉ်ပြိုင်ရတဲ့ အဆုံးအဖြတ်ပွဲစဉ်တွေမှာ ဗိုလ်စွဲနိုင်တဲ့အထိ စွမ်းဆောင်နိုင်ခဲ့မှုကြောင့် ပရီမီယာလိဂ်ကို တက်ရောက်ခွင့် ရရှိခဲ့တာဖြစ်ပြီး ဟက်ဒါဖီးလ်ဟာ အင်္ဂလန်ရဲ့ပရီမီယာလိဂ်ပြိုင်ပွဲမှာ တစ်ကြိမ်မှ ပါဝင်ယှဉ်ပြိုင်ဖူးခြင်းမရှိတဲ့ အသင်းတစ်သင်းလည်း ဖြစ်ပါတယ်။

**အစဉ်အလာရှိတဲ့အသင်း**

ဒါပေမယ့် ဟက်ဒါဖီးလ်ဟာ အစဉ်အလာကောင်း အချို့ကိုတော့ ပိုင်ဆိုင်ခဲ့ဖူးတဲ့ အသင်းဖြစ်ပြီး အရင်က အင်္ဂလန်ရဲ့ အဆင့်မြင့်ဆုံးပြိုင်ပွဲအဖြစ် ရပ်တည်ခဲ့တဲ့ ပထမတန်းပြိုင်ပွဲမှာတော့ ကာလရှည်ရပ်တည်နိုင်ခဲ့ဖူးတဲ့ အသင်းဖြစ်ကာ ချန်ပီယံဆုဖလားကို သုံးကြိမ်တိုင်တိုင် ရရှိခဲ့တဲ့အပြင် ဒုတိယဆုနေရာမှာလည်း သုံးကြိမ်တိုင်တိုင် ရပ်တည်နိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ဒါ့အပြင် အက်ဖ်အေဖလားပြိုင်ပွဲမှာလည်း ချန်ပီယံဆုကို တစ်ကြိမ်ရရှိဖူးကာ ကွန်မြူနတီဒိုင်းကိုလည်း တစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့တဲ့ အစဉ်အလာတွေ ရှိခဲ့ဖူးပါတယ်။

ဟက်ဒါဖီးလ်ဟာ ၁၉၀၈ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပြီး ပထမကမ္ဘာစစ်အပြီးမှာ တိုးတက်မှုမြန်ဆန်ခဲ့ပြီး ၁၉၂၀-၁၉၂၁ ရာသီမှာ အဆိုပါအချိန်က အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံး အမှတ်ပေးပွဲဖြစ်တဲ့ ပထမတန်းပြိုင်ပွဲကို တက်ရောက်နိုင်ခဲ့ပါတယ်။ ဟက်ဒါဖီးလ်ရဲ့အအောင်မြင်ဆုံးအချိန်ကာလဟာလည်း အဆိုပါကာလအတွင်းမှာသာ ဖြစ်ပေါ်ခဲ့တာဖြစ်ပြီး ပထမတန်းပြိုင်ပွဲပါချန်ပီယံဆုကို သုံးကြိမ်ဆက်တိုက် ရယူနိုင်ခဲ့တဲ့အထိ စွမ်းဆောင်နိုင်ခဲ့ပြီး ဒုတိယသုံးကြိမ်၊ တတိယနှစ်ကြိမ် ရယူနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့ကာ အက်ဖ်အေဖလားမှာလည်း ချန်ပီယံဆု တစ်ကြိမ်၊ ဒုတိယဆု သုံးကြိမ်နဲ့ ကွန်မြူနတီဒိုင်းကို တစ်ကြိမ် ဆွတ်ခူးနိုင်တဲ့အထိ အောင်မြင်ခဲ့ပြီး အဆိုပါ ပထမတန်းပြိုင်ပွဲအတွင်းမှာ ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၁-၁၉၅၂ ရာသီအထိ ဆက်တိုက်ရပ်တည်နိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။

**တစ်ကျော့ပြန်ဟက်ဒါဖီးလ်**

ဒါပေမယ့် အဆိုပါကာလပြီးနောက်မှာတော့ ဟက်ဒါဖီးလ်ရဲ့ ရပ်တည်မှုဟာ မတည်ငြိမ်ခဲ့ဘဲ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းမှာဆိုရင် စတုတ္ထတန်းအဆင့်အထိတောင် ဆင်းသက်ခဲ့ရကာ ၁၉၉၀ ပြည့်လွန်နှစ်တွေမှသာ တစ်ကျော့ပြန် ဦးမော့လာခဲ့တာဖြစ်ပြီး ၂၀၁၂-၂၀၁၃ ရာသီမှာတော့ လိဂ်ချန်ပီယံရှစ်ကို ရောက်ရှိခဲ့ပါတယ်။ အဆိုပါလိဂ်ချန်ပီယံရှစ်မှာလည်း ဘောလုံးရာသီ ငါးရာသီသာကျင်လည်ခဲ့ပြီး အခုလို တန်းတက်ခွင့်ရရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဟက်ဒါဖီးလ်ဟာ ပရီမီယာလိဂ်ကို အခုမှသာ ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တာဖြစ်ပေမယ့်လည်း သမိုင်းကြောင်း အစဉ်အလာကောင်းတွေကို ပိုင်ဆိုင်ထားတဲ့ အသင်းတစ်သင်းဖြစ်တယ်လို့သာ ဆိုရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပရီမီယာလိဂ်ရယ်လို့ အင်္ဂလန်မှာ ဖြစ်ပေါ်လာခြင်းမတိုင်ခင် အင်္ဂလန်ရဲ့အဆင့်အမြင့်ဆုံး ပြိုင်ပွဲဖြစ်တဲ့ ပထမတန်းပြိုင်ပွဲအတွင်းမှာလည်း ဘောလုံးရာသီ ၃၁ ရာသီတိတိ ကျင်လည်နိုင်ခဲ့တဲ့ အစဉ်အလာကိုကြည့်မယ်ဆိုရင် ဟက်ဒါဖီးလ်ဟာ အင်္ဂလန်ဘောလုံးလောကမှာ မှတ်တမ်းကောင်းတွေကို ပိုင်ဆိုင်ထားတဲ့ အသင်းတစ်သင်းဖြစ်တယ်လို့ ဆိုရမှာဖြစ်သလို ဟက်ဒါဖီးလ်အနေနဲ့ ပရီမီယာလိဂ်မှာ ကြာရှည်စွာ ရပ်တည်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့လည်း ကောင်းလာခဲ့ပါတယ်။

ဒါပေမယ့် ဟက်ဒါဖီးလ်ကို ကိုင်တွယ်နေခဲ့တဲ့ မန်နေဂျာ ဒေးဗစ်ဝါနာဟာ ဟက်ဒါဖီးလ်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းလောက်မှသာ စတင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး တစ်နှစ်ခွဲအတွင်းမှာ အခုလို ပရီမီယာလိဂ်အထိ တက်ရောက်နိုင်အောင် ဦးဆောင်နိုင်ခဲ့သူဖြစ်ပေမယ့်လည်း မန်နေဂျာအတွေ့အကြုံပိုင်းအရတော့ အားနည်းမှုတွေရှိနေခဲ့ကာ မန်နေဂျာလောကကို ၂၀၁၁ ခုနှစ်မှသာ စတင်ကူးပြောင်းခဲ့တာဖြစ်ပြီး အဆိုပါအချိန်က ဒေ့ါမွန်အရန်အသင်းကိုသာ ကိုင်တွယ်ခဲ့ပြီး ၂၀၁၅ ခုနှစ်ရောက်မှသာ ဟက်ဒါဖီးလ်ကို ပြောင်းရွှေ့ခဲ့သူဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး ထိပ်တန်းမန်နေဂျာတွေပေါများတဲ့ ပရီမီယာလိဂ်လိုပြိုင်ပွဲမှာ ဟက်ဒါဖီးလ်ကို တည်ငြိမ်အောင် ကိုင်တွယ်နိုင်ပါ့မလားဆိုတာ သံသယဖြစ်စရာ ကောင်းနေခဲ့ပါတယ်။

**စောင့်ကြည့်ရမယ့်အသင်း**

အထူးသဖြင့် လက်ရှိအချိန်မှာဆိုရင်လည်း ဟက်ဒါဖီးလ်ဟာ အင်ဂိုစတတ် ညာတောင်ပံကစားသမား ကာချန်ဂါ၊ ပေါ်တိုတိုက်စစ်မှူး ဒီပေါ်ထရီ၊ မန်စီးတီး ကွင်းလယ်ကစားသမား အာရွန်မိုး၊ ဒါဘီ ဘယ်တောင်ပံကစားသမား တွန်အင့်စ်၊ ရက်ဒင်း ကွင်းလယ်ကစားသမား ဒန်နီဝီလီယံ၊ မောင့်ပယ်လီယာတိုက်စစ်မှူး မိုယူနီ၊ ဖူလ်ဟမ် ဘယ်တောင်ပံခံစစ်မှူး စကော့မာလွန်၊ ကိုပင်ဟေဂင် ခံစစ်မှူး ဂျော်ဂျန်ဆန်တို့ကို ပေါင် ၄၁ သန်းကျော်သုံးပြီး ခေါ်ယူထားခဲ့ပေမယ့် ခေါ်ယူထားတဲ့ ကစားသမားအားလုံးက သာမန်အဆင့် ကစားသမားတွေသာ ဖြစ်ကြပါတယ်။ ဒါ့အပြင် ဟက်ဒါဖီးလ်မှာရှိနေတဲ့ ကစားသမားအများစုကလည်း ပရီမီယာလိဂ်မှာ အတွေ့အကြုံ ကောင်းမွန်တဲ့ ကစားသမားဆိုလို့လည်း နည်းပါးလွန်းနေတာကို သတိပြုရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ဟက်ဒါဖီးလ် အနေနဲ့ သမိုင်းကြောင်းအရ အစဉ်အလာကောင်းမွန်ခဲ့ပေမယ့် ပင်ကိုစုဖွဲ့မှု မပြည့်ဝခြင်း၊ မန်နေဂျာရဲ့ အတွေ့အကြုံနည်းပါးခြင်း၊ အင်အားဖြည့်တင်းမှု မပြည့်ဝခြင်းကြောင့် ပရီမီယာလိဂ်မှာ ဆက်လက်ရပ်တည်နိုင်ဖို့ကတော့ သံသယဖြစ်စရာ ကောင်းလွန်းနေတယ်လို့သာ ဆိုရမှာဖြစ်ပါတယ်။

**ဝေမိုးဆက်**

**ဟက်ဒါဖီးလ်ဟာ ပရီမီယာလိဂ်ကို အခုမှသာ ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တာ ဖြစ်ပေမယ့်လည်း သမိုင်းကြောင်း အစဉ်အလာကောင်းတွေကို ပိုင်ဆိုင်ထားတဲ့ အသင်းတစ်သင်းဖြစ်တယ်လို့သာ ဆိုရမှာ ဖြစ်ပါတယ်။**

## ပါရီဆစ်အား ရာသီကြိုခြေစမ်းပွဲများကစားမည့်အသင်းတွင် အင်တာမီလန် ထည့်သွင်းထား



စီးရီးအေကလပ် အင်တာမီလန်အသင်း တောင်ပံကစားသမား ပါရီဆစ်သည် အသင်းပြောင်းရွှေ့ဖြစ်ရန် နီးစပ်နေသည်ဟု သတင်းများထွက်ပေါ်နေသော်လည်း တရုတ်နှင့် စင်ကာပူနိုင်ငံများသို့ ခြေစမ်းခရီးသွားရောက်မည့် အင်တာမီလန်အသင်း ကစားသမား ၂၈ ဦးစာရင်းတွင် ပါဝင်လာခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ခရိုအေးရှား ကစားသမား ပါရီဆစ်(၂၈နှစ်)သည် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်နေသူ ဖြစ်သည်။ အင်တာမီလန်အသင်းနှင့် မန်ယူအသင်းတို့သည် ပါရီဆစ်၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း အင်တာမီလန်အသင်း အားကစားဒါရိုက်တာ အူဆီလီယိုက ပြီးခဲ့သည့်ရက်ပိုင်းအတွင်းတွင် ပြောဆိုခဲ့သည်။ ပါရီဆစ်နှင့် အင်တာမီလန်အသင်းတို့သည် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုထားခြင်းဖြစ်သည်။

အင်တာမီလန်အသင်း၏ ရာသီကြိုခြေစမ်းခရီးသွားရောက်မည့် အသင်းတွင် ဆီဗီလာအသင်းသို့ ပြောင်းရွှေ့ရေးအတွက် ဆွေးနွေးမှုများပြုလုပ်နေသည့် တိုက်စစ်မှူး စတီဗန်ဂျိုဗီတစ်လည်း ပါဝင်လာခဲ့သည်။ ထို့အပြင် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် အင်တာမီလန်အသင်းက အသစ်ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား ဘော်ဂျာဗာလီရို၊ ဗဟိုခံစစ်မှူး မီလန်ဆာရီနီယာတို့လည်း အင်တာမီလန်အသင်း၏ ကစားသမား ၂၈ ဦးစာရင်းတွင် ပါဝင်လာခဲ့သည်။

အင်တာမီလန်သည် ၂၀၁၇ ခုနှစ် နိုင်ငံတကာချန်ပီယံများဖလားပွဲအဖြစ် ဇူလိုင် ၂၄ ရက်တွင် တရုတ်နိုင်ငံ၌ လိုင်ယွန်အသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၇ ရက်တွင် ဘိုင်ယန်မြူးနစ်၊ ဇူလိုင် ၂၉ ရက်တွင် ချယ်လ်ဆီးတို့နှင့် စင်ကာပူနိုင်ငံတွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ထို့အပြင် ဇူလိုင် ၂၁ ရက်တွင်လည်း ရှော်လ်ကာအသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

**ထက်အောင်**

# မော်ရင်ဟိုနှစ်သက်တဲ့ ပါရီဆစ်ရဲ့ အကြောင်းတရားများ

**မန်ယူအသင်းမန်နေဂျာ** မော်ရင်ဟိုဟာ ပြီးခဲ့တဲ့ရာသီက ယူရိုပါလိဂ်ဆုဖလား၊ လိဂ်ဖလားတို့ ရရှိခဲ့ပေမယ့် ပရီမီယာလိဂ်မှာတော့ အောင်မြင်မှုက ထင်သလောက်မကောင်းခဲ့ပါဘူး။ ဒါကြောင့် မော်ရင်ဟိုအနေနဲ့ ရာသီသစ်မှာ အကောင်းဆုံး အင်အားတွေနဲ့အတူ အောင်မြင်မှုတွေရရှိဖို့အတွက် ပြင်ဆင်မှုတွေကို အကောင်းဆုံးပြုလုပ်နေပါတယ်။ အဲ့ဒီထဲမှာမှ တိုက်စစ်ပိုင်းကို အဓိကထား အင်အားဖြည့်တင်းဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ မော်ရင်ဟိုဟာ ခံစစ်ပိုင်းအတွက် လင်ဒီလော့ဖ်ကို ခေါ်ယူခဲ့ပြီးဖြစ်သလို တိုက်စစ်ပိုင်းအတွက်လည်း လူကာကူကို ခေါ်ယူထားခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် အခုအခါမှာတော့ မော်ရင်ဟိုဟာ တိုက်စစ်ပိုင်းအတွက် အင်တာမီလန် ကွင်းလယ်ကစားသမား ပါရီဆစ်ကို အဓိကထားခေါ်ယူဖို့ ပြင်ရတာလည်းဖြစ်ပါတယ်။ အဲ့ဒီလို ခေါ်ယူရလောက်အောင် ပါရီဆစ်ရဲ့ အရည်အချင်းတွေကလည်း ကောင်းလွန်းတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။




### အတွေ့အကြုံကောင်းရှိသူ

ပါရီဆစ်ကတော့ အတွေ့အကြုံကောင်းတွေနဲ့ ပြည့်ဝတဲ့ ကစားသမားတစ်ဦးဖြစ်သလို မတူညီတဲ့ ဥရောပနိုင်ငံငါးနိုင်ငံမှာ ကစားခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ သူဟာ ဆယ်ကျော်သက်အရွယ်မှာ ခရိုအေးရှားကလပ် ဟာဒက်စပလစ်အသင်းကနေ ပြင်သစ်ကလပ် ဆိုချောက်အသင်းကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ အဲ့ဒီနောက် သူဟာ ဘယ်လ်ဂျီယံကလပ် ဘရူဂီအသင်းကို ပြောင်းရွှေ့ခဲ့ပါတယ်။ အဲ့ဒီမှာ သူဟာ ဘရူဂျီအသင်း နဲ့အတူ ဘယ်လ်ဂျီယံလိဂ်ရဲ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ၂၀၁၀-၂၀၁၁ ရာသီမှာ ရရှိခဲ့ပါတယ်။

**ပါရီဆစ်ဟာ ဒွေ့မွန်အသင်းမှာ ကစားခဲ့စဉ်က ပုံမှန်ပွဲထွက်ခွင့် ရရှိဖို့အတွက် ရုန်းကန်နေခဲ့ရပေမယ့် သူ့ရဲ့အသင်းအတွက် ပြင်းပြင်းထန်ထန် ကြိုးစားကစားပေးခဲ့မှုတွေကတော့ လူတိုင်းက အသိအမှတ်ပြုခဲ့ကြပါတယ်။**

၂၀၁၁-၂၀၁၂ ရာသီမှာတော့ သူဟာ ဘွန်ဒက်လီဂါကလပ် ဒွေ့မွန်အသင်းကို ပြောင်းရွှေ့ခဲ့ပြီး နည်းပြ ဂျာဂျင်ကလော့ရဲ့ လက်အောက်မှာ ကစားခဲ့ပါသေးတယ်။ အဲ့ဒီနောက်မှာတော့ ဝုဖ်ဘတ်အသင်းနဲ့ကစားခဲ့ပြီး နောက်ဆုံးမှာတော့ အင်တာမီလန်အသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ ပါရီဆစ်ဟာ သူပြောင်း ရွှေ့ခဲ့တဲ့အသင်းတိုင်းမှာတော့ အကောင်းဆုံး ကစားနိုင်ခဲ့တဲ့သူလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ မန်ယူအသင်းမှာဆိုရင်လည်း အကောင်းဆုံး ကစားနိုင်မယ့် ကစားသမားတစ်ဦး ဖြစ်လာလိမ့်မယ်လို့ ပြောရမှာဖြစ်ပါတယ်။

### တိုက်စစ်စွမ်းအားကောင်းသူ

ပါရီဆစ်ဟာ တိုက်စစ်စွမ်းရည်ပြည့်ဝပြီး အရှိန်အဟုန်နဲ့ အမြန်ကစားနိုင်စွမ်းရှိတဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ ဒါ့အပြင် မကြာခဏဆိုသလို သူ့ရဲ့လျင်မြန်မှုတွေကြောင့် တန်ပြန်တိုက်စစ်ကစားရာမှာတော့ ကောင်းလွန်းတဲ့သူဖြစ်ပြီး သူကစားတဲ့အသင်းတွေအတွက် အကျိုးသက်ရောက်မှု အရှိဆုံး ကစားသမား တစ်ဦး လို့ ပြောရမှာပါ။ ဒါ့အပြင် လိုအပ်တဲ့ အခါတိုင်းလည်း ဂိုးသွင်းယူနိုင်စွမ်း ရှိပြီး သူ့ရဲ့ ဂိုးသွင်း နိုင်မှုစွမ်းရည်ကလည်း စံချိန်တင်စရာ ကောင်းလွန်းပါတယ်။

ပါရီဆစ်ဟာ သူ့ရဲ့ ကစားသမားဘဝကို တိုက်စစ်မှူးအနေနဲ့ စတင်ခဲ့တာဖြစ်ပေမယ့် ဘယ်တောင်ပံနေရာက သူ့အတွက် အကောင်းဆုံးနေရာလို့ ပြောရမှာဖြစ်ပါတယ်။ သူ့ရဲ့ဂိုးသွင်းနိုင်မှုတွေကလည်း အခုအချိန်အထိ တိုးတက်မှုတွေ ရှိနေသေးတယ်လို့ ပြောရမှာပါ။ သူ့ရဲ့စွမ်းရည်နဲ့ပတ်သက်ပြီး မှတ်တမ်းတွေကို ကြည့်မယ်ဆိုရင်လည်း သူဟာ ပြိုင်ဘက် အသင်းတွေအတွက် ကြောက်စရာကောင်းတဲ့ ကစားသမားလို့ ပြောရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက သူ့ရဲ့ပယ်နယ်တီဧရိယာအတွင်း ဂိုးကန်သွင်းနိုင်မှုဟာ ၂ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး စီးရီးအေကစားသမားတွေထဲမှာတော့ အကောင်းဆုံးလို့ ပြောရမှာဖြစ်ပါတယ်။

### ခံစစ်စွမ်းအားကောင်းလွန်းသူ

မော်ရင်ညိုဟာ သူ့ရဲ့တိုက်စစ်ကစားသမားတွေကို ခံစစ်ပိုင်းမှာပါ လုပ်ဆောင်နိုင်စွမ်းရှိတဲ့သူတွေကို ပိုမိုနှစ်သက်လေ့ ရှိပါတယ်။ ဒါကြောင့်လည်း ပါရီဆစ်ဟာ မော်ရင်ဟိုနှစ်သက်တဲ့ ကစားသမားလို့ ပြောရမှာပါ။ ပါရီဆစ်ဟာ မမောတမ်း အသင်းနဲ့အတူ လိုက်ပါကစားနိုင်စွမ်းရှိတဲ့သူလည်းဖြစ်သလို ခံစစ်ပိုင်းပါ လိုက်ပါကစားနိုင်သူဖြစ်ပါတယ်။ ပါရီဆစ်ဟာ ဒွေ့မွန်အသင်းမှာ ကစားခဲ့စဉ်က ပုံမှန်ပွဲထွက်ခွင့် ရရှိဖို့အတွက် ရုန်းကန်နေခဲ့ရပေမယ့် သူ့ရဲ့အသင်းအတွက် ပြင်းပြင်းထန်ထန် ကြိုးစားကစားပေးခဲ့မှုတွေကတော့ လူတိုင်းက အသိအမှတ်ပြုခဲ့ကြပါတယ်။

လက်ရှိအချိန်မှာ ပါရီဆစ်ရဲ့အသက်ဟာ ၂၈ နှစ် ရှိပြီဖြစ်တာကြောင့် ငယ်ရွယ်တဲ့ကစားသမားတစ်ဦး မဟုတ်ဘူးလို့ ဆိုနိုင်ပေမယ့် ကစားသမားတစ်ဦးအတွက်တော့ အကောင်းဆုံးအချိန်လို့ ပြောနိုင်ပါသေးတယ်။ သူ့ရဲ့ လက်ရှိခြေစွမ်းအရ ပြောရမယ် ဆိုရင်တော့ သူဟာ မန်ယူအသင်းအတွက်တော့ အကောင်းဆုံးအရာတွေ ယူဆောင်ပေးဖို့ရှိနေတာကြောင့်လည်း မော်ရင်ဟိုက နှစ်သက်မှုရှိနေတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

**ထက်အောင်**

# ဝိန်းရွန်းနေ၏ ဂိုးသွင်းယူမှုကို မမြင်ခဲ့ရသည့် ပရိသတ်များအား အဲဗာတန်အသင်း ငွေပြန်အမ်းမည်

ပြီးခဲ့သည့် ဇူလိုင် ၁၃ ရက်တွင် အဲဗာတန်အသင်းနှင့် တန်ဇန်းနီးယားကလပ် ဂေါ်မာဟီရာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော ရာသီကြိုခြေစမ်းပွဲ၌ အဲဗာတန်တိုက်စစ်မှူး ဝိန်းရွန်းနေ၏ ဂိုးသွင်းယူမှုကို ကြည့်ရှုခွင့်မရခဲ့၍ အင်တာနက်မှတစ်ဆင့် အဆိုပါပွဲအား အခကြေးငွေပေးပြီး ကြည့်ရှုခဲ့သည့် ပရိသတ်များကို ငွေပြန်အမ်းသွားမည်ဖြစ်ကြောင်း အဲဗာတန်အသင်းက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

ပရိသတ်များသည် အဲဗာတန်နှင့် ဂေါ်မာဟီရာအသင်းတို့ ကစားခဲ့သည့် ခြေစမ်းပွဲအား အဲဗာတန်အသင်း၏ တရားဝင် ဝက်ဘ်ဆိုက်မှ ကြည့်ရှုရန် အတွက် ၃ ဒသမ ၉၉ ပေါင် ပေးချေခဲ့ရပြီး မာဟီရာအသင်းနှင့်ပွဲအပါအဝင် အဲဗာတန်အသင်း၏ ရာသီကြိုခြေစမ်းပွဲ သုံးပွဲကို အသင်းဝက်ဘ်ဆိုက်မှတစ်ဆင့် ကြည့်ရှုခွင့်အား ၉ ဒသမ ၉၉ ပေါင်ဖြင့် ဝယ်ယူထားမည်ဆိုပါက မာဟီရာနှင့်ပွဲအတွက် ၃ ဒသမ ၃၃ ပေါင် သုံးစွဲခဲ့ရသည်။

အဲဗာတန်နှင့် မာဟီရာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌ နည်းပညာပိုင်းချို့ယွင်းမှုကြောင့် အင်တာနက်မှတစ်ဆင့် ဝယ်ယူကြည့်ရှုသည့်ပရိသတ်များသည် ပွဲချိန်ပထမပိုင်းကို ကြည့်ရှုနိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန်ဒုတိယပိုင်းကိုသာ ကြည့်ရှုနိုင်ခဲ့သည်။ ယခုနွေရာသီအတွင်း မန်ယူမှ အသင်းဟောင်း အဲဗာတန်သို့ပြန်လည်ပြောင်းရွှေ့လာခဲ့သူ အင်္ဂလန်တိုက်စစ်မှူး ရွှန်းနေသည် မာဟီရာနှင့်ပွဲတွင် အဲဗာတန်အသင်းအတွက် ပထမဆုံး ပါဝင်ကစားခဲ့ကာ ပွဲချိန် ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခဲ့ သော်လည်း အင်တာနက်မှတစ်ဆင့် ဝယ်ယူကြည့်ရှုသည့် ပရိသတ်များသည် ရွှန်းနေ ဂိုးသွင်းယူပုံကို မြင်တွေ့ခဲ့ရခြင်းမရှိသောကြောင့် အဲဗာတန်အသင်းက အဆိုပါပွဲ ကြည့်ရှုခွင့်အတွက် ဝယ်ယူထားသည့် ငွေကြေးများကို ပြန်လည်ပေးအပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲတွင် တိုက်စစ်မှူး ရွှန်းနေသည် ပွဲ ချိန် ၃၅ မိနစ်တွင် မာဟီရာအသင်း ဂိုးပေါက်နှင့် ကိုက် ၃၀ အကွာမှ လုပစ္စာ ကန်သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

အဲဗာတန်အသင်းသည် ဒုတိယမြောက် ရာသီကြိုခြေစမ်းပွဲအဖြစ် ဇူလိုင် ၁၉ ရက်တွင် အက်ဖ်စီတွမ်တီးအသင်းနှင့်ကစားခဲ့ကာ ဇူလိုင် ၂၂ ရက်တွင် ဂျန့်ခ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

အခြားသတင်းတစ်ပုဒ်အရ မန်ယူအသင်းသည် အသင်းအတွက် ၁၃ နှစ်ကြာ ပါဝင်ကစားခဲ့ကာ အသင်းသမိုင်းကြောင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်ခဲ့သူ တိုက်စစ်မှူး ဝိန်းရွန်းနေအား ကစားသမားဘဝအဆုံးသတ်ချိန်တွင် အသင်း၏ သံတမန်တစ်ဦးအဖြစ် လုပ်ဆောင်ရန် ကမ်းလှမ်းထားသည်ဟု ဆိုသည်။

**ထက်အောင်**



# နေမာ၏ နေရာတွင် ဒိုင်ဘာလာကို အစားထိုးခေါ်ယူစေရန် မက်ဆီ လိုလားနေ

ဘာစီလိုနာအသင်းတိုက်စစ်ကစားသမား လီယွန်နယ်မက်ဆီက အသင်းမှ တိုက်စစ်မှူး နေမာ ထွက်ခွာသွားမည်ဆိုပါက နေမာ၏ နေရာတွင် ဂျူဗင်တပ်အသင်း တိုက်စစ်မှူး ပါယူလို ဒိုင်ဘာလာအား ခေါ်ယူအစားထိုးစေလိုကြောင်း ဘာစီလိုနာအသင်း ဥက္ကဋ္ဌ ဘာတိုမြူအား ပြောဆိုခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။






ဘရာဇီးတိုက်စစ်မှူး နေမာက သူသည် ဘာစီလိုနာအသင်းတွင် ပျော်ရွှင်နေသည်ဟု ပြောဆိုထားသော်လည်း နေမာအနေဖြင့် မကြာသေးမီက ဘာစီလိုနာအသင်းနှင့် စာချုပ်သစ် ချုပ်ဆိုခဲ့သူ မက်ဆီ၏လောင်းရိပ်မှ ရုန်းထွက်ရန် ဆန္ဒရှိနေကြောင်း သတင်းများလည်း ထွက်ပေါ်နေသည်။ အသက် (၂၅ နှစ်) အရွယ်ရှိ တိုက်စစ်မှူး နေမာအား ပြင်သစ်ကလပ် ပီအက်စ်ဂျီ အသင်းက ခေါ်ယူရန်စိတ်ဝင်စားနေပြီး နေမာအနေဖြင့် ပီအက်စ်ဂျီအသင်းတွင် ပိုမိုထင်ရှားသည့် ကစားသမားဘဝကို ထူထောင်ရန် အခွင့်အရေးရရှိမည်ဖြစ်သကဲ့သို့ Ballond'Or ဆုရရှိရန်လည်း ပိုမိုအခွင့်အရေးရရှိလာနိုင်သည်ဟု ဆိုသည်။

တိုက်စစ်မှူး နေမာနှင့် ဘာစီလိုနာအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်တွင် နေမာအား ခေါ်ယူလိုသည့်အသင်းသည် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ပေးချေရမည်ဆိုသည့် အချက်ကို ထည့်သွင်းချုပ်ဆိုထားခြင်းကြောင့် နေမာအား ရောင်းချဖြစ်ခဲ့ပါက အခြားတိုက်စစ်မှူးတစ်ဦးအား အစားထိုး ခေါ်ယူရန် ငွေကြေးဆိုင်ရာ အခက်အခဲရှိမည်မဟုတ်ပေ။

မက်ဆီ၏ တစ်နိုင်ငံတည်းသား ကစားသမားဖြစ်သူ တိုက်စစ်မှူး ဒိုင်ဘာလာ(၂၃နှစ်)သည် ပြီးခဲ့သည့် နှစ်ရာသီအတွင်း ဂျူဗင်တပ်အတွက် စုစုပေါင်း ၉၄ ပွဲ ပါဝင်ကစားခဲ့ကာ ၄၂ ဂိုး သွင်းယူနိုင်ခဲ့ပြီး ဥရောပ၏ အကောင်းဆုံး လူငယ်တိုက်စစ်မှူးများအနက်မှ တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူ ဖြစ်သည်။

**ထက်အောင်**

# သံတောင်ကြီးမြို့တွင် တောင်ကမ်းပါးယံများပြိုကျပြီး နေအိမ်များပျက်စီးကာ လမ်းပိတ်ဆို့မှုများဖြစ်ပွား

**သံတောင် ဇူလိုင် ၂၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် ဇူလိုင် ၁၈ ရက် နံနက် ၆နာရီခွဲခန့်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် မြို့နေရာအနှံ့တွင် တောင်ကမ်းပါးယံများ ပြိုကျကာ နေအိမ်အချို့ပျက်စီးမှုနှင့် ကားလမ်းပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

မြေပြိုမှုကြောင့် သံတောင်မြို့ အမှတ် (၁) ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်တို့ရှိ နေအိမ်အစိတ်အပိုင်းများ၊ အုတ်နံရံတို့ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အပြင် တောင်ကမ်းပါးယံပြိုကျမှုများကြောင့် သံတောင်မြို့အမှတ်(၃)ရပ်ကွက်ရှိ သံတောင်ကြီး-လိပ်သို လမ်းမကြီးပေါ်တွင် အလျား ၁၀ ပေခန့်၊ အနံ ၁၅ ပေခန့် မြေများပိတ်ဆို့ကာ အမှတ်(၅)ရပ်ကွက်ရှိ သာသနာ့မဏ္ဍူဘုန်းတော်ကြီးကျောင်းအနီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့ လမ်းပေါ်တွင်လည်း မြေပြိုမှုကြောင့် အလျား ၁၀ ပေ၊ အနံ ၁၀ ခန့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အပြင် သံတောင်-သံတောင်ကြီး လမ်းပေါ် မိုင်တိုင်အမှတ် (၁၇/၄)အနီးတွင် ၁၅ ပေပတ်လည်ခန့် ကျောက်တုံးကြီးတစ်လုံး ပြိုကျပိတ်ဆို့ခဲ့ပြီး မိုင်တိုင်အမှတ် (၁၇/၇)တွင်လည်း လုံးပတ် တစ်ပေခွဲခန့်နှင့် လုံးပတ်သုံးပေခန့်ရှိ သစ်ပင်နှစ်ပင် ပြိုလဲကျခဲ့ခြင်းနှင့် လုံးပတ် ၁၀ ပေပတ်လည်ခန့် ကျောက်တုံးကြီးတစ်တုံး ပြိုကျခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ သံတောင်ကြီးမြို့နယ် တောပြာကြီးကျေးရွာရှိ အလယ်တန်းကျောင်းအနောက်ဘက်ပေ ၁၅၀ ခန့်အကွာခန့်တွင်လည်း အလျား ၂၅ ပေ အမြင့်ပေ ၃၀ ခန့်ရှိ တောင်နံရံပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မြေပြိုကျမှုများ ဖြစ်ပွားရာနေရာများတွင် ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသန်း ဦးစီးသည့် တပ်မတော်သားများ၊ သံတောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းထွန်းနှင့် သံတောင်နယ်မြေရဲစခန်းမှူး ရဲအုပ် မြင့်ဦးတို့ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးခုပ်ဆောင်ပြောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ အဖွဲ့စုံပူးပေါင်း၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သံတောင်ကြီးမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် တောင်ကမ်းပါးယံများတွင် မြေပြိုကျမှုများဖြစ်ပေါ်နေ၍ အဆောက်အအုံပျက်စီးမှုများရှိသော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းတို့မရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး**



# ရေဘေးကြောင့် ရွှေ့ပြောင်းနေရသည့် ပြည်သူများအား ဆန်ဖိုးငွေများ ထောက်ပံ့ပေးအပ်

**သရက် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း မြစ်ရေဝင်ရောက်၍ ရေကောင်းလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေ ဦးစီးဌာနက ဆန်ဖိုးငွေများ ဇူလိုင် ၁၈ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆန်ဖိုးငွေများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းဇော်၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝင်းတင်တို့က ရေဘေးရှောင်ပြည်သူများ ပြောင်းရွှေ့နေထိုင်ကြသည့် နေရာများအရောက် သွားရောက်လှူဒါန်းပေးခဲ့ကြောင်း၊ ဆန်ဖိုးငွေများအဖြစ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနက ရေဘေးရှောင်ပြည်သူတစ်ဦးလျှင် တစ်ရက် ကျပ် ၃၀၀ နှုန်းဖြင့် တစ်ပတ်စာ ကျပ် ၂၁၀၀ စီဖြင့် ရေဘေးရှောင်ရပ်ကွက်နှင့် ကျေးရွာများရှိ အိမ်ထောင်စု ၁၉၄ စုမှ လူဦးရေ ၇၄၄ ဦးအတွက် ဆန်ဖိုးငွေစုစုပေါင်း ကျပ် ၁၅ သိန်းကျော်ကို ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ပေးအပ်ခဲ့ကာ ရပ်ကျေး အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ ရပ်ဖများက ရေဘေးသင့်အိမ်ထောင်စုများအား လူဦးရေအလိုက် ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# လူကုန်ကူးခံရသည့် မြန်မာနိုင်ငံသား ၁၄ ဦးအား မြဝတီမြို့သို့ လာရောက်လွှဲပြောင်းပေးအပ်

**မြဝတီ ဇူလိုင် ၂၀**

ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာအလုပ်သမားများထဲမှ လူကုန်ကူးခံရသူများအား ထိုင်းနိုင်ငံလူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာနလက်အောက်ရှိ ဂေဟာအသီးသီးတွင် လက်ခံစောင့်ရှောက်ထားပြီး အဆိုပါ လူကုန်ကူးခံရသူများအနက် နိုင်ငံသားစိစစ်မှုရှိပြီးသူ မြန်မာအလုပ်သမား ၁၄ ဦးအား ထိုင်းနိုင်ငံ၊ တာ့(ခ်)ခရိုင်(လဝက)မှ Pol-LT Somchai Wirom Raian ခေါင်းဆောင်သည့် တာဝန်ရှိသူများအဖွဲ့က မြဝတီမြို့သို့ ဇူလိုင် ၁၈ ရက်တွင် လာရောက်အပ်နှံပေးခဲ့ကြောင်းသိရသည်။

လွှဲပြောင်းပေးအပ်သူများကို မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုတို့က လက်ခံကြိုဆိုပြီး နှစ်သိမ့်ဆွေးနွေး အားပေးစကားပြောကြားကာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများကလည်း အသိပညာပေးနှစ်သိမ့်ဟောပြောပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးခဲ့သည်။ လွှဲပြောင်းပေးအပ်ခဲ့သော အမျိုးသားခြောက်ဦး၊ အမျိုးသမီးငါးဦးနှင့် ကလေးသုံးဦးအား မိဘရပ်ထံ ပြန်လည်ရောက်ရှိအပ်နှံနိုင်ရေးအတွက် မော်လမြိုင်မြို့မှ လူငယ်သင်တန်းကျောင်းသို့ မော်လမြိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ဦးဆောင်၍ ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြောက်ဦးခရိုင်တွင် အခြေခံပညာကျောင်းပေါင်း ၁၀၄ ကျောင်းကို အဆင့်မြှင့်တင်

**မြောက်ဦး ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်၌ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၀၄ ကျောင်းကို အဆင့်မြှင့်တင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွင်း အဆင့်မြှင့်တင်မည့်ကျောင်းများမှာ မြောက်ဦးမြို့နယ်တွင် အထက်တန်းကျောင်း တစ်ကျောင်း အပါအဝင် ၃၁ကျောင်း၊ ကျောက်တော်မြို့နယ်တွင် အထက်တန်းကျောင်း နှစ်ကျောင်း အပါအဝင် ၂၇ ကျောင်း၊ မင်းပြားမြို့နယ်တွင် အထက်တန်းကျောင်း သုံးကျောင်း အပါအဝင် ၃၃ ကျောင်း၊ မြေပုံမြို့နယ်တွင် အထက်တန်းကျောင်း သုံးကျောင်း အပါအဝင် ၁၃ ကျောင်းဖြစ်သည်။

စုစုပေါင်းအနေဖြင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းမှ မူလတန်း(ခွဲ)ကျောင်း၊ မူလတန်းကျောင်း၊ မူလတန်းကျောင်း(လွန်)ကျောင်း ၊ အလယ်တန်း(ခွဲ)ကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)ကျောင်းနှင့် အထက်တန်းကျောင်းများအဖြစ် အဆင့်ဆင့် အဆင့်မြှင့်တင်သည့်ကျောင်းပေါင်း ၁၀၄ ကျောင်းဖြစ်သည်။

"ကျောင်းတွေမှာ ကျောင်းသား ကျောင်းသူ အရေအတွက် များပြားလာတာနဲ့အမျှ ကျောင်းတွေကိုလည်း အဆင့်မြှင့်တင်ပေးရပါတယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့ မြောက်ဦးခရိုင်မှာ ကျောင်းပေါင်း ၁၀၄ ကျောင်းကို အဆင့်မြှင့်တင်ပြီး ဒီလိုအဆင့်မြှင့်တင်ပေးလိုက်တဲ့အတွက် မိမိတို့ဒေသမှာ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး အဆင်ပြေလာပြီး ရခိုင်ပြည်နယ် ပညာရေးဖွံ့ဖြိုးမှု အားကောင်းလာမှာဖြစ်ပါတယ်"ဟု ခရိုင်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ခရိုင် (ပြန်/ဆက်)**

# ၁၆ ခုတင်ဆံ့ ဆင်မတောင် တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဆင်မတောင်ကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့ပြီး အဆိုပါ ၁၆ ခုတင်ဆံ့ ဆင်မတောင်တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်သည့်အတွက် ဒေသအတွင်းရှိ ကျေးရွာ ၁၈ ရွာခန့်မှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုက်နယ်ဆေးရုံဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးက ဆေးရုံဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေထက်ဝင်းက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး ဆေးရုံသစ်ဆောက်လုပ်သည့် သားကောင်း အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ရှိသူက မြို့နယ်ကုသရေးဦးစီးဌာနမှူးထံ အဆောက်အအုံဆိုင်ရာ ဆောက်လုပ်ရေး မှတ်တမ်းများကို လွှဲပြောင်းပေးအပ်ကာ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ဆောက်လုပ်ရေး ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာတို့က ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေ ကျပ် ၁၀ သိန်းစီကို ပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးရုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ဆေးရုံအတွင်း လိုက်လံကြည့်ရှုခဲ့သည်။

ဆင်မတောင်ကျေးရွာအုပ်စုသည် အိမ်ခြေ ၄၀၀၀ နီးပါး အိမ်ထောင်စု ၄၁၀၀ ကျော်နှင့် လူဦးရေ ၁၈၀၀၀ ကျော် နေထိုင်သော ကျေးရွာကြီးဖြစ်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ယခင်က ဆေးရုံလိုအပ်လျက်ရှိခဲ့သည်။ ယခု (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ခြင်းကြောင့် ကျေးရွာနေပြည်သူများအပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၈ ရွာမှ ပြည်သူများအတွက်လည်း ကုသရေးလုပ်ငန်းများ လွှမ်းခြုံဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် အထက်တန်းသူနာပြု တစ်ဦးနှင့် ဆေးစပ်သူတစ်ဦး ခန့်ထားပြီး ဆင်ပေါင်ဝဲမြို့နယ်ဆေးရုံမှ အလှည့်ကျတာဝန်ဖြင့် ဆရာဝန်စေလွှတ်ရန် စီစဉ်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။

ဆင်မတောင်တိုက်နယ်ဆေးရုံကို ၁၉၇၅ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ခဲ့ကာ ၂၀၁၆ ခုနှစ်တွင် တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ရန် ခွင့်ပြုချက်ရခဲ့၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၀၀ ဖြင့် ဆေးရုံအဆောက်အအုံကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တက္ကသိုလ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

**လွိုင်လင် ဇူလိုင် ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်း ကျင်းပခဲ့သည့် စတုတ္ထအကြိမ် တက္ကသိုလ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၈ ရက်က ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ ကျင်းပသည်။ အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်ခဲ့ပြီး ပြိုင်ပွဲများတွင်ဆုရရှိသည့် အားကစားသမားများအား လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကာ တံခွန်စိုက်ဒိုင်းဆုရရှိသည့် နည်းပညာတက္ကသိုလ်(ပင်လုံ)အသင်းအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ဒိုင်းဆုချီးမြှင့်ခဲ့သည်။

**မိုးလွင်ဦး(လွိုင်လင်)**

## Health Certificate ၌ (TiLV) ပိုင်းရပ်ပိုး ကင်းရှင်းကြောင်း ထောက်ခံချက် မပါရှိပါက ငါးသားပေါက်တင်သွင်းခွင့်မပြုနိုင်ကြောင်း အသိပေး

**နေပြည်တော် ဇူလိုင် ၂၀**

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံ၌ ငါးမွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ငါးမွေးတောင်သူများ၏ လိုအပ်ချက်အရ ပြည်ပမှငါးမျိုးများ တင်သွင်းခြင်းကို ငါး/ပုစွန်ရောဂါများ မပြန့်ပွားရေးနှင့် ကာကွယ်ရေးအတွက် သက်ဆိုင်ရာ တင်သွင်းမည့်နိုင်ငံများ၏ တရားဝင်အဖွဲ့အစည်းများမှ ငါး/ပုစွန်ရောဂါများ ကင်းရှင်းကြောင်း ထောက်ခံချက်အရ တင်သွင်းခွင့်ပြုပေးနိုင်ရန် စိစစ်ထောက်ခံချက်များ ပေးလျက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာန၏ ဓာတ်ခွဲခန်း၌ ထပ်မံအတည်ပြုစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါတွင် မွေးမြူရေး တီလားပီးယားငါးမျိုးများ၌ ဖြစ်ပွားသော Tilapia Lake Virus (TiLV) ပိုင်းရပ်ရောဂါပိုးတစ်မျိုးသည် အသစ်ထွက်ပေါ်လာပြီး မွေးမြူသော တီလားပီးယားငါးမျိုးအား ၂၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ သေစေနိုင်ကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံ၌ ဖြစ်ပွားနေကြောင်း Network of Aquaculture Center in Asia- Pacific (NACA) မှ အတည်ပြုထုတ်ပြန်လာခြင်းနှင့် OIE ၏ World Organization for Animal Health, Tilapia Lake Virus (TiLV) A Novel Orthomyxo - Like Virus သိပ္ပံစာတမ်းအရ မြန်မာနိုင်ငံမှ ငါးမွေးတောင်သူများ၏အကျိုး ကာကွယ်ရေးအလို့ငှာ ပြည်ပမှ တင်သွင်းမည့် တီလားပီးယားသားပေါက်များတွင် သက်ဆိုင်ရာနိုင်ငံ၏ TiLV ရောဂါပိုးကင်းရှင်းကြောင်း Health Certificate မပါရှိပါက "လုံးဝ တင်သွင်းခွင့်ပြုမည် မဟုတ်ပါကြောင်း" ငါးလုပ်ငန်းဦးစီးဌာနမှ သိရှိရသည်။ **(သတင်းစဉ်)**

# မှုခင်းသတင်းတိုများ

### နွားရှစ်ကောင်ကို တရားမဝင် သယ်ဆောင်လာသူအား ဖမ်းဆီးအရေးယူ

မင်းတုန်းမြို့နယ် ပေါက်ကိုင်း(န)ကျေးရွာအနီးတွင် တရားမဝင် နွားရှစ်ကောင်ကို သယ်ဆောင်လာသော အမျိုးသားတစ်ဦးအား ဇူလိုင် ၁၇ ရက်က ဖမ်းဆီးအရေးယူခဲ့ကြောင်း မင်းတုန်းမြို့မရဲစခန်းမှ သိရသည်။ နွားများတရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ မင်းတုန်းမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်လွင်ဖြိုးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ပေါက်ကိုင်းကျေးရွာနေ ဦးအောင်မင်း(၃၇ နှစ်)အား နွားထီးရှစ်ကောင်နှင့်အတူ တွေ့ရှိခြင်းဖြစ်ပြီး အဆိုပါနွားများကို မင်းလှမြို့နယ် ဒဟပ်ကုန်းကျေးရွာမှ ၎င်းကိုယ်တိုင်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နွားများ တရားမဝင်သယ်ဆောင်လာသူ အောင်မင်းအား မင်းတုန်းမြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်ဇေယျ**

### ပင်လည်ဘူးမြို့နယ်တွင် အမျိုးသားတစ်ဦးမြေပိသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် တင်းဝါးချောင်းကျေးရွာအနီး တောထဲတွင် ဇူလိုင် ၁၇ ရက်က အမျိုးသားတစ်ဦး မြေပိ၍သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ပင်လည်ဘူးမြို့နယ် နန်းတပ်ရဲကင်းစခန်းမှူး ရဲအုပ်စိုးခိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးချက်အရ သေဆုံးသူမှာ တင်းဝါးချောင်းကျေးရွာအနီး တောအတွင်း၌ ရွှေလက်ယက်တွင်းလုပ်ကိုင်သူ ကြိုးကြာပင်ကျေးရွာနေ ဆန်းဝေဖြစ်ပြီး ရွှေလက်ယက်တွင်းလုပ်ကိုင်နေသည့် မြေကွက်အတွင်း မြေပြို၍ မြေပိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပင်လည်ဘူးမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

### စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဆီခဲများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဆီခဲများ ဇူလိုင် ၁၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ပင်းတယမြို့အနောက်ရပ်ကွက်ရှိ မြတ်မင်းသန်း(ခ)အောင်မြတ်(၃၈ နှစ်)၏ နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ပင်းတယမြို့မရဲစခန်းမှ ရဲအုပ်အောင်လှိုင်မိုးနှင့်အဖွဲ့က ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း၌ ဝင်းဇော်(၄၂ နှစ်)၊ နေလင်းဇော် (၂၀ နှစ်)နှင့် ကျော်စွာထွန်း (၂၅ နှစ်)တို့အား စိတ်ကြွမူးယစ်ဆေးပြားများ သုံးစွဲလျက်တွေ့ရပြီး ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်း၊ မီးဖိုခန်းနှင့် ခြံဝင်းထဲတွင် သိမ်းဆည်းထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၆ ပြား၊ သုံးစွဲလက်စ ဆေးပြား သုံးပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲသည့် ဆက်စပ်ပစ္စည်းများ၊ ဘိန်းဆီခဲဟုယူဆရသော တိပ်ဖြင့်ပတ်ထားသည့် အမည်းရောင် အဆီခဲ ငါးထုပ်၊ (အလေးချိန် ၃၈ ဒသမ ၀၅ ဂရမ်)တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် အိမ်ရှင် မြတ်မင်းသန်း(ခ)အောင်မြတ်နှင့်အတူ မူးယစ်ဆေးသုံးစွဲသူ ဝင်းဇော်၊ နေလင်းဇော်နှင့် ကျော်စွာထွန်းတို့အား ပင်းတယမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### လှိုင်းဘွဲ့မြို့နယ်၌ အမျိုးသမီးတစ်ဦး နေအိမ်တွင် အသတ်ခံရ

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီးဖိုးကိန်ကျေးရွာတွင် ဇူလိုင် ၁၈ ရက်က လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ ပိုင်ကျုံနယ်မြေရဲစခန်းမှူး ရဲအုပ်ဟန်နိုင်ဦး ဦးစီးသည့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဒေါ်သီတာအေး (ခ)မရဟိမာ(၄၀ နှစ်)ဖြစ်ကြောင်း သိရပြီး ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် ပိုင်ကျုံနယ်မြေရဲစခန်း၌ အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## မုံရွာ-ဟုမ္မလင်း အပတ်စဉ် ရေကြောင်းခရီးစဉ်သစ် စတင်ပြေးဆွဲနေ

**ရန်ကုန် ဇူလိုင် ၂၀**



မုံရွာမှ ဟုမ္မလင်းသို့သွားမည့် ခရီးသွားပြည်သူများအနေဖြင့် အန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရမှုရှိစွာ သွားလာနိုင်ရေးအတွက် အပတ်စဉ် ရေကြောင်းခရီးစဉ်ကို ဇူလိုင်လဆန်းမှစ၍ ပြည်တွင်းရေကြောင်းက ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ချင်းတွင်းဌာနခွဲရှိ ပြဒါးရှင်ရေယာဉ်ဖြင့် တစ်ပတ်လျှင်တစ်ကြိမ် ပြေးဆွဲပေးနေခြင်းဖြစ်သည်။ ရေကြောင်းခရီးစဉ်ကို အပတ်စဉ် တနင်္လာနေ့ နံနက် ၆ နာရီတွင် မုံရွာမြို့မှ စတင်ထွက်ခွာပြီး ဟုမ္မလင်းမြို့သို့ ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် ဆိုက်ရောက်ကြောင်း၊ သောကြာနေ့ နံနက် ၆ နာရီတွင် ဟုမ္မလင်းမြို့မှ ပြန်လည်ထွက်ခွာပြီး စနေနေ့ နံနက် ၇ နာရီတွင် မုံရွာသို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြောင်းခရီးစဉ်အတွက် ပြဒါးရှင်ရေယာဉ်ကို ပြည်တွင်းရေကြောင်း ချင်းတွင်းဌာနခွဲက ရေဝတီဌာနခွဲထံမှ ပဋ္ဌလိကငှားရမ်းပြီး ပြေးဆွဲခြင်းဖြစ်ကာ ခရီးစဉ်ပြေးဆွဲခြင်းကြောင့် မုံရွာနှင့် ဟုမ္မလင်းမြို့ရှိ ခရီးသွားပြည်သူများအတွက် အဆင်ပြေစေသလို ခရီးစဉ်တစ်လျှောက်တွင် ရေယာဉ်ဆိုက်ကပ်ရာ ဆိပ်ကမ်းမြို့များဖြစ်သော မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်နှင့် သောင်ထွင့်စသည့် မြို့များမှ ခရီးသွားပြည်သူများ သွားလာရေးအတွက်လည်းကောင်း၊ ဒေသတွင်း ကုန်စည်ပို့ဆောင်ရေးအတွက်လည်းကောင်း အဆင်ပြေစေကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးနှင့် တာချီလိတ်မြို့နယ်အတွင်းမှ ဌာနဆိုင်ရာများ တွေ့ဆုံ

**တာချီလိတ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံသည် တာချီလိတ်မြို့ရှိ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဇူလိုင် ၁၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးက မြို့နယ်အတွင်းမှ စီမံကိန်းလျာထားချက်များကို လေးနှစ်တာ လျာထားရေးဆွဲဆောင်ရွက်ရေး၊ အဆောက်အအုံများ ပြင်ဆင်/ဆောက်လုပ်ရာတွင် တင်ဒါစနစ်ဖြင့် စနစ်တကျဆောင်ရွက်ရေး၊ အခွန်ဆိုင်ရာ အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး၊ ဌာနအလိုက် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ့ဝန်ဆောင်မှုအပြည့်အဝဖြစ်စေရန် ဆောင်ရွက်ရေး၊ ကုန်သွယ်လုပ်ငန်းများ အဆင်ပြေချောမွေ့ရေး၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နွေးထွေးစွာ ကြိုဆိုလက်ခံဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဌာနများပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရေးတို့ကို ဌာနများမှ တာဝန်ရှိသူများအား ရှင်းလင်းမှာကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ပညာရေး၊ ကျန်းမာရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ဖြည့်ဆည်းပေးရမည့်အချက်များကိုတင်ပြကာ ပြည်နယ်ဝန်ကြီးက ဖြည့်ဆည်းပေးနိုင်သည့် လုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကျန်သောတင်ပြချက်များကို ပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ညောင်ဦးတွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ထက်မြင့်တက်လာမှုကြောင့် ရေဝင်ရောက်သည့် ရပ်ကွက်/ကျေးရွာအချို့မှပြည်သူများ ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့

**ညောင်ဦး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၏ ဧရာဝတီမြစ်ရေအခြေအနေ ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ ၂၁၈၀ စင်တီမီတာသို့ရောက်ရှိနေပြီဖြစ်ရာ ယင်းမြို့၏ စိုးရိမ်ရေမှတ်မှာ ၂၁၂၀ ဖြစ်၍ စိုးရိမ်ရေမှတ်အထက် ၆၀ စင်တီမီတာ ကျော်လွန်နေပြီဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်လယ်ကျွန်းကျေးရွာများ၊ မြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ပြောင်းရွှေ့ကြရာတွင် အောက်ညည့်ကျေးရွာအုပ်စု အောက်ညည့်ကျေးရွာရှိ အိမ်ထောင်စု ၃၂ စု၊ အိမ်ခြေ ၃၀၊ လူဦးရေ ၁၂၃ ဦး၊ နွား ၇၅ ကောင်၊ ဝက် ၁၄ ကောင်တို့သည် ယင်းတို့၏ ဆွေမျိုးရှိရာ ရေလွတ်ရာနေအိမ်များသို့လည်းကောင်း၊ အောက်ညည့်ကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာရှိ အိမ်ထောင်စု ၄၅ စု၊ အိမ်ခြေ ၃၅ အိမ်၊ လူဦးရေ ၁၉၃ ဦး၊ နွား ၈ ကောင်၊ ဝက် ၂၇ ကောင်တို့သည် ယင်းတို့ကျေးရွာအနီးရှိ ရေလွတ်ရာ မြစ်ရေတင်တာပေါင်တွင်လည်းကောင်း ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့ပေါ်ရှိ မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သော မုန်ချိုး၊ မန်ကျည်းတော၊ ရေဝင်၊ ရေနံစု၊ ရုံးညောင်ပင်၊ ယွန်းတန်း၊ သာယာဝတီ(နောက်)၊ သာယာဝတီ (အလယ်)နှင့် ဝက်ကြီးအင်းရပ်ကွက်များတွင်လည်း ရေများဝင်ရောက်လျက်ရှိပြီး ယင်းရပ်ကွက်များမှ ပြည်သူများလည်း ရေလွတ်ရာဘုန်းတော်ကြီးကျောင်းများတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းသိရသည်။

ယခုအခါ ညောင်ဦးမြို့ပေါ်တွင် ဧရာဝတီမြစ်ရေသည် မြေနိမ့်ပိုင်းရပ်ကွက်များအတွင်းသို့စီးဝင်ဖြတ်သန်းပြီး ညောင်ဦးမှ ပုဂံမြို့ဟောင်းသွားကားလမ်းမကြီး အချို့နေရာများတွင် ရေများဖုံးလွှမ်းလျက်ရှိရာ ရေလွတ်သည့် အနော်ရထာနှစ်လမ်းသွားလမ်းမကြီးကိုသာ အသုံးပြုသွားလာနေရကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

## ထီးလင်းတွင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်

**ထီးလင်း ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း၏ လုပ်ငန်းများအနက် ဟင်းခွတ်ကုန်းကျေးရွာနှင့် ညောင်ကန်ကျေးရွာဆက် ကျောက်ချောလမ်းဖွင့်ပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့သည်။

လမ်းဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်အောင်၊ လူထုဗဟိုပြုစီမံကိန်း အဖွဲ့ခေါင်းဆောင် ဦးအေးထွန်းမင်းနှင့် လူထုဗဟိုပြုစီမံကိန်း နည်းပညာပံ့ပိုးရေးအဖွဲ့မှ ဝယ်ယူရေးတာဝန်ခံ ဦးမျိုးအောင်ကျော်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါလမ်းသည် အရှည် ပေ ၁၅၀၀၊ အကျယ် ၁၄ ပေရှိပြီး ပေ ၆၀၀ ရှည်သော လမ်းဘေးကွန်ကရစ်ရေမြောင်း ပါဝင်သည့် ကျောက်ချောလမ်းဖြစ်ကာ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းမှ ခွင့်ပြုပံ့ပိုးငွေ ကျပ် ၂၁၀၅၅၁၀၀ နှင့် ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ၄၄၂၅၀၀ ကျပ်တို့ဖြင့် စုပေါင်းဖောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

## မိုးစပါး မျိုးသန့်မျိုးပွား စံပြကွက်အတွက် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**မြင်းခြံ ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ တောင်သူများအား စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းကာ ဝင်ငွေတိုးတက်ကောင်းမွန်စေရေးအတွက် တောင်သူတစ်ဦးချင်းအလိုက် နည်းပညာများ ပံ့ပိုးပေးခြင်း၊ မြေဩဇာများ ကူညီထောက်ပံ့ခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြောင်းပြာဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးနေသော လက်ဝဲကျေးရွာရှိ မိုးစပါး မျိုးသန့်မျိုးပွားစံပြကွက် ၂၄ ဧကအနက် ၁၀ ဧကမှ တောင်သူများအတွက် ပုလဲမြေဩဇာနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကို စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြေဩဇာများ ထောက်ပံ့ပေးရာတွင် မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင် မြေအသုံးချရေးတာဝန်ခံ ဒေါ်မာမာတင့်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်အေးအေးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်ထားနွယ်တို့က ကြီးကြပ်ကွပ်ကဲ၍ တောင်သူ ၁၂ ဦးအား တစ်ဦးလျှင် ပုလဲမြေဩဇာ တစ်အိတ်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ တစ်အိတ်စီ ပေးအပ်ခဲ့သည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ရန်ကုန်မြို့တော်၏ တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀/- နှုန်း
မှစတင်၍…
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီးအိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀)ပေါ်တွင်တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှရေးဆွဲသောဗိသုကာဒီဇိုင်း၊Pile-Foundation၊ခေတ်မီ Post-Tensioned စနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့်လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.

အမှတ်(၂၄၅)၊ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 797-221133, 09 799-332211
09 799-221133

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

က။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော (၁) Trimethoprim Injection (100ml)-(၁၈၈၉)လုံး၊ (၂) Penstrep Injection (100ml)-(၁၈၈၉)လုံး၊ (၃) Oxytetracycline 10% Injection (100ml)-(၁၈၈၉)လုံး၊ (၄) Vitamin Injection (100 ml) -(၁၈၈၉)လုံး၊ (၅) Amino acid Injection (100ml)-(၁၈၈၉)လုံး၊ (၆) Fe⁺Forte Injection (50ml)-(၁၈၈၉)လုံး၊ (၇) Iodine Spray (500ml)- (၁၈၈၉)လုံး၊ (၈) Tar (ဆေးကတ္တရာ) (250ml x 10) - (၁၈၈၉)ပါကင်၊ (၉) Analgesin Injection (100ml)- (၁၈၈၉)လုံး၊ (၁၀) Dexamethasone Injection (100ml)- -(၁၈၈၉)လုံး၊ (၁၁) Ivermectin Injection (100ml)-(၁၈၈၉)လုံး၊(၁၂)ကျွဲ၊ နွားလျှာပွတ်ဆေး (၁၀ ထုပ်/၁ပါကင်)- (၁၈၈၉)ပါကင်၊ (၁၃) နွားစာ (နွားအစာနစပ်စာ)-(၃၁၀)တန် စုစုပေါင်း ပစ္စည်းအမယ် (၁၃)မျိုးကို ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ခ။ ဈေးနှုန်း အဆိုပြုလွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ၂၀-၇-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၇-၇-၂၀၁၇ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၄၀၈၀၂၀၊ ၀၆၇-၄၀၈၁၇၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း)

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် (၈၀/၁၀၀) အမျိုးအစား ကတ္တရာနှင့် ဘိလပ်မြေ၊ သံချောင်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) ကတ္တရာတင်ဒါလျှောက်လွှာ စတင်ထုတ်ပေးမည့်ရက် - ၁-၈-၂၀၁၇ ရက်
(ခ) ကတ္တရာတင်ဒါအတွက် ကုမ္ပဏီ Profile နောက်ဆုံး လက်ခံမည့် ရက်/အချိန် - ၁၄-၈-၂၀၁၇ ရက် ၁၆း၀၀ နာရီ
(ဂ) ကတ္တရာတင်ဒါဈေးနှုန်း အဆိုပြုလွှာ နောက်ဆုံး တင်သွင်းရမည့်ရက် - ၁၆-၈-၂၀၁၇ ရက်
(ဃ) ကတ္တရာတင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်/နေရာ - ၁၆-၈-၂၀၁၇ရက်၊ ၁၀း၀၀နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မကွေးမြို့

၃။ (က) ဘိလပ်မြေ/သံချောင်းတင်ဒါ လျှောက်လွှာ စတင်ထုတ်ပေးမည့်ရက် - ၁-၈-၂၀၁၇ ရက်
(ခ) ဘိလပ်မြေ/သံချောင်းတင်ဒါ အတွက် ကုမ္ပဏီ Profile နောက်ဆုံးလက်ခံမည့်ရက်/အချိန် - ၁၆-၈-၂၀၁၇ရက်၊ ၁၆း၀၀နာရီ
(ဂ) ဘိလပ်မြေ/သံချောင်းတင်ဒါ ဈေးနှုန်းအဆိုပြုလွှာ နောက်ဆုံး တင်သွင်းရမည့်ရက် - ၁၈-၈-၂၀၁၇ ရက်
(ဃ) ဘိလပ်မြေ/သံချောင်းတင်ဒါ စိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ - ၁၈-၈-၂၀၁၇ရက်၊ ၁၀း၀၀နာရီ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မကွေးမြို့

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၆၃-၂၀၂၃၀၁၈၊ ၀၆၃-၂၀၂၅၁၈၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နည်းပညာဌာနကြီး
## ဆက်သွယ်ရေးနည်းပညာဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ နည်းပညာဌာနကြီး၊ ဆက်သွယ်ရေးနည်းပညာဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ရိဒ်-မင်းတပ် 1.5 Gigabit မိုက်ကရိုဝေ့ဖ်ဆက်ကြောင်း (13 Hops)တွင် စက်ပစ္စည်းများ ပို့ဆောင်/တပ်ဆင်ခြင်းလုပ်ငန်းများအားဆက်ကြောင်းဖွင့်လှစ်အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ပေးရန်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့်ဖိုင်ဘာနှင့်မိုက္ကရို Transmission တည်ဆောက်ရေးလုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီများအား အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**စက်ပစ္စည်းများ Site အရောက်ပို့ဆောင်ခြင်းနှင့် တပ်ဆင်ခြင်း**

(၁) စက်ပစ္စည်းများအား ဆိပ်ကမ်းနှင့် လေဆိပ်မှထုတ်ယူ၍ MPT ဂိုဒေါင်အရောက်ပို့ဆောင်ခြင်း
(၂) MPT ဂိုဒေါင်မှ စက်ပစ္စည်းများအား Site အရောက်ပို့ဆောင်ခြင်း
(၃) 4 Legged Self Supporting Tower တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ Earthing ပြုလုပ်ခြင်း (မီတာ၃၀၊ မီတာ၄၀၊ မီတာ၅၀၊ မီတာ၇၀၊ မီတာ၁၀၀)
(၄) Shelter Installation ပြုလုပ်ရန်
(၅) Power & Facility Installation
(၆) 1.5 Gigabit Radio Equipment Installation
(၇) STM-1 (SDH) Installation
(၈) Fiber (24 Cores)O/H (45)Km သွယ်တန်းခြင်း၊ (Concrete Post Design 7M, Span 50m), Footing ပါရမည်။

၂။ တင်ဒါပုံစံများကို ကျပ် ၅၀၀၀၀/- (ကျပ်ငါးသောင်းတိတိ)ဖြင့် ၂၄-၇-၂၀၁၇ရက်မှ ၁-၈-၂၀၁၇ရက်ထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာများကို ၂၁-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နည်းပညာဌာနကြီး၊**
**ဆက်သွယ်ရေးနည်းပညာဌာန**
**အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**တယ်လီဖုန်းအမှတ်-၀၉-၄၅၀၀၀၀၁၈၁၊ ၀၉-၄၅၀၀၀၀၂၇၅**
**E-mail Address: myomyat@mptjo.com.mm**
**E-mail Address: moethandarmyint-2@mptjo.com.mm**

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွင်း အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်။

| Item | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| Lot-1 | ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မရမ်းကုန်းမြို့နယ် | SME Centre ရုံး RC (၃)ထပ်တစ်လုံး(၈၀'×၅၀'× ၃၂') ဆောက်လုပ်ခြင်း |
| Lot-2 | မကွေးတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မကွေးမြို့ | တိုင်းရုံးRCနှစ်ထပ်(၁)လုံး (၆၅'×၃၅'× ၂၂') ဆောက်လုပ်ခြင်း |
| 'Lot-3 | မကွေးတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မကွေးမြို့ | ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ RC နှစ်ထပ်တစ်လုံး (၈၀'×၃၃'× ၂၂') ဆောက်လုပ်ခြင်း |
| 'Lot-4 | စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မုံရွာမြို့ | တိုင်းရုံး RC နှစ်ထပ် (၁၂၆'×၂၆'× ၂၂') ဆောက်လုပ်ခြင်း |
| Lot-5 | ရွှေဘိုခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုမြို့ | ခရိုင်ရုံး RC (၁)ထပ် (၇၆'×၇၆'× ၁၂') ဆောက်လုပ်ခြင်း |

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၇ ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၈-၂၀၁၇ ရက် ၁၆း၀၀နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၄၁၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ လုပ်ငန်းမြန်ဆန်ပြီးမြောက်ရေးအတွက် ငွေကြေးတန်ဖိုးချင်းတူပါက သက်ဆိုင်ရာဒေသခံကုမ္ပဏီများကို ဦးစားပေးယှဉ်ပြိုင်ရွေးချယ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို စက်မှုကြီးကြပ်ရေးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် ၁/၂၀၁၇
**၁၃၇၉ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက် (၂၀၁၇ခုနှစ် ဇူလိုင် ၁၇ရက်)**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ စိုက်ပျိုးရေးသိပ္ပံများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | နည်းပြ(စိုက်ပျိုးရေး)/ နည်းပြ(မွေးမြူရေး) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃၉)နေရာ | B.Agr.Sc/B.V.Sc |
| (ခ) | ဒုတိယနည်းပြ(သိပ္ပံ) (၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) | (၇)နေရာ | B.Sc(Physics)/ B.Sc (Maths)/ B.A (English) (day တက်သူ ဦးစားပေးမည်) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၄-၈-၂၀၁၇ရက်တွင် အသက်(၃၀)၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက် အထားများပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ၁၄-၈-၂၀၁၇ရက် အရောက် ပေးပို့လျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင် လက်မှတ်မူရင်းတင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့်ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)
(င) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ် (၇)နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာ များကို လက်ခံမည်မဟုတ်ပါ။

၆။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲအား စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း) တွင် မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်။

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၂၆-၈-၂၀၁၇ | ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ |
| (ခ) | အထွေထွေဗဟုသုတ | 〃 | ၁၃း၀၀နာရီမှ ၁၅း၀၀နာရီထိ |
| (ဂ) | အင်္ဂလိပ်စာ | ၂၇-၈-၂၀၁၇ | ၁၀း၀၀နာရီမှ ၁၂း၀၀နာရီထိ |

၇။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်အစီအစဉ်ကို ထပ်မံ အကြောင်းကြားမည်ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm နှင့် အပိုဒ်(၈) ပါဖုန်းနံပါတ်ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၄၁၀၃၂၅၊ ၀၆၇-၄၁၀၅၁၇၊ ၀၆၇-၄၁၀၅၇၈ သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ ပြင်ဆင်ကြော်ငြာခြင်း

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီး ဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ၂၉-၆-၂၀၁၇ ရက်နှင့် ၃၀-၆- ၂၀၁၇ ရက်များတွင် နိုင်ငံပိုင်သတင်းစာများ၌ ထည့်သွင်းကြော်ငြာခေါ်ယူခဲ့သည့် လုပ်ငန်းများအနက်မှ အမှတ်စဉ်(က) လုပ်ငန်းတစ်ခုတည်းကိုသာ အိတ်ဖွင့် တင်ဒါ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြင်ဆင်ကြော်ငြာအပ်ပါသည်။

# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆) နေပြည်တော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုမြို့အဝင်လမ်းပေါ်ရှိ တံတားအမှတ်(၂/၁) ပိန္နဲ ပေါက်တံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံး ပစ္စည်းများဝယ်ယူခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင် အရောက် ဝယ်ယူ/သယ်ယူလိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်း နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၇ ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၂-၈-၂၀၁၇ ရက်၊ ၁၆း၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၃-၈-၂၀၁၇ ရက်၊ ၁၀း၀၀ နာရီ
၄။ **တင်ဒါ/တင်သွင်းစိစစ် ရွေးချယ်မည့်နေရာ** - ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက် အလက်များကို တံတားအထူးအဖွဲ့(၆) နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးရုံး တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တံတားအထူးအဖွဲ့(၆)၊ ဖုန်း-၀၆၇-၅၅၀၁၀၃**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ (အထက)၊ ကျောင်းဝင်အမှတ် (၆၉၈၉) တက္ကသိုလ်ဝင်တန်းမှ မမေယုလွင်၏ဖခင်အမည်မှန်မှာ ဦးတင်ဆန်း ၅/ဟမလ(နိုင်)၀၈၅၃၁၂ ဖြစ်ပါကြောင်း။

**ဦးတင်ဆန်း**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(C)မှ မောင်မျိုးမြင့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ၉/မထလ(နိုင်) ၁၂၂၁၁၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ လက်ပန္နယ်ကျေးရွာ၊ လက်ပန္နယ်မူလွန်ကျောင်း ပဉ္စမတန်းမှ မောင်တိုးတက်အောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းလွင် ၈/ပဖန(နိုင်)၁၀၅၆၆၁ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းလွင်**

## အမည်ပြောင်း

ကျွန်တော် ဦးအောင်မြင့် ၁၂/ဒဂန(နိုင်)၀၃၆၅၁၀ ၏သား သဃ်န်းကျွန်းမြို့နယ် အမက(၂၁) အခြေခံပညာ မူလတန်းကျောင်း၊ တတိယတန်း(က)မှ မောင်သန့် ဇော်လင်းအား မောင်ညဏ်ရဲထက် ဟု ပြောင်းလဲခေါ်ပါရန်။

# လစာခေါင်းစဉ်မှ ဝင်ငွေရရှိသူများအတွက်
# လစဉ်ပေးသွင်းရမည့် ဝင်ငွေခွန်နှင့်ပတ်သက်၍
# အသိပေးနှိုးဆော်ချက်

* မိမိတို့ရရှိသည့် လစာဝင်ငွေ တစ်နှစ်စုစုပေါင်းသည် ကျပ်(၄၈)သိန်း ထက်မကျော်လျှင် လစာဝင်ငွေခွန်ပေးဆောင်ရန် မလိုအပ်သော်လည်း၊ ကျပ်(၄၈)သိန်းထက် ပိုမိုပါက လစာထုတ်ပေးရန် တာဝန်ရှိသူက ကျသင့်အခွန်ကိုတွက်ချက်ပြီး၊ ၁၂လအတွက် အတတ်နိုင်ဆုံး အညီအမျှ ဖြတ်တောက်ပေးဆောင်ရမည်ဖြစ်ပါသည်။
* လစာဆိုသည်မှာ အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခ အစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့ပါဝင်သည်။
* လစာခေါင်းစဉ်နှင့် အကျုံးဝင်သော ဝင်ငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန် ဝင်ငွေအပေါ်တွင် ဝင်ငွေအလွှာအလိုက် အခွန်စည်းကြပ်ကောက်ခံမည်ဖြစ်ပါသည်။
  - **အခြေခံသက်သာခွင့်ပြုငွေ ၂၀% (ကျပ်သိန်း ၁၀၀ ထက် မပိုစေရ)**
  - **အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊**
  - **အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊**
  - **သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ (၁၈နှစ်အောက် သို့မဟုတ် အချိန်ပြည့်ပညာသင်ကြားဆဲ)**
  - **အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသော ပရီမီယံ၊**
  - **လူမှုဖူလုံရေးရန်ပုံငွေသို့ အခွန်ထမ်းမှ ထည့်ဝင်ကြေးငွေအားလုံး၊**
* လစာထုတ်ပေးချိန်တွင် ထုတ်ပေးသူက ကျသင့်အခွန်ကို နုတ်ယူပေးရန် တာဝန်ရှိပါသည်။ ငွေလက်ခံရမည့်သူက နုတ်ယူခြင်းမပြုပါရန် ငြင်းဆိုခြင်းကြောင့် နုတ်ယူပေးသွင်းရမည့်တာဝန်ကို လွတ်ကင်းခွင့်မရှိပါ။ ပြဋ္ဌာန်းချက်နှင့်အညီ မပျက်မကွက် နုတ်ယူပေးသွင်းရန် လိုပါသည်။
* လစဉ်ငွေသွင်းချလန်ပုံစံအား သက်ဆိုင်ရာ အခွန်ရုံးများ (သို့မဟုတ်) ဌာန၏ website www.irdmyanmar.gov.mm တွင် ရယူနိုင်ပါသည်။
* လစဉ်ပေးသွင်းရမည့် လစာဝင်ငွေခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့်အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့် ငွေ သို့မဟုတ် လျော့ငွေ၏ ၁၀%နှင့်ညီမျှသော ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။
* အသေးစိတ်ထပ်မံသိရှိလိုပါက သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့် အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့**
**Conference & E-voting ဆိုင်ရာ ပစ္စည်းပေးသွင်းနိုင်ရေး**

## ရှင်းလင်းတင်ပြရန်ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့် အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့မှ လွှတ်တော်အစည်းအဝေးခန်းမများတွင် Conference & E-voting System လဲလှယ်နိုင်ရေး ဝယ်ယူရန်ရှိပါသဖြင့် အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသည့်တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီများမှ လာရောက်ရှင်းလင်းပြသနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ Conference & E-voting System ရှင်းလင်းပြသခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့သို့ ၂၇-၇-၂၀၁၇ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းဖော်ပြအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများ ထိန်းသိမ်းရေးအဖွဲ့**
**ဖုန်း-၀၆၇-၆၉၅၂၅၊ ၀၆၇-၆၉၅၆၇၊ ၀၆၇-၅၉၁၄၄၄**

## ယာဉ်မောင်းအလိုရှိသည်

ရန်ကုန်မြို့တွင်း အိမ်စီးကားအမျိုးမျိုးကို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ အကျင့်စာရိတ္တကောင်းမွန်သူ အသက် (၅၀-၆၀) အတွင်း အမျိုးသားဖြစ်ရမည်။ ဗဟန်းမြို့နယ်နှင့်နီးသူဦးစားပေးမည်။ **ဖုန်း-၀၉-၂၆၁၄၄၆၅၄၄**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**တောင်ငူခရိုင်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၃၁**

မန်နေဂျာ၊ မြဝတီဘဏ်လီမိတက် **နှင့်** ၁။ ဦးတိုးမြင့်အောင်
ပျဉ်းမနားမြို့ ၂။ ဒေါ်စုစုရှိန်
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

တောင်ငူခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ် -၈၆/၂၀၁၄အမှုတွင်အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၇ခုနှစ် ဩဂုတ် ၁၁ရက် နံနက် ၁၀:၀၀နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံကြမ်းခင်းဈေးကျပ်သိန်း (၁၀၀၀)**

**ပစ္စည်းစာရင်း**

တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ ပိတောက်မြိုင်ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် (ပ/၁၁)၊ ဦးပိုင်အမှတ်-၅၁၊ မြေဧရိယာ ၀ဒသမ ၁၅ဧကရှိ ဦးတိုးမြင့်အောင် အမည်ပေါက် လန ၃-ခမြေနှင့် ၄င်းမြေပေါ်ရှိ အဆောက်အအုံများအားလုံးနှင့် အကျိုးခံစားခွင့် အရပ်ရပ်။

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။ **(အေးအေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ငူခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လားရှိုးမြို့နယ် တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃၁**

ဦးငွေမောင် **နှင့်** ဒေါ်တင်တင်မြင့်
**တရားလို** **တရားပြိုင်**

လားရှိုးမြို့၊ နယ်မြေ (၂၁)၊ ရပ်ကွက် (၁၂)အောင်သစ္စာတိုးချဲ့နေ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင်ဖြစ်သော ဒေါ်တင်တင်မြင့် သိစေရမည်။

